



Scanned by CamScanner

# ဆုမြတ်မွန်မွန်

## အနမ်းဆက်တိုင်း

စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၉၀၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၉၉၀၆၁၁

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်

တန်ဖိုး
၇၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ခင်ခင်စိန်(၀၁၈၁၉)ချစ်မင်းလျှံစာပေ
အမှတ်-၄၃(က)၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတာရာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

Scanned by CamScanner



sm

"သေချာကြည့်နေ ဝေးဝေး၊ အဲဒီ ၉ခ/---- ပေါ်က ဆင်းလာမဲ့ တစ်ယောက်ဟာ "ဇ"ပဲ"

ဝေးဝေးသည် ခပ်ဖြည်းဖြည်း မောင်းလာသော ဖြူ်ကားအဝါရောင်ကို မမှိတ်မသုန် ကြည့်လျက်ရှိသည်။ ထိုကားဟာ ကားရပ်ဖို့အတွက် ပါကင်ရှာနေဟန်ဖြင့် နောက်ဆုံး ဟိုးအစွန်ဆုံးဘက်မှာသာ နေရာရသွားသည်။ ပြီးလျှင် ကားတံခါးနှစ်

Scanned by CamScanner

ဖက်စလုံး ဖျတ်ခနဲပွင့်၍ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် ဆင်း၍လာသည်။

မိန်းမတစ်ယောက်ကို သူမ စိတ်မဝင်စားချေ။ "ဇ"ဟူသော ယောကျ်ားတစ်ယောက်ကိုသာ စိတ်ဝင်စားလေသည်။ ယှဉ်တွဲ၍ လျှောက်လာသူ နှစ်ယောက်၏ အနက်မှ"ဇ" ဟူသော ပုံရိပ်တွေကို သူမရဲ့ မြင်လွှာတွေထဲ၌ စွဲမြဲအောင် မှတ်သားထားမိ၏။

"သူ့ဘေးက တစ်ယောက်က သူ့ရဲ့လက်ရှိ Girl friend ပဲ ဝေးဝေး။ ညိုမိသွေးလို့ ခေါ်တယ်၊ သူ့အဖေက ..."

"အရေးမပါတာတွေ မပြောနဲ့ ပဒုမ္မာ။ အဲဒီမိန်းမအကြောင်း ငါ စိတ်မဝင်စားဘူး၊ သူဟာ ငါတို့ပြိုင်ပွဲအတွက် ဘာမှ အရေးပါတဲ့သူ မဟုတ်ဘူး"

ဒီစကားတွေကို ပြောနေသော်ငြားလည်း သူမက ပဒုမ္မာဘက်သို့ တစ်ချက်မျှ လှည့်မကြည့်ချေ။ ဇ ဟူသော လူတစ်ယောက်ရဲ့ သွားပုံ၊ လာပုံ၊ ပြောပုံ၊ ဆိုပုံ၊ လှုပ်ရှားပုံတွေကို မမိုတ်မသုန် အကဲခတ်လျက် ရှိ၏။ တဖြည်းဖြည်းနှင့် ထို

နှစ်ယောက်ဟာ သူမရဲ့မြင်ကွင်းနားသို့ ထင်ထင်ရှားရှား ရောက်လာသည်။ ကားထဲမှာထိုင်လျက် သူတို့နှစ်ဦးကို အကြည့်တစ်ချက် မလွဲသော ဝေးဝေးနှင့် ပဒုမ္မာကို ယောင်လို့တောင် မကြည့်သွား။

ဝေးသည် လုပစ္စာ တစ်ချက်ပြုံးလိုက်သည်။ သူတို့နှစ်ယောက်ကတော့ ဝေးတို့ရှေ့မှ ဖြတ်ကျော်သွားကြပေပြီ။

နှစ်ယောက်သား တိတ်ဆိတ်နေရာမှ ပဒုမ္မာထံမှ အသံစထွက်လာသည်။

"ဘယ်လိုလဲ ဝေးဝေး။ နင့် ဆုံးဖြတ်ချက်ကို ပြန်ပြင်ခွင့်ရှိသေးတယ်နော်"

"သူ့ကိုတွေ့မှ ပိုခိုင်မာသွားတာ"

ပဒုမ္မာ မျက်နှာ၌ မဲ့ပြုံးတစ်ခု ထင်၍ သွားလေသည်။

"အေးလေ။ နင်က ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးတဲ့ မိန်းမပဲ။ ငါ နင့် အရည်အချင်းကို စောင့်ကြည့်နေပါမယ်"

ဝေးသည် ကြည့်ပါ၊ စိတ်ချပါ ဟူသော အရေးမပါသည့် စကားတွေ ဘာမှမပြောဘဲ စတီရာတိုင်ကိုသာ ဆုပ်ကိုင်

Scanned by CamScanner

လျက် တိတ်ဆိတ်ငြိမ်သက်နေမိလေသည်။ ဝေးရဲ့ မြင်လွှာတွေ ထဲတွင် ကပ်ငြိစွဲထင်နေခဲ့ပြီဖြစ်သော (တာဝန်အရ) ဇရဲ့ ရုပ်သွင် ကိုသာ ပုံဖော်ကြည့်နေမိသည်။

ပါးလွှာ၍ နီရဲစိုဖတ်ကာ သွေးရောင်အပြည့်လွှမ်း နေသော လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းတို့သည် ဇရဲ့မျက်နှာမှာ အထူးခြားဆုံး ဖြစ်သည်။ အဆွဲဆောင်နိုင်ဆုံးလည်း ဖြစ်၏။ သူ့ ရဲ့ရုပ်သွင်သည် သူမ သိပ်ကြိုက်သော ဟောလီးဝုဒ်ရုပ်ရှင်မင်းသား ORLANDO BLOOM နှင့် အတော်ဆင်သည်။

အထူးသဖြင့် နှုတ်ခမ်းများ။ နှုတ်ခမ်းတွေက BLOOM ရဲ့ နှုတ်ခမ်းတွေနှင့် တစ်ထေရာတည်း ဖြစ်လေသည်။

"နင် အရမ်းကြိုက်တဲ့ The loard of the Rings ဇာတ်ကား ထဲက နတ်သူငယ် လုပ်တဲ့ မင်းသားနဲ့ မတူဘူးလား ဝေးဝေး"

ပဒုမ္မာက သူမရဲ့အတွေးကို ရိပ်မိစွာဖြင့် ဖျတ်ခနဲ မေးလာသည်။ ဝေးသည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း ခေါင်း တစ်ချက်ညိတ်လိုက်ကာ ...

Scanned by CamScanner

"အရမ်းကူပါတယ်၊ ဒါကြောင့်လည်း ငါ သိပ်စိတ်ဝင်စားသွားခဲ့ရတာပေါ့၊ အဲဒါတွေ ထားပါလေ။ နင်နဲ့ ငါရဲ့ ပြိုင်ပွဲ မနက်ဖြန်က စ,တာပေါ့။ ရှုံးတဲ့လူက ဘာလုပ်ရမယ်ဆိုတာ နင် သိပါတယ်နော်"

"သိပ်သိတာပေါ့"

"ကောင်းပြီ။ ပြိုင်ပွဲရဲ့ စည်းကမ်းချက်တွေရော၊ နင်လိုက်နာနိုင်ပါ့မလား"

သူမရဲ့စကားကြောင့် ပဒုမ္မာရဲ့ မျက်လုံးတွေ စူးခနဲတောက်ပသွားသည်။ မျက်နှာပဟာလည်း တင်းမာသွားသယောင်ရှိခဲ့လေသည်။

"ငါ အားလုံး သဘောပေါက်တယ် ဝေးဝေး။ နင်သာအထိမနာအောင် ကြိုးစားပါ။ နင့်အတွက် ငါ ဆုတောင်းပေးနေပါ့မယ်"

"မလိုပါဘူးလေ။ နင်သာ ငါ့အတွက် စိန်အစစ်ပါတဲ့ OMEGA နာရီတစ်လုံး ကိုယ်တိုင်ကိုယ်ကျ ပတ်ပေးဖို့ပြင်ဆင်ထားပါ"

သူမကို ကြည့်လာသော ပဒုမ္မာရဲ့ မျက်ဝန်းတွေထဲ ဟိုး မသိသာသော နေရာမှာ အမုန်းရိပ်နှင့် သဝန်တိုပူလောင်ရိပ်တွေကို လှမ်း၍ မြင်နေရသည်။ ဒါဟာ ထူးဆန်းတဲ့ကိစ္စ တစ်ခုတော့ မဟုတ်ချေ။ ဒီအဖြစ်အပျက်ဟာ သူမတို့ ကလေးဘဝထဲက စတင်၍ လာခဲ့သော ကိစ္စတစ်ခုဖြစ်သည်။

ကလေးဘဝထဲက မသိမသာရော၊ သိသိသာသာရော ယှဉ်ပြိုင်လာခဲ့သမျှ ကိစ္စတွေထဲတွင် သူမသာ ကိုယ်မသာ ရှိခဲ့သော်လည်း အရွယ်ရောက်လာချိန် နှလုံးသားကိစ္စမှာတော့ သူမဟာ ပဒုမ္မာကို အပြတ်အသတ် နိုင်ခဲ့ဖူးသည်။

ဒီတစ်ခါလည်း သူမပဲ နိုင်လိမ့်မည်ဟု အသေအချာ ယုံကြည်နေခဲ့မိပါသည်။

❦ ❊ ❦

sm

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သာကေတ
[illegible]

Scanned by CamScanner



ဝေးနှင့် ပဒုမ္မာသည် တစ်ဦးနှင့်တစ်ဦး လူချင်းမသိ ကျွမ်းကြသေးခင် နှစ်ဦးစလုံး လူ့လောကထဲသို့ ရောက်မလာခဲ့သေးခင်ကပင် မိဘချင်းက ရင်းနှီးလျက် ခြံချင်းကပ်ရပ် နေကြသူများ ဖြစ်သည်။ အဲဒီတော့ မွေးဖွားလာပြီး လူမှန်းသိတတ်စအရွယ်ကပင် ရင်းနှီးမှု ရှိခဲ့ကြသူများ ဖြစ်လေသည်။

မှတ်မှတ်ရရ ဝေးတို့ နှစ်ယောက်ကြားတည်းက ဖြိုင်ဆိုင်မှုသည် လေးနှစ်သမီး အရွယ်လောက်တည်းက စတင်ခဲ့

Scanned by CamScanner

သည်ဟု ထင်သည်။ ဝေး ဝတ်ထားသော ဂါဝန်လေးကို ပဒုမ္မာ
က စူးစူးရဲရဲ ကြည့်လျက် ...

"နင့်ဂါဝန်က ဘယ်က ဝယ်လာတာလဲ"

"ဒါ ငါ့အဖေ နိုင်ငံခြားက ဝယ်လာတာဟ။ ဒီမှာ မရှိဘူး
တဲ့"

"ဘယ်သူ ပြောတာလဲ။ ငါ့ အဖေကိုလည်း ဝယ်ခိုင်းဦး
မယ်"

"ဟဲ့ ... ဒီမှာ မရှိပါဘူး ဆိုနေမှ။ နင်က ဘယ်လိုဝယ်
ခိုင်းမှာလဲ ... ဟား ဟား"

ဝေးက ပဒုမ္မာကို လက်ညှိုးထိုးလျက် ရယ်မောလှောင်
ပြောင်ခဲ့လေသည်။ သိပ်မကြာချေ။ နောက်တစ်ပတ်လောက်ရှိလျှင်
ဝေးထံသို့ ပဒုမ္မာကား အထူးလှပသော ဂါဝန်အဖြူလေးကို ဝတ်
လျက် ကြွကြွရွရွလေး ရောက်ရှိလာပြီးလျှင် ...

"ဒီမှာကြည့်စမ်း ဝေးဝေး။ ငါ့အဖေ နိုင်ငံခြားကို မှာပေးတဲ့
ဂါဝန်လေးလေ၊ မလှဘူးလား။ နင့်ဂါဝန်ထက် လှတယ်
နော်၊ ဟုတ်တယ် မဟုတ်လား"

Scanned by CamScanner

ဝေးက ပဒုမ္မာရဲ့ဂါဝန်လေးကို စိုက်ကြည့်မိသည်။ အဟုတ်ကိုပင် သူ့ဂါဝန်လေးက ဝေးရဲ့ဂါဝန်ထက်ပင် ပို၍လှပသည်။ နှစ္စကော့ပြန့်နေလျက် ပွဲသွားပွဲလာ ဝတ်ဆင်ရသည့် ဂါဝန်မျိုး ဖြစ်၏။

သူ့ဂါဝန်ကို ဝေးက ငေးမောနေတုန်းမှာပင် ပဒုမ္မာက နောက်ထပ် ပစ္စည်းတစ်မျိုးကို ထုတ်ပြလာသည်။ သူ့မခြေထောက်မှာ စီးထားသော ဖိနပ်လေးပင်။

"ဒီဖိနပ်လေးက ညကျရင် မီးလင်းတယ်ဟဲ့။ အမှောင်ထဲရောက်ရင် မီးအနီလေးလင်းပြီး အရမ်းလှတာဟ။ သေချာကြည့်နော်။ နင် မမြင်ဖူးသေးဘူး မဟုတ်လား"

ပဒုမ္မာကား အစွမ်းကုန် မော်ချီနေသော မျက်နှာထားဖြင့် ဝေးကို တစ်ခုပြီးတစ်ခု ကြွားလေသည်။ ဝေးကတော့ ခေါင်းထဲ၌ မှတ်မှတ်ထင်ထင် သိပ်မရှိခဲ့ချေ။ ဝေးရဲ့ဖေဖေနှင့် ပဒုမ္မာရဲ့ဖေဖေတို့က ကုမ္ပဏီလုပ်ငန်း လုပ်ကိုင်နေကြသူတွေမို့ ဘယ်သူ့ထက် ဘယ်သူ၏ ပို၍ကြွယ်ဝသည်၊ သုံးနိုင် ဖြုန်းနိုင်သည် ဟူ၍ မရှိချေ။

အခြေအနေလေးတစ်ခု သာသွားခြင်းအံပေါ် ဝေးက ဘယ့်နှယ်မှ မနေပေ။ သို့သော် ကလေးပီပီ မခံချင်စိတ်ကလည်း ရှိလေရာ ဝေးသည် ပဒုမ္မာလောက်တော့ အကဲမဆတ်သော်လည်း ပဒုမ္မာထက်တော့ သာချင်လာခဲ့လေသည်။

ဒီလိုနှင့် အသက်တွေ တစ်နှစ်ပြီးတစ်နှစ် ကြီးပြင်းလာသလို ဝေးတို့နှစ်ယောက်ရဲ့ ပြိုင်ဆိုင်မှုတွေလည်း ပို၍ ပို၍ စိပ်လာခဲ့သည်။

ကျောင်းသုံးပစ္စည်းမှ အစပြုကာ ဆံပင့်တွယ်သော ကလစ်လေးတွေ၊ ခေါင်းစည်းလေးတွေ၊ အကျႌအဝတ်အစား၊ အသုံးအဆောင် စသဖြင့် အသေးအမွှားမှစကာ ကြီးကြီးမားမား ထိ ဘယ်သူက ပို၍သုံးစွဲနိုင်သည် ဆိုတာ ယှဉ်ကြသည်။

နှစ်ဦးစလုံးဟာ တစ်ဦးတည်းသော သမီးတွေပီပီ မိဘတွေကလည်း အစွမ်းကုန် အလိုလိုက်လျက် ဖြည့်ဆည်းပေးနိုင်လေရာ ဘယ်သူ့ ဘယ်သူကမှ ပိုတယ်သာတယ်ဟူ၍ မရှိချေ။

ဒီတော့ ပင်ကိုအရည်အချင်းကသာ ယှဉ်ပြိုင်စရာလို ဖြစ်လာခဲ့ပြန်သည်။ မှတ်မှတ်ရရ ဝေးတို့ ခုနစ်တန်းနှစ်မှာဖြစ်၏။ ပဒုမ္မာသည် ဝေးတို့အိမ်ဘက် ကူးလာ၍ ...

"ဝေးဝေး ဒီနှစ် အတန်းတင် စာမေးပွဲကြီးမှာ နှင်းနဲ့ ငါ ဘယ်သူ ပထမရမလဲ"

"ဒါကတော့ ပိုတော်တဲ့သူက ရမှာပေါ့"

"ဒါဆို နှင်းနဲ့ ငါနဲ့ ပြိုင်မလား"

ဝေးဝေးသည် ပဒုမ္မာ စိန်ခေါ်လာလေတိုင်း ဘယ်တုန်းကမှ မငြင်းခဲ့သူပီပီ ...

"ပြိုင်ကြတာပေါ့လေ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်"

ပဒုမ္မာက မျက်မှောင်ကြုတ် ကြည့်လာလျက် ... "ဘာတစ်ခုလဲ"ဟု ပြန်မေးလေသည်။ ပဒုမ္မာသည် ဝေးကို ဘယ်တုန်းကမှ အပြတ်အသတ် မနိုင်ဘူးသေးလေရာ ထိုအဖြစ်ဟာ သူ့အတွက်တော့ အတော်မခံချင်နေစရာ ကောင်းပုံပေါ်နေသည်။

မွေးရက်ချင်း သိပ်မကွာလှဘဲ အတူတူ ကြီးပြင်းလာသူများ ဖြစ်သော်လည်း ပဒုမ္မာနှင့် ဝေးဟာ ဘာကြောင့်များ ချစ်ခင်ရင်းနှီးသည့် သူငယ်ချင်းမျိုး ဖြစ်မလာတာလဲ ဟု ဝေး မကြာခဏ တွေးမိခဲ့ဖူးသည်။

သို့သော် သတ္တမတန်း ဉာဏ်ရည်ပိုင်ရှင် ဝေးရဲ့ ဦးနှောက်ဟာ အဲဒီအတွက် အဖြေမထုတ်နိုင်ခဲ့ပါ။

"ငါတို့ ပြိုင်ပွဲမှာ ပထမရတဲ့သူက အနိုင်မဟုတ်လား။ ဒုတိယပဲဖြစ်ဖြစ်၊ တတိယပဲဖြစ်ဖြစ် ပထမမှမရရင် အရှုံးပဲ။ ဒါကို နင် လက်ခံလား"

"အေး ... လက်ခံတယ်။ အဲဒီတော့ ဘာဖြစ်လဲ"

"ဘာဖြစ်လဲ ဆိုတော့ ရှုံးတဲ့လူက နိုင်တဲ့လူ လိုချင်တာကို ပေးကြေးပေါ့။ ဒါမှ ပြိုင်ပွဲဟာ ပိုအသက်ဝင်ပြီး ပြိုင်ပွဲပီသမှာပေါ့။ အနိုင်ရတဲ့လူဟာ ပထမကို ခံစားခွင့်ရှိသလို ကိုယ်ကြိုက်တာကိုလည်း ခံစားခွင့် ရှိတယ်။ ဘယ်လိုလဲ"

ဝေးသည် ပဒုမ္မာ့ထက်စာလျှင် စာတွေဖတ်ထားသူ ပိပိ အတွေးအခေါ် ပိုရင့်ကျက်သူဖြစ်၏။ ဝေးရဲ့စကားကို ပဒုမ္မာက တစ်ခဏမျှ စဉ်းစားပြီးလျှင် ...

"နင်ပြောတဲ့ သဘောက အလောင်းအစား သဘောမျိုးလား ဝေးဝေး"

"အို ... နင် ကြိုက်သလို ယူဆခွင့်ရှိတယ် ပဒုမ္မာ။ အလောင်းအစားပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ငါတို့နှစ်ယောက်အတွက် အရှုံးနဲ့ အနိုင်ပဲ ရှိတယ်။ ကိုယ်နိုင်ရင် သူရှုံးမှာပဲ"

"ပြီးရောလေ၊ ဒါဆို လောင်းကြေးက ဘာလဲ"

"ဒါက နင် ဆုံးဖြတ်ပါ။ ဒီအစီအစဉ်ကို ယူလာတာ နင်ပဲလေ"

ပဒုမ္မာသည် တစ်ခဏ စဉ်းစားဟန်ဖြင့် ...

"ဟုတ်ပြီ၊ အနိုင်ရတဲ့လူက ကိုယ့်ဆွဲကြိုး ကိုယ်ချွတ်ပေးကြေး၊ မကောင်းဘူးလား"

"ကောင်းပါတယ်၊ အိုကေလေ"

ဝေးဝေးက လွယ်လွယ်ကူကူပင် သဘောတူလိုက်လေသည်။

ပဒုမ္မာကတော့ ဝေးဝေးနှင့် စတင်ယှဉ်ပြိုင်ပြီဟူသောအသိဖြင့် အချိန်ရှိတိုင်း စာအုပ်နှင့်မျက်နှာ မခွာတော့ချေ။

အချိန်ရှိတိုင်း သူ့ကိုကြည့်လိုက်လျှင် စာကျက်နေတာ၊ ပါးစပ်ကပွစိပွစိ ရွတ်ဖတ်နေတတ်တာကိုသာ တွေ့ရတတ်သည်။

ပြသည်။

"သမီးရေ… မေမေလေ မစောယုအေးတို့အိမ် ခဏရောက် သွားတာ ပဒုမ္မာလေး စာတွေ အရမ်းကို ကျက်နေတာ သမီးရဲ့"

ဝေးသည် မိုးသောက်ပန်းပင် အဖတ်မပျက်ဘဲ ရယ် ဟဟဖြင့် …

"သူနဲ့ သမီးနဲ့ စိန်ခေါ်ထားတာကိုး မေမေရဲ့"

"ဟဲ့… ဘာတွေ စိန်ခေါ်ထားတာလဲ၊ သမီးတို့နှစ်ယောက် နော်။ အချင်းချင်း အဲလို ပြိုင်တာဆိုင်တာမျိုးတွေ မေမေ မကြိုက်ပါဘူး"

"ဝေးက မပြိုင်ပါဘူး မေမေရဲ့။ သူက လာ,လာပြိုင်နေတဲ့ ဥစ္စာ။ အခုဟာကလည်း အတန်းတင်စာမေးပွဲကြီးမှာဘယ် သူ ပထမရမလဲ ပြိုင်ထားကြတာပါ"

"ပညာကို ယှဉ်ပြိုင်ကြတာတော့ ကောင်းပါတယ်။ ဒါနဲ့ သူက စာကျက်လို့၊ သမီးက ရွှေသွေးတွေ မိုးသောက်ပန်း တွေ အဖတ်မပျက်ပါလား သမီးရဲ့ … ဟင်"

"စာတွေက ရနေပြီးသားပဲ မေမေရဲ့။ ဝေးက ပုံမှန်စာလုပ်တဲ့ဟာပဲ။ ဝေးက တခြားဗဟုသုတတွေလည်း ရှာရဦးမယ်လေ၊ အလကား သူ့ကိုတော့ အားမကျပေါင်။ ဦးနှောက်ပူတယ်"

"အေးပါ ... မေမေ့သမီးကို မေမေ ယုံပြီးသားပါ"

ဝေးက သွေးအေးပြီး ပုံမှန် ကြိုးစားသလောက်ပဒ္မမှာကတော့ ဖွဲနဘဲကြီးစွာကို ကြိုးစားလေသည်။ ဒီလိုနှင့်စာမေးပွဲဖြေသော ရက်တွေသို့ ရောက်လာခဲ့သည်။ ဝေးသည်မေးသမျှ မေးခွန်းတွေ အားလုံးကို ဖြေနိုင်သည်။ အထူးသဖြင့်ဉာဏ်စမ်းမေးခွန်းတွေကို သူများတွေ မဖြေနိုင်သော်လည်း ဝေးက ဖြေနိုင်လေသည်။

ဒါဟာ ပြင်ပမှာ ဗဟုသုတ ရှာဖွေထားခြင်းကြောင့်ဟု ဝေးကတော့ ယုံကြည်သည်။ ဒီလိုနှင့် ကျောင်းတွေပြန်ဖွင့်၍အမှတ်စာရင်းတွေ ကြေညာကာ ဆုရတဲ့သူတွေကို ထုတ်ဖော်ပြောကြားလျှင် ဝေးသည် ပထမ၊ ပဒ္မမှာဟာ တတိယသာ ရလေသည်။ ပဒ္မမှာနှင့် ဝေးသည် ခုနစ်မှတ်တိတိ ကွာလေသည်။

ဝေး ပြန်ကြား သိရသလောက်တော့ ပဒုမ္မာဟာ သူ့အိမ်မှာ အော်ဟစ်ငိုယိုလျက် ပေါက်ကွဲခဲ့သည်ဟု ဆိုသည်။ နောက်တစ်နေ့သို့ ရောက်လျှင် ဝေးထံသို့ ရောက်လာလျက် ...

"ရော့ ... ဝေးဝေး။ နင် နိုင်တဲ့အတွက်"

ဝေးသည် ဟန်လုပ်၍ ငြင်းမနေဘဲ ပဒုမ္မာ ကမ်းပေးသော ဆွဲကြိုးလေးကို လှမ်းယူကာ ဘောင်းဘီအိတ်ကပ်ထဲသို့ အသာထည့်ထားလိုက်လေသည်။ ဝေးရဲ့ အေးအေးဆေးဆေး အမူအရာကို ပဒုမ္မာက သေချာစွာ အကဲခတ်လျက် ...

"ဝေးဝေး ... နင်က ငါ့လောက်လည်း စာမကျက်ဘဲနဲ့ ဘယ်လိုလုပ်ပြီး နင် ပထမရတာလဲ"

"စာမကျက်ဘဲနဲ့တော့ ပထမ ရမလား။ ငါကျက်လို့ပေါ့"

"ထားပါတော့။ ဒီတစ်ခါ အနိုင်ရတာနဲ့တော့ နင် သိပ်ပျော်မနေနဲ့ ဝေးဝေး။ နောက်ထပ် ငါ့အလှည့်တွေ ကျန်သေးတယ်"

ဝေးသည် မရယ်မိအောင် အတန်တန် ထိန်းထားလျက် ...

"အေးပါ ... နှင် စိန်ခေါ်ရင် ငါ့ဘက်က ဘယ်တော့မှ ငြင်းရိုးထုံးစံ မရှိပါဘူး။ နှင်ကစပြီး စိန်ခေါ်တယ် ဆိုမှ တော့လေ ... အဟင်း ဟင်း"

ဝေးရဲ့ ခနိုးခနဲ့ ရယ်မောသံကို ပဒုမ္မာက အခဲမကျေသလိုဖြင့် လက်သီးတင်းတင်း ဆုပ်ထားခဲ့လေသည်။ ဝေးရဲ့စိတ်ထင် ပဒုမ္မာရဲ့ မနာလိုစိတ်တွေသည် အဲဒီအချိန်ထဲက စတင်၍ ပြင်းထန်ခဲ့သည်ဟု ဝေး ထင်သည်။ သို့သော် ဝေးသည်လည်း ဘာမှ မတတ်နိုင်ချေ။

ဝေးသည် သွေးအေးသလောက် ခေါင်းမာသော မိန်းကလေးလည်း ဖြစ်ပြန်လေရာ ပဒုမ္မာကို ဘယ်တုန်းကမှ အလျှော့ပေးရိုးထုံးစံ မရှိခဲ့ခြင်းကလည်း ဝေးတို့နှစ်ယောက်၏ ယှဉ်ပြိုင်မှုတွေကို ပိုမို အသက်ဝင်စေခဲ့တာ ဖြစ်လေသည်။

❦ ❋ ❦

sm

Scanned by CamScanner

sm



အဲဒီလိုနှင့် နှစ်ဦးတည်းသာ သက်ဝင်လှုပ်ရှားခဲ့သော ဝေးတို့ ဘဝထဲသို့ နောက်ထပ် အသစ်ထုပ်မံ ဝင်ရောက်လျက် လှုပ်ရှားစေခဲ့သူက စင်ရော်ပဲ ဖြစ်လေသည်။ စင်ရော်သည် ကိုးတန်းနှစ်မှာမှ ဝေးတို့ ရပ်ကွက်ထဲသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်၏။ စင်ရော်တို့ မိသားစုသည် မြန်မာပြည်မှာ လက်ချိုးရေတွက်၍ရသော အင်မတန် ချမ်းသာသည့် အသိုက်အဝန်းမှဖြစ်ပြီး ဩဇာတိက္ကမလည်း အတော်ကြီးသော မိသားစုဖြစ်၏။

Scanned by CamScanner

ဝေးတို့ရဲ့ မျက်နှာချင်းဆိုင်မှ ခြံနှစ်ခြံကို ဝယ်ယူလျက် နန်းတော်တမျှ ဟီးထနေသော အိမ်ကြီးကို ဆောက်လုပ်လိုက်သည်မှာ သားနာပါသည်ဆိုသော ဝေးတို့ရဲ့အိမ်တွေပင်လျှင် မှေးမှိန်၍ သွားသည်။

ဝင်ပေါက်နှစ်ခု ထားရှိလျက် ကားလမ်း တစ်ဖက်တစ်ချက်မှာ မက္ကဆီကန်ထန်းပင်တွေကို စီတန်းစိုက် ထားလေသည်။

ရေကူးကန်၊ တင်းနစ်ကွတ်၊ ဘတ်စ်ကက်ဘော ကွင်းငယ် တစ်ခုတို့ ပါဝင်သော ထိုခြံကြီးကို ဝေးက အမြဲတမ်း လေသာဆောင်ကနေ ငေးမောရသည်။

အဲဒီလိုပင် ထိုမိသားစုရဲ့ နှလုံးသည်းပွတ်လေးဖြစ်သော စင်ရော့်ကိုလည်း ကျောင်းမှာ မိန်းကလေးတိုင်းက ငေးမောရလေသည်။

အထူးအထက်တန်းကျသော ရုပ်ရည်၊ အပြောအဆိုနှင့် အင်မတန် ကြွယ်ဝလှသော စည်းစိမ်ဥစ္စာ သတင်းတွေကြောင့် စင်ရော့်သည် ကျောင်းမှာတော့ Prince ပဲ ဖြစ်၏။

Scanned by CamScanner

စာလည်း အင်မတန်ထူးချွန်သော စင်ရော်ကိုဆိုလျှင် ကျောင်းမှာ ခင်မင်ချင်သော ကောင်မလေးတွေ ဝိုင်းဝိုင်းလည်လျက်ရှိသည်။ သို့သော်စင်ရော်ဟာ အင်မတန် နေတတ် ထိုင်တတ်လျက် ဘယ်သူ့ကိုမှ သာမန်ထက်ပို၍ အရောမဝင်။ မခင်မင်ပေ။

သူ ခင်မင်တာသည် ဝေးနှင့် ပဒုမ္မာတို့သာလျှင် ဖြစ်၏။ ကိုးတန်း ဆယ်တန်း အရွယ်သည် အပျိုဖော်ဝင်စ မိန်းကလေးတို့၏ စိတ်လှုပ်ရှား၊ စိတ်ကစားတတ်သော အရွယ်ဖြစ်၍ မိန်းကလေးတို့၏ အသည်းကျော် စင်ရော်နှင့် ခင်မင်ခွင့်ရခြင်းအပေါ် ငယ်ရွယ်သူတွေပီပီ ဝေးတို့ကလည်း ကျေနပ်လေသည်။

အထူးသဖြင့် ပဒုမ္မာသည် စင်ရော်ကိုဆိုလျှင် အထူးအရေးပေးလျက် ပျာပျာသလဲပင် ဆက်ဆံ၏။ ကိုးတန်းကျောင်းသူအရွယ်ဟာ အခုမှ ဖူးပွင့်ခါစ ပန်းပွင့်အရွယ်လေးတွေဖြစ်၍ အလှအပကိုလည်း စတင်ခုံမင်စအရွယ် ဖြစ်၏။

ဝေးနှင့် ပဒုမ္မာတို့သည်လည်း အပျိုအရွယ်လေးတွေ ရောက်လာပြီး ဖြစ်သဖြင့် အလှအပတွေ စတင်စုဝေးသောအချိန် ဖြစ်၍လာလေသည်။

ပဒုမ္မာသည် ကျောင်းစာတွေလိုပင် အလှအပကို လည်း စိတ်ဝင်တစားဖြင့် လေ့လာလျက် ပြင်တတ် ဆင်တတ်စ ပြုလာသည်။ ဝေးက ဒါကို သတိပြုမိသော်လည်း ကိုယ့်ကိုယ်ကိုယ် ပုံမှန်သာ နေလေသည်။ ဒီအချိန်မှာ အလှပြင်ချင်စိတ် မရှိသေး ချေ။

ပဒုမ္မာက စင်ရော်ကို အင်မတန် အရေးတယူ ရှိလှ သော်လည်း စင်ရော်ကမူ နှစ်ယောက်စလုံးကို တန်းတူသာ ခင် မင်သည်။ ဘယ်သူ့ကို ပို၍သာတယ် ဆိုတာ မရှိချေ။

"နင်တို့နှစ်ယောက်စလုံး မနက်ဖြန်ကျရင် အိမ်မှာ ရှမ်း ခေါက်ဆွဲ လာစားလှည့်။ မာမီက နင်တို့ နှစ်ယောက်စလုံး ကို ဖိတ်ခိုင်းလိုက်တယ်"

စင်ရော်က ဤသို့ဖိတ်လျှင် ဝေးက ပုံမှန်အတိုင်းသာ ရှိသော်လည်း ပဒုမ္မာကတော့ ပါးစပ်ကို နားရွက်တက်ချိတ်မတတ် ဝမ်းသာလုံး ဆို့လေ့ရှိ၏။ တခြားသူငယ်ချင်းတွေကိုလည်း သူ့ တစ်ယောက်တည်း ဖိတ်ထားသယောင်ဖြင့် ကြွားရတာ အမော ပင်။

Scanned by CamScanner

နောက်တစ်နေ့မနက် စင်ရော်တို့အိမ်သို့ လာလျှင်လည်း ရှိုးရှိုးမလာဘဲ သစ္စာပန်းစည်းကြီးကို ပွေ့ပိုက်လာလျက် စင်ရော့် မာမီကို မျက်နှာလုပ်ကာ ဖားသေး၏။

"ဒါ အန်တီ ဘုရားတင်ဖို့ သမီးမုန့်ဖိုးနဲ့ ဝယ်လာခဲ့တာပါ အန်တီ"

"အိုး ... ကျေးဇူးပါပဲ ပဒ္မာရေ။ အန်ထီ ဘုရားတင်လိုက်ပါ့မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အန်တီ"

ပဒ္မာရဲ့ပုံစံကို စင်ရော်က မျက်စပစ်ပြသဖြင့် ဝေးမှာ ပြုံးရသေး၏။ ဝေးကို လှမ်းကြည့်သော ပဒ္မာရဲ့ အကြည့်တွေထဲ၌ ဘယ့်နှယ်ရှိစ ဟူသော အမေးတွေဖြင့် မော်ချီကာနေ၏။

"ကဲ ... ဟင်းရည် ရပြီဆိုတော့ စားကြရအောင်။ သားရေ မင်းသူငယ်ချင်းတွေကို ထမင်းစားခန်းထဲ ခေါ်သွားကွယ် ...

ဝေးနဲ့ ပဒ္မာရေ ... ဘာမှ အားနာစရာ မလိုဘူးနော် ... သမီးတို့။ စိတ်တိုင်းကျသာ စားကြ။ အပြန်ကျရင် မပုနဲ့ မိစံက စတီးလ်ချိုင့် တစ်ချိုင့်စီနဲ့ သူတို့အိမ်တွေကို လိုက်ပို့လိုက်နော် ...

သမီးတို့ ဖေဖေနဲ့ မေမေ အတွက်လို့၊ ဟုတ်ပြီလား"

စင်ရော်ရဲ့ မာမီသည် အပြောလည်း ချိုလှသည့် အပြင် အင်မတန်လည်း ရက်ရောတတ်သူ ဖြစ်လေရာ အားလုံးက ခင်မင်လေးစားကြသော အမျိုးသမီးကြီးဖြစ်၏။ အခုလည်း ဝေး တို့ကို စီစဉ်စရာရှိတာ စီစဉ်ပေးပြီးလျှင် လွတ်လွတ်လပ်လပ်နေ နိုင်ရန်အတွက် အပေါ်သို့ တက်သွားသည်။

"ကဲ ... ဝေးဝေးနဲ့ ပဒုမ္မာ။ နင်တို့ အဝသာစားနော်။ ဘာ မှ အားနာစရာ မလိုဘူး သိလား"

"အားမနာပါဘူး စင်ရော်ရဲ့။ အားနာရမဲ့ သူတွေမှ မဟုတ် တာ"

ဒီစကားကို ပဒုမ္မာက သွက်သွက်ကြီး ဝင်ပြောတာ ဖြစ်သည်။ ဝေးကမူ ဘာမှမပြောချေ။ စင်ရော်က ဝေးကို ငဲ့ကြည့် လျက် ...

"ဩော် ... ဝေးဝေး၊ နင်ဖတ်ချင်တဲ့ စာအုပ်တွေ ပြီးရင် စာကြည့်ခန်းထဲမှာ ရွေးသွားဦးနော်။ မာမီကလည်း သူ့ ယုဝတီတွေ ယူဖတ်တဲ့။ ရတယ်တဲ့။ နင့်အိမ်မှာပဲဖတ်ဖတ်၊ ဒီမှာပဲဖတ်ဖတ်၊ ရတယ် ... သိလား"

စင်ရော်ကလည်း ဝေးလိုပင် စာဖတ်ဝါသနာပါသူ ဖြစ်လေရာ ဝေးတို့နှစ်ယောက်ဟာ အကြိုက်ချင်း တူညီကြသည်။ သူ့စာအုပ်၊ ကိုယ့်စာအုပ် လဲလှယ်ဖတ်ကြလေရာ ထိုအကြောင်းကို ပဒုမ္မာပင် မသိသေးချေ။

စင်ရော်ရဲ့ စကားကို ကြားလျှင် ပဒုမ္မာသည် စားလက်စ သီးမတတ်ပင် ...

"ဘာစာအုပ်တွေလဲ စင်ရော်။ ငါ့ကိုလည်း ငှားဦးလေ"

"ဟင် ... နင်ပဲ စာအုပ်ဖတ်တာ ဝါသနာမပါဘူးဆို"

စင်ရော့်စကားကြောင့် ပဒုမ္မာက ကွက်ခနဲ မျက်နှာပျက်သွားလေသည်။ သို့သော် အမူအရာကောင်းသူပီပီ ချက်ချင်းပင် ရှက်သွမ်းသွေးလျက် ...

"ဩော် ... အရင်တုန်းကတော့ ဘယ်ပါမလဲဟဲ့။ အသက်ကြီးလာပြီဆိုတော့ ဝါသနာ ပါလာရပြီပေါ့။ စာအုပ်ဖတ်မှ အသိဉာဏ် ဗဟုသုတ ရှိမှာလေ။ ဘာလဲ ... နင်က ငါ့ကို မငှားချင်ဘူးလား"

"အဲဒီလို မဟုတ်ပါဘူး။ နင် ဖတ်ချင်ရင် ငှားပါတယ်"

Scanned by CamScanner

ပဒုမ္မာသည် စာအုပ်တွေကို တစ်စက်လေးမှ စိတ်မဝင်စားပါဘဲနှင့် စင်ရော်ထံမှ စာကြီးပေကြီးတွေကို ရွေးရှဉ်နှားလေသည်။

စာအုပ်ကိုယ်စီ ပိုက်ထားကြသော ဝေးနှင့် ပဒုမ္မာကို စင်ရော်မာမိက သဘောတကျဖြင့် ...

"သမီးတို့က စာဖတ်တာ ဝါသနာပါကြလား၊ ကောင်းတယ်၊ ကောင်းတယ်၊ နောက်လည်း ကြိုက်တဲ့စာအုပ်တွေ လာယူဖတ်ကြ"

"ဟုတ်ကဲ့ အန်တီ။ သမီးက စာဖတ်ရတာကို အရမ်းကြိုက်တာ။ စိတ်လည်းတည်ငြိမ်တယ်လေ"

ဝေးကတော့ ရွှန်းရွှန်းဝေအောင် ပြောနေသည့် ပဒုမ္မာ့အစား ရယ်ချင်နေဟန်သာ ရှိလေသည်။ ပဒုမ္မာလို စင်ရော်ကို တစ်မျိုး၊ စင်ရော့်အမေကို တစ်မျိုး၊ အမျိုးမျိုး မရိုးအောင် မဖားတတ်ဘဲ ကိုယ်နေတတ်သည့် အတိုင်းသာ နေ၏။

စင်ရော်ကတော့ ဝေးနှင့် ပဒုမ္မာကို ဘယ်သူ့ ဘယ်သူ့အား ပိုခင်သည်ဟူ၍ မရှိချေ။ ဘာပဲပေးပေး တန်းတူသာ ပေးတတ်၏။

တစ်ခါကလည်း စပို့ရှပ်သုံးထည် ယူလာပြီးလျှင်...

"ရော့ ... ဝေးဝေး၊ နင်က အပြာရောင်၊ ပဒုမ္မာက ပန်း ရောင်၊ ငါက အဖြူရောင်ယူမယ်"

ဟု ပေးလျှင် ပဒုမ္မာသည် စင်ရော့်ရှေ့တော့ ဘာမှမ ပြောဘဲ စင်ရော့် ထွက်သွားပြီးလျှင်မှ ...

"ဝေးဝေး ... စင်ရော်က လက်ဆောင်ပေးတာ အထာနဲ့ ပေးတာဟဲ့။ သိလား"

"ဘာအထာလဲ။ ကလေးအထာလား"

"အာ ... မဟုတ်ပါဘူး။ နင် မသိဘူးလား။ ပန်းရောင် ဆိုတာ အချစ်ရဲ့ သင်္ကေတတဲ့။ သူ ငါ့ကို သူငယ်ချင်း ထက် မကဘူးဆိုတဲ့ သဘောနဲ့ ပေးတာ။ အပြာရောင် ကတော့ ငြိမ်းချမ်းခြင်းပေါ့ဟယ်။ သူငယ်ချင်းလိုပဲပေါ့"

ဝေးသည် စင်ရော်က ဘာသဘောနဲ့မှ ပေးတာ မဟုတ်ဘူး ဆိုတာကို သိသော်လည်း ပဒုမ္မာကို ကလိချင်သဖြင့် ...

"အေး ... ဟုတ်မယ်နော်၊ ဖြစ်နိုင်တယ်"

ဟု မြှောက်ပေးလိုက်လျှင် ပဒုမ္မာကား သဘောတွေ ကျတော်ကျနေတော့၏။ စင်ရော်ကို အာရုံစိုက်နေရသဖြင့် ပဒုမ္မာ မှာ ဝေးနှင့် ယှဉ်ပြိုင်ဖို့တောင် သိပ်စိတ်မဝင်စားတော့ချေ။

ဒီလိုနှင့် ဆယ်တန်းနှစ် ရောက်လာလျှင် စင်ရော် တို့အိမ်မှာပဲ သုံးယောက်သား စာစု၍ သင်ကြသည်။ ဆယ်တန်း မှာတော့ သုံးယောက်စလုံးဟာ လူပျို၊ အပျိုအရွယ် ဖားဖားကြီး တွေ ဖြစ်နေပြီမို့ အားလုံးက စိတ်ဝင်စားကြသော သုံးယောက် ဖြစ်နေချေပြီ။

ဝေးသည် ပဒုမ္မာလောက် အလှမပြင်သော်ငြားလည်း ပြင်လိုက်ရလျှင် အရည်တစ်စက် ခုန်ထွက်လာမည်ဟု ထင်ရသော အသားအရေကို ပိုင်ဆိုင်ထားသူဖြစ်၏။ လည်ကုပ်ပေါ် ဝဲနေသော ဆံပ်ဆံပင်ညိုညိုလေးတွေနှင့် ခပ်တည်တည်၊ ခပ်အေးအေးနေတတ် သူအဖြစ် နာမည်ကြီးလေသည်။

ဝေးရဲ့ မျက်နှာပြောင်ရှင်းရှင်းလေးတွင် အထူးခြား ဆုံးမှာ ကြည်လင်တောက်ပသည့် မျက်ဝန်းတစ်စုံ ဖြစ်သည်။ အဲဒီ မျက်ဝန်းဟာ ကြည့်လိုက်လျှင် ပြာကျသွားမှာ စိုးသည့်အလား အားဟာ ဘယ်သူ့ကိုမှ သိပ်မကြည့်တတ်ချေ။

Scanned by CamScanner

ပဒုမ္မာကတော့ ဆယ်တန်းကျောင်းသူ အရွယ်မှာတင် အလှအပကို ကောင်းကောင်းကြီး နားလည်နေပြီဖြစ်သည်။ မိတ်ကပ်နှင့် သနပ်ခါးကို မွှန်မွှေးနေအောင် ပညာသားပါပါ ရောလိမ်းတတ်လျက် သူ့ဆံပင်ရှည်ကြီးကို နာမည်ကြီးအောင် ဂရုတစိုက်မွေးမြူတတ်နေပြီ။ (တကယ်တော့ ထိုဆံပင်ရှည်ကြီးဟာလည်းစင်ရော်က နှစ်သက်သည်ဟု ပြောဖူး၍ ကိုးတန်းထဲက စချန်ထားသော ဆံပင်ရှည်ဖြစ်၏။)

စင်ရော့် မာမီက ခြံချင်းကပ်ရပ် နေရဲ့သားနဲ့ ကားသုံးစီးဟာ အသွားအပြန် ကြိုပို့လုပ်နေရတာ ရှုပ်ပါတယ် ဟူသောအကြောင်းပြချက်ဖြင့် ဆေးနှင့် ပဒုမ္မာကို စင်ရော့်ကျောင်းကားနှင့်သာ အတူတူ လိုက်စေလျှင် တစ်ကျောင်းလုံးက ဆေးနှင့် ပဒုမ္မာကို ပိုစိတ်ဝင်စားတော့သည်။ အားလုံးရဲ့ ထင်ကြေးက တစ်နေ့တွင် ဆေးနှင့် ပဒုမ္မာတို့ထဲမှ တစ်ယောက်ယောက်ကိုပဲ စင်ရော်ရွေးချယ်လိမ့်မည် ဟူ၍ပင်။

အခုလောလောဆယ်မှာတော့ စင်ရော်သည် ဆေးနှင့်ပဒုမ္မာတို့ ဘယ်သူ့ကိုမှ ပိုတယ်ဟူ၍ မရှိသေး။ ပဒုမ္မာကတော့စင်ရော့်ကို အတော်ကြွေနေမှန်း သိသာစွာဖြင့် ...

Scanned by CamScanner

"ဝေးဝေး ... နင် သိပြီးပြီလား"

"ဘာကိုလဲ"

"စင်ရော်က ဆယ်တန်းဖြေပြီးရင် ဩစတြေးလျမှာ ကျောင်းသွားတက်မှာတဲ့"

"တက်ပစေပေါ့၊ ကောင်းတာပဲဟာ"

ပဒုမ္မာသည် ဝေးရဲ့မျက်နှာကို သေချာစွာ အကဲခတ်လာလျက် ...

"ဝေးဝေး ... နင် စင်ရော်ကို ဘယ်လိုမြင်လဲ"

"ဘယ်လို မြင်ရမှာလဲ။ စင်ရော်က ငါတို့ သူငယ်ချင်းပဲဟာ၊ သူငယ်ချင်းလို့ပဲ မြင်တာပေါ့"

"မဟုတ်ဘူးလေ။ စင်ရော့် အရည်အချင်းတွေကို မေးတာ"

"ဒါတွေ နင် သိရဲ့သားနဲ့ ငါ့ကို ဘာလို့ လာမေးနေရတာလဲ ပဒုမ္မာရဲ့"

"စင်ရော့်အပေါ် နင့်သဘောထားကို သိချင်လို့ပေါ့"

ဝေးက ပဒုမ္မာကို ဖျတ်ခနဲ ကြည့်လိုက်လျှင် သူမကလည်း ဝေးကို ခပ်တည်တည်ပင် စိုက်ကြည့်နေလေသည်။

Scanned by CamScanner

အဲဒီ အချိန်တည်းက ဝေးသည် ပဒုမ္မာ ဘာကို လိုချင်သည်ဆိုတာ ကို သိခဲ့သူ ဖြစ်၏။

"ငါ့ သဘောထား ! ..။ ငါ့သဘောထားက ဒီလိုပါပဲ"

"ဘယ်လို ဒီလိုပါပဲလဲ"

လိုရင်းကို မပြောဘဲ ဝေ့လည်ကြောင်ပတ် လုပ်နေသော ဝေးဝေးကို ပဒုမ္မာက စိတ်မရှည်ဟန်ဖြင့် ခပ်ဆတ်ဆတ်မေးသည်။

သိသားပဲ။ ဝေးကလည်း တမင်ကလိနေတဲ့ ဥစ္စာ။

ဝေးသည် ပဒုမ္မာရဲ့ မျက်လုံးတွေထဲသို့ တည့်တည့် စိုက်ကြည့်ရင်း ...

"ဒီအချိန်မှာ ငါ့သဘောထားကိုပြောဖို့ သိပ်စောနေပါသေးတယ် ပဒုမ္မာ။ နင် ဆန္ဒတွေ သိပ်စောမနေပါနဲ့"

ဝေးက ပြောပြီးလျှင် ချာခနဲ လှည့်ထွက်လာလိုက်သည်။ သို့သော် ပဒုမ္မာရဲ့စကားက နောက်ပါးဆီမှ တပ်ငြိ၍ ပါလာလေသည်။

"ငါက နင်နဲ့ မပြိုင်ချင်လို့ မေးနေတာ ဝေးဝေး"

ဝေးသည် စိတ်ပျက်စွာဖြင့် ပဒုမ္မာ့စကားကို ခေါင်း ယမ်းရင်း ဆက်လျှောက်လာခဲ့သည်။ ဘယ်ဘက်ကမှ ငြင်းစရာ ရှိသော အဖိုးတန် စင်ရော်ကို အိပ်မက် မက်ကြသည့် မိန်းက လေးများထဲတွင် ဝေး မပါဝင်ချေ။

အဲဒီလိုပင် ပဒုမ္မာကိုလည်း မပါစေချင်ခဲ့ပါ။ သို့သော် ဒုမ္မာသည် စင်ရော်ကို အမှော်လင့်ကြီး မျှော်လင့်နေပြီ ဆိုတာ ကိုတော့ ဝေးဝေး သိခွင့်ရလိုက်လေသည်။

❦ ❋ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆန္ဒစာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၈)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ ထောက်ကြန့်သို့
ပေးပို့နိုင်ပါသည်။

Scanned by CamScanner



ဆယ်တန်းဖြေပြီးချိန်ဝယ် စင်ရော်သည် ကြိုတင်စီစဉ်ထားသည့်အတိုင်း ညြစဝြေးလျှကို ကျောင်းတက်ဖို့ ထွက်ခွာသွားခဲ့လေသည်။

ဟိုသို့ ရောက်သော်လည်း ဝေးတို့ထံသို့ အဆက်အသွယ် မပြတ်ချေ။ နှစ်ယောက်စလုံးထံသို့ ပုံမှန်စာရေးကာ ပုံမှန် ဖုန်းဆက်သည်။ အခုချိန်ထိ ဘယ်သူ့ကိုမှ မပိုသေးပေ။

Scanned by CamScanner

ဝေးနဲ့ ပဒုမ္မာကတော့ မိဘတွေကလည်း မခွဲနိုင်ကြသဖြင့် ဒီမှာသာ အဝေးသင် တက်လျက် တခြားသင်တန်းတွေ တက်ကြ၏။

နှစ်ဦးစလုံးကို စိတ်ဝင်စားကြသူတွေ၊ ပိုးပန်းကြသူတွေ များလှသော်လည်း ပဒုမ္မာကတော့ စင်ရော်ကိုသာ စောင့်နေဟန်ဖြင့် ဘယ်သူ့ကိုမှ စိတ်မဝင်စားတတ်တာ ဖြစ်လေရာ အဲဒီကိစ္စကို မေ့လျော့နေခဲ့တာ ဖြစ်လေသည်။ ဒီလိုနှင့် နှစ်နှစ်ခန့်ကြာပြီးချိန်ဝယ် စင်ရောင်ဟာ ကျောင်းပိတ်၍ ခဏပြန်ရောက်လာခဲ့သည်။

တစ်ညနေမှာတော့ ဝေးတို့ခြံဘက် ကူးလာ၍ ဝေးကို စကားပြောဖို့ ခေါ်တာဖြစ်သည်။ ဝေးသည် အရင်လည်း ဒီလိုပဲပြောနေကြမို့ အိမ်နေရင်းပုံစံနှင့်ပင် သူနှင့် ခြံထဲမှာ ကော်ဖီသောက်ရင်း စကားပြောကြသည်။ ရောက်တတ်ရာရာ စကားတွေကို ပြောနေကြတုန်းမှာပင် သူက ရုတ်တရက်ထ၍ ...

"ဝေးဝေး ... နင် အရမ်းလှလာတယ်ဟာ၊ သိလား"

ဝေးသည် သူ့စကားကို တဟားဟား ရယ်မောလျက် ကိုယ့်ပုံကိုယ် ငုံ့ကြည့်မိသည်။ အိမ်နေရင်းမို့ စွပ်ကျယ်အဖြူနှင့်

ဂျင်းနံ်ဘောင်းဘီကိုသာ ခပ်ရိုးရိုး ဝတ်ဆင်ထားသည်။ ကျောလယ်လောက်ရှိသည့် အဖျားပိုင်းက ဆံနွယ်တွေက အလိပ်လိပ်တွေ ခွေကောက်လျက် ကပိုကရို ကျနေရုံကလွဲလျက် ဝေးဟာ ဘာအလှမှ ပြင်မထား။

သို့သော် ... ဝေး သိပါသည်။ ဝေးရဲ့ အလှဟာ ပဒုမ္မာနှင့်တောင် မတူချေ။ ပဒုမ္မာ လှပတာသည် အချိန်အခါမရွေး ပြင်တတ်ဆင်တတ်၍ ဖြစ်ပြီး ဝေးကတော့ ဘာမှမပြင်ဘဲ ဂျင်းနံ့ပန် တစ်ထည်နှင့်တောင် ဆွဲဆောင်မှုအပြည့်ရှိသူ ဖြစ်၏။

"နင်က ဘာရယ်နေတာလဲ၊ နင့်ကို ငါ ပြောစရာရှိတယ် ဝေး"

"ပြောလေဟာ၊ ဒီနေ့ နင် တယ်ထူးဆန်းနေပါလား"

"နင့်ကို ငါ ချစ်တယ် ဝေး။ အဲဒါ နင် ဘယ်လိုသဘောရလဲ"

ဝေးသည် တစ်ခဏမျှတော့ ငြိမ်သက်သွားသည်။ ဒီစကားကို စင်ရော့ထံမှ ဝေး မျှော်လင့်မထားခဲ့သော်လည်း တကယ်တမ်း ကြားရလျှင်တော့ သိပ်အံ့ဩမနေမိချေ။ သို့သော် ဝေး ဖျတ်ခနဲ ပြေးမြင်ယောင်တာက ပဒုမ္မာကိုပဲ ဖြစ်၏။

"နှင် ပဒုမ္မာအတွက်ရော မစဉ်းစားပေးတော့ဘူးလား"

"စဉ်းစားပေးလို့ နှင့်ကို ငါ ဖွင့်ပြောတာပေါ့ ဝေးရဲ့။ နှင်တို့နှစ်ယောက်စလုံးကို ငါ သံယောဇဉ်ရှိတယ်။ တစ်နေ့နေ့မှာ ငါ လက်ထပ်မဲ့ မိန်းကလေးဟာလည်း နှင်တို့နှစ်ယောက်ထဲကပဲ ဖြစ်မယ်လို့ ငါ ကြိုတွေးခဲ့ဖူးတယ်။ ဒါပေမဲ့ ငါက သံယောဇဉ်နဲ့ အချစ်ကို ဘာသာလွဲပြန်မိမှာ အကြောက်ဆုံးပဲ ...

ဒါကြောင့် အချိန်အတိုင်းအတာ တစ်ခုထိ ငါ စောင့်ကြည့်နေခဲ့တာ။ နင်တို့ နှစ်ယောက်စလုံးက ငါ့အပေါ်မှာ သစ္စာရှိရှိနဲ့ စောင့်နေနိုင်ကြတာ တွေ့ရတော့ ငါ ဝမ်းလည်းသာတယ်"

"အောင်မာ ... သွားသေလိုက်ပါလား။ ငါက ဘာကိစ္စ နင့်ကို သစ္စာရှိရှိနဲ့ စောင့်ရမှာလဲ။ လုံးဝစိတ်မဝင်စားလို့ ဒီအတိုင်းပဲ နေနေတာ"

"အေးပါ ... အဲဒါကိုလည်း ငါ အသိအမှတ် ပြုပါတယ်။ ငါလည်း ဟိုမှာ အဲဒါကိုပဲ စဉ်းစားနေတာ။ ငါချစ်တဲ့

တစ်ယောက်ကိုပဲ ငါ လက်ထပ်ချင်တယ်။ အဲဒီတစ်ယောက် မှာ ချစ်သူ ရှိနေရင်လည်း ငါကံပေါ့။ ကျန်တဲ့ တစ်ယောက် ကိုတော့ ငါ ရွေးချယ်ရမှာပဲ ...

ဘာလို့လဲ ဆိုတော့ ငါ့ဘဝမှာ အရင်းနှီးဆုံး မိန်း ကလေးက နင်တို့နှစ်ယောက်ပဲ ရှိတာမို့လို့လေ။ နင်တို့ နှစ်ယောက်လုံးကို သံယောဇဉ်ရှိပြီးသား ဆိုတော့ ငါ ထပ်ပြီးတော့လည်း မရှာချင်တော့ဘူး"

ဝေးသည် ယောက်ျားတို့၏ အတွေးကို လက်ဖျားပင် ခါရလေသည်။

အင်းလေ ... စင်ရော်လို အခြေအနေမျိုးနှင့် ဘယ်လို မိန်းမမျိုးကိုမဆို ခေါင်းခေါက် ရွေးချယ်ခွင့် ရှိနေတာပဲ မဟုတ် လား။

"နင့်ကိုတော့ ငါ ချစ်ကို ချစ်တာ ဝေး။ သေချာတယ်။ ဒီတစ်ခေါက် ပြန်လာတာ အသေချာဆုံးပဲ။ ငါ ပဒုမ္မာကို သံယောဇဉ် ရှိပါတယ်၊ သူငယ်ချင်း တစ်ယောက်လိုလည်း ချစ်တယ်။ ဒါပေမဲ့ နင့်ကိုကျ ငါ ချစ်တယ် ...

Scanned by CamScanner

နင် လက်ခံမယ်ဆိုရင် ငါ မပြန်ခင် စေ့စပ်သွားချင်တယ် ဝေး။ ဘယ်လိုလဲ"

စင်ရော်က ဝေးရဲ့ လက်ဖျားလေးတွေကို ဖျတ်ခနဲ ဆွဲယူဖျစ်ညှစ်လိုက်လေသည်။ ဝေးသည် စင်ရော်ရဲ့ မျက်နှာကို သေချာစွာ စိုက်ကြည့်မိသည်။ နိုင်ငံခြားမှာ အနေကြာလာသူပီပီ ပန်းသွေးရောင်ပြေးနေသော အသားအရေရှိသည့် ကောင်လေးသည် ဝေးရဲ့ သံယောဇဉ်ရှိလှစွာသော ချစ်သူငယ်ချင်း။

မြန်မာပြည်ရဲ့ အချမ်းသာဆုံး သူဌေးစာရင်းဝင် မိသားစုရဲ့ တစ်ဦးတည်းသော သား။ ဉာဏ်ပညာ အင်မတန် ကြီးမားလျက် နောင်တစ်ချိန်မှာ စီးပွားရေးလောကကို ဦးဆောင်မည့်သူ။ ဝေးရဲ့ မိဘတွေကလည်း သဘောကျ ကြည်ဖြူလျက် ရှိသောသူ။

အကျင့်စာရိတ္တကောင်းမွန်လျက် ဘယ်ဘက်ကမှ အပြစ်ပြောစရာ မရှိသော သူလိုလူက ဝေးကိုမှ ချစ်နေပါသည်တဲ့။

ဝေးသည် သူ့ကို အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်ဖို့ကလွဲ၍ တခြားဆန္ဒ မရှိချေ။

❦ ❋ ❦

Scanned by CamScanner



စင်ရော်က သူ့မိဘတွေကို အသိပေး အကြောင်းကြားပြီးလျှင် စေ့စပ်ပို့ကိစ္စက အတည်လိုပင် ဖြစ်သွားသည်။ ဆေးရဲ့မေမေကလည်း ဘာမှကန့်ကွက်စရာမရှိပေ။ အားလုံးဟာ အဆင်တပြေနှင့် ချောချောမွေ့မွေ့ပင်။ စင်ရော် ပြန်ခါနီးမှာပင် ဆေးတို့စေ့စပ်ဖြစ်သွားကြသည်။ ပဒုမ္မာသည် ဒီနေရာမှာတော့ အင်မတန်ဟန်ဆောင်ကောင်းလှစွာဖြင့် မျက်နှာတစ်ချက်မပျက်ချေ။

ဝေးနှင့် စင်ရော်ကိုပင် ကွန်ဂရက်ကျူးလေးရှင်း
လာလုပ်နိုင်သည်။

"ငါ ဂုဏ်ယူပါတယ်ဟာ။ နင်တို့နှစ်ယောက်က အင်မတန်
လိုက်ဖက်တဲ့ စုံတွဲပါ"

"နင်လည်း ရှာတော့လေ ပဒုမ္မာရဲ့။ အပျိုကြီး လုပ်မလို့လား"

စင်ရော်က ဝေး ပခုံးကို ဖက်ထားလျက် ပဒုမ္မာကို
သည်။ ပဒုမ္မာက အားကျမခံသည့်ပုံဖြင့် ...

"မလုပ်ပါဘူး ပျင်းစရာကြီး။ တွေ့လာမှာပေါ့"

"ဒါပေါ့ ... ဒါပေါ့။ နင်က ပေါပါတယ် ပဒုမ္မာရဲ့"

ပဒုမ္မာက ဝေးကို လှမ်းကြည့်သော အကြည့်များ
ထဲတွင် အဓိပ္ပာယ်တွေ အပြည့် ပါဝင်နေကြောင်း ဝေး သိလေသည်။

ပဒုမ္မာသည် သူ့ဟာသူ ဖန်တီးထားသော ပြိုင်ပွဲတွင်
သူ့ဟာသူ ရှုံးနိမ့်သွားကြောင်း ဝန်ခံပြောကြားနေသလိုပင်။

ဆောရီးပါ ပဒုမ္မာ။ ငါ့ဘက်က တရားတယ်လို့
ယူဆလို့ပါ။ စင်ရော်က ငါ့ကို သူ့ဘာသာ ရွေးချယ်တဲ့ ကိစ္စမှာ
ငါ့ဘဝအတွက် ငါလည်း ဆုံးဖြတ်ရတာပါ။

Scanned by CamScanner

စင်ရော် ပြန်မဲ့နေ့တွင် ဝေးက လေဆိပ်သို့ လိုက်ပို့သည်။

စင်ရော်က ဝေးရဲ့ ခေါင်းလေးကို ခပ်ဖွဖွ ပွတ်သပ်လျက် ...

"ငါ စိတ်ချနေမယ်နော် ဝေး။ သစ္စာရှိရှိ စောင့်နေ ... သိလား"

"အေးပါဟာ ... စိတ်ဖြောင့်လက်ဖြောင့်သာ သွားစမ်းပါ"

"ငါ နင့်ကို ယုံကြည်ပါတယ်၊ ဒါပေမဲ့ ငါ့ကို ကတိတော့ ပေးဟာ။ ဒါဆို ငါ့အတွက် perfect ဖြစ်သွားပြီ"

"နင် မကြားဖူးဘူးလား စင်ရော်။ Promise to be broken တဲ့၊ နင့်ကို ငါ အလေးထားရင် ပြီးတာပဲ မဟုတ်လား"

စင်ရော်က ဝေးရဲ့ပါးပြင်ကို ချစ်စနိုးဟန်ဖြင့် တမင်ပင် နာအောင် လိမ်ဆွဲပစ်လေသည်။ သူ့အချစ်ကိုတော့ ဝေး ခံစား၍ ရပါသည်။

Scanned by CamScanner

"ငါ နင့်ကို ယုံပါတယ် ဝေး။ ငါတို့အတွက် အစစအရာရာ ကောင်းခြင်းတွေပဲ လာမယ်လို့ ငါ ယုံကြည်တယ်"

"အေးလေ ... ပြီးပြီပဲဥစ္စာ"

"ဝေးရယ် ... နင်က အရမ်းဖြူစင်တယ် သိလား။ ငါတွေ့ဖူးသမျှ မိန်းမတွေထဲမှာ နင်က အဖြူစင်ဆုံးပဲ။ လုံးဝ မာယာမရှိဘူး"

"စင်ရော်ရယ် ... သွားခါနီး လာနှောက်နေပြန်ပါပြီ။ နင် စိတ်ချလက်ချသာ သွားပါ။ ဟုတ်ပြီလား"

စင်ရော်က စိတ်ချကျေနပ်သည့် အပြုံးတစ်ခုဖြင့် လေယာဉ်ပေါ် တက်သွားခဲ့သည်။ ဝေးသည် လေယာဉ်ကို လက်ပြတာတွေ ဘာတွေ လုပ်မနေဘဲ အိမ်သို့ကားမောင်း၍ ပြန်လာခဲ့သည်။

ဝေးကတော့ ကိုယ့်ကိုယ်ကိုယ် ခံစားချက် သိပ်မရှိသော မိန်းကလေးတစ်ယောက်ဟု ထင်သည်။ ဝေးဘဝတွင် စိတ်ထဲကရှိ သည့်အတိုင်း နေသည်။

နောက် ခံစားချက်ဆိုတာ သိပ်မရှိပေ။ စင်ရော်ဟာ ဝေး ဘဝတစ်ခုလုံး အတွက် ဘာမဆို လိုတရ ဖြစ်စေမည့်သူ တန်ဦးဟု ထင်သည်။ သူ့ကို ဝေး သံယောဇဉ်ရှိသည်။ အချစ်ကို ဝေး မခံစားမိပေမဲ့ အချစ်ဟာ ဘဝမှာ အရေးမပါဘူးဟု ဝေးက ထင်မြင်သုံးသပ်ခဲ့ဖူးပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့

Scanned by CamScanner



"ဝေးဝေးရေ ... သမီး သူငယ်ချင်းကိုလည်း လာကြည့်ပါဦး။ အခုတလော ဘာဖြစ်နေလဲ မသိဘူး။ ထမင်းလည်း သိပ်မစား၊ အပြင်လည်းမထွက်၊ အခန်းအောင်းပြီး ဘာဖြစ်နေမှန်းကို မသိဘူး"

အဲဒီစကားကို ပြောလာခဲ့သူက ပဒုမ္မာရဲ့ မေမေ ဖြစ်သည်။ စင်ရော် ပြန်သွားပြီး နောက်ပိုင်းတည်းက ဝေးနှင့် ဒုမ္မာဟာ သိပ်မတွေ့ဖြစ်ကြတော့ချေ။ မှတ်မှတ်ရရ တစ်လ

Scanned by CamScanner

တောင် ကျော်ရော့မည်။ ပဒုမ္မာရဲ့ မေမေကလည်း ပြောသလို ဝေး ကိုယ်တိုင်လည်း သူ့ကို တွေ့ချင်တာကြောင့် ဝေးဟာ ပဒုမ္မာတို့ အိမ်ဘက်သို့ ကူးလာခဲ့သည်။

ပဒုမ္မာကို မြင်လျှင် ဝေးသည် အံ့သြတကြီးဖြင့်

"ဟယ် ... ပဒုမ္မာ။ နင် ... နင် ... အဲဒါ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲဟင်"

ပဒုမ္မာသည် ခေါင်းအုံးနှင့် မျက်နှာဖိကပ်လျက် ပခုံးတွေ တသိမ့်သိမ့်တုန်အောင် ငိုကြွေးလျက် ရှိနေသည်။ ဘာ အကြောင်းများပါလိမ့်။

ဒီလို မြင်ကွင်းမျိုးကို ဝေး တစ်သက်မှာ တစ်ခါမှ မမြင်ဘူးသဖြင့် အံ့သြကြီးစွာ ဖြစ်ရ၏။

"ဘာဖြစ်လို့ ငိုနေတာလဲ ပဒုမ္မာ။ ငါ့ကို ပြောစမ်းပါ။ ငါ ကူညီနိုင်တာဆို ကူညီပါရစေ"

"နင် မကူညီနိုင်ပါဘူး"

"ဒါက အကြောင်းအရာကို သိမှဖြစ်တဲ့ ကိစ္စလေ။ ဘာကိစ္စ ဆိုတာ နင် ငါ့ကို ပြောပြမှပေါ့။ နင် ဒီလိုဖြစ်နေတာ နင့် မိဘတွေလည်း ဘယ်စိတ်ချမ်းသာပါ့မလဲ"

"ငါ ရေလည် စိတ်ခတ်ကျတယ် ဝေးရယ်"

ပဒုမ္မာနဲ့ ဝေး ကြားမှာ အချစ်မရှိသော်လည်း ငယ်သယောင်ချင်းမျှဥ်မျှဥ်လေးတော့ ရှိနေပါလား ဆိုတာ အခုချိန်မှ သိခွင့်ရလိုက်တာ ဖြစ်သည်။ ဆံပင်တွေ ဖရိုဖရဲ ရှုပ်ပွလျက် ပြင်ဆင်ခြယ်သခြင်း မရှိသော ရုပ်သွင်ဟာ အပူသည်ရုပ် လုံးဝ ဆိုက်နေ၏။ ဒါကိုတော့ ဝေး တကယ် စိတ်မကောင်းပါ။

"ဘာကြောင့်လဲ ပဒုမ္မာ။ နင် အခုလိုဖြစ်နေတာ ဘယ်သူ့ကြောင့်လဲ"

"မမေး ပါ။ မကြောင့်"

နာမည်တစ်မျိုးဟာ ဝေး နားထဲသို့ ထူးဆန်းစွာ ဖြတ်စီးဆင်းသွားသည်။ ဒီနာမည်မျိုး ဝေး တစ်ခါမှ မကြားဘူး ချ။ လူကိုလည်း ဝေး မသိ။

"ဓ ... ဟုတ်လား။ နင်နဲ့ သူနဲ့က ဘယ်လိုပတ်သက်နေလို့လဲ"

"ငါ့ရည်းစား။ ငါ့ကို အသည်းခွဲသွားတဲ့သူ"

"နင့် ရည်းစား ... ဟုတ်လား။ ဘယ်တုန်းက နင်နဲ့ဖြစ်သွားတာလဲ"

"စင်ရော် မပြန်ခင်ကတည်းကပါ။ နင့်ကို ငါ တစ်ခုဝန်ခံမယ် ဝေးဝေး။ ငါ စင်ရော်ကို မျှော်လင့်ခဲ့ဖူးတယ် ဆိုတာ မှန်တယ်။ ဒါဟာ ဘဝအတွက် ဦးနှောက်နဲ့ မျှော်လင့်ခြင်း တစ်ခုပဲ ...

ဘယ်သူမဆို ရင်ထဲက နှစ်နှစ်ကာကာ ချစ်ရတဲ့သူ မရှိဘူးဆိုရင် စင်ရော်ကို ဘယ်မိန်းမကမှ လက်မလွှတ်ချင်ကြဘူး ...

ဇကိုတော့ ငါ ချစ်ကို ချစ်သွားတာ။ မချစ်ဘူးတဲ့ အချစ်ရှုးလို ရှုးရှုးမူးမူး ချစ်သွားတာ။ ဒါပေမဲ့ ဇက ငါ့ အသည်းကို ခွဲတယ်"

"အဲဒီအတွက် နင်က ခံစားနေတယ်ပေါ့။ အရေးမပါတာဘဲ ပဒုမ္မာရာ၊ ခေါက်ထားစမ်းပါ။ အဲဒီကောင်က ဘာကောင် မို့လို့လဲ"

"နင် အဲဒီလို မပြောနဲ့ ဝေးဝေး။ အချစ်ကို နင်က လုံးဝ ကြုံဖူးတဲ့ မိန်းမ မဟုတ်ဘူး။ အရာရာမှာ ကံကောင်းတယ် ဆိုတဲ့ နင်က အချစ်ကို လက်တွေ့မကြုံဘူးသေးလို့ ဒီလို စကားမျိုး ပြောတာပါ"

Scanned by CamScanner

"ဟာ ... ဘာမှ မဆိုင်ဘူး ပဒုမ္မာ။ အချစ်ကို ကြုံလာလည်း ဘာမှ ဂရုစိုက်စရာ အကြောင်းမရှိဘူး။ အချစ်ဆိုတာ အလကားပဲ။ အခု ... နင် ခံစားနေရတာတွေဟာလည်း အလကားပဲ။ နင်ကသာ သူ့အတွက် ခံစားနေရတာ ... သူက နင့်ကို ခေါင်းထဲတောင် ရှိမှာမဟုတ်ဘူး"

ပဒုမ္မာ မျက်လုံးမှာ မျက်ရည်တွေ ခန်းခြောက်သွားလျက် မာနအရောင်တွေ တဖျပ်ဖျပ် လင်းလက်လာသည်။ ဒါပဲ။ ပဒုမ္မာ ဆိုသော မိန်းမဟာ ဝေးနှင့် တွေ့လျှင် အမြဲယှဉ်ပြိုင်ဖို့ ကြိုးစားနေသောသူပေပဲ။

"နင်က အပြောအရမ်းကြီးတာကိုး ဝေးဝေးရဲ့။ လူဆိုတာ အမြဲကံမကောင်းနိုင်ပါဘူး"

"ကျွတ် ... ဒီကိစ္စဟာ အဲဒီ ကံတွေ ကက်တွေနဲ့ ချိပြော ရလောက်အောင်ကို မကြီးကျယ်တာနော် ပဒုမ္မာ။ ဒါဟာ ကိုယ့်စိတ်နဲ့ပဲ သက်ဆိုင်တဲ့ကိစ္စ ...

အချစ်ကို ခံစားတာကို ငါ မပြောလိုဘူး။ ဒါပေမဲ့ အချစ်အတွက်နဲ့ အသည်းကွဲတယ် ဆိုတာကိုတော့ ရေရေလည်လည် ရွတ်ချတယ်"

Scanned by CamScanner

ပဒုမ္မာ မျက်လုံးတွေက လျှပ်စီးသွားတွေ ဖြတ်ပြေး
သလို လက်ခနဲ လက်ခနဲ တောက်ပကာ သွားသည်။

"ဒါဆို နင်က ငါ့ကို ရှုတ်ချတယ် ဆိုတဲ့ သဘောလား ဝေးဝေး"

"ဒါပဲလေ။ နင်နဲ့ ငါဟာ သူငယ်ချင်းတွေပါ ပဒုမ္မာ။ အမြင်ကို အမြင်အတိုင်း ဝေဖန်တာ နင် စိတ်မဆိုးနဲ့။ နင်က ငါ့အယူအဆနဲ့ဆို လုံးဝအလွဲကြီးပဲ။ ငါက အချစ်ဆိုတာကို အယုံအကြည် မရှိဘူး"

"ဒါဆို နင် စင်ကျော်ကို ဘာလို့လက်ခံခဲ့လဲ"

"စင်ကျော်ကို လက်မခံလည်း တစ်ချိန်ကျ ငါ့မိဘစီစဉ်တဲ့ တခြားတစ်ယောက်ကို လက်ခံရမှာပဲ။ ပြီးတော့ စင်ကျော်ဟာ ငါ သံယောဇဉ်ရှိရတဲ့လူလည်း ဖြစ်တယ်။ စင်ကျော်လို လူမျိုးကို ငါ ဘာငြင်းစရာရှိလဲ"

"ထားပါလေ။ နင် အချစ်ကို တကယ်ပဲ အယုံအကြည် မရှိဘူးဆိုရင် ဇ ဆိုတဲ့ ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ရဲလား"

Scanned by CamScanner

"ဟား ...။ ငါ ဘယ်သူ့ကိုမှ မကြောက်ဘူး ပဒုမ္မာ။ ကျွဲမကလို့ ဖမျဉ်ဖွဲ့(ချ)ပဲ ဖြစ်ဖြစ် ငါ ရင်ဆိုင်ရဲတယ်"

"အပြောမကြီးနဲ့ ဝေးဝေး။ နင့်လိုပဲ ငါလည်း ဟစ်ကြွေးခဲ့ဖူးတာပဲ"

"ကဲပါ ... နင်က ဘာဖြစ်စေချင်တာလဲ"

"ငါကတော့ မယုံဘူး ဝေးဝေး။ ဒီစကားတွေဟာ ဇနဲ့မပတ်သက်ဘူးသေးလို့ နင် ပြောနေတာ။ ဇကို နင်မကျော်နိုင်ပါဘူး"

ပဒုမ္မာရဲ့ စကားကြောင့် ဝေးရဲ့ နားထင်ကြောတွေ တင်းခနဲ ဖြစ်သွားရ၏။

ဝေးသည် ထိုအပြောမျိုးကို ဘယ်တုန်းကမှ သည်းခံခဲ့သူ မဟုတ်ချေ။

"အဲဒီကောင်က ဘာကောင်မို့လို့လဲ ပဒုမ္မာရဲ့။ နင်က ဒီလောက် ကြွဆင်းပြနေရတာက။ ဒီလို Lady killer (လေဒီကေးလား) မျိုးကို ငါက ပိုပြီးတောင် ပညာပေးချင်တယ်။ လုံးဝ ရင်မခုန်တာ၊ နားလည်လား ..."

သူ့ဟာသူ ဘာပဲ ဖြစ်နေ ဖြစ်နေ"

"နင် သူ့ကို အသည်းခွဲနိုင်မလား ဝေးဝေး"

ဒီမေးခွန်းကို ရုတ်တရက် ပြန်မဖြေနိုင်ဘဲ ငြိမ်သက်သွားမိသည်။ ပဒုမ္မာက ဝေးကို ပြုံးစိုက်ကြည့်လျက် မေးဆက်ပြလေသည်။

"ဖြေလေ ဝေးဝေး။ နင် လုပ်နိုင်တယ် ဆိုရင်တော့ နင့် အရည်အချင်းကို ငါ တကယ် အသိအမှတ် ပြုရလိမ့်မယ်၊ ဒီလိုမှ မဟုတ်ဘဲနဲ့တော့ နင့် အယူအဆတွေကို ငါ လက်မခံနိုင်ဘူး"

"ဇကို အသည်းခွဲရမယ် ... ဟုတ်လား"

"အေးလေ ... အဲဒါကို နင် လုပ်နိုင်ပါ့မလား။ လုပ်နိုင်ရင် တစ်သက်လုံး နင့်ကို၊ နင့် idea (အိုင်ဒီယာ)တွေကို ငါ အမြဲဦးညွှတ်သွားမယ်"

ဝေး မျက်လုံးထဲတွင် လေယာဉ်ပေါ် တက်ခါနီး တဖွဖွ မှာသွားသော ဇင်ရော်ရဲ့ ရုပ်သွင်ကို ပြေးမြင်ယောင်လာမိသည်။ ဇင်ရော့်ကို ဝေး ကတိမပေးခဲ့ပါဘူးနော်။

Scanned by CamScanner

"နှင်က စင်ရော့်ကို စိတ်ပူနေတာလား ဝေးဝေး။ စိတ်ချ နှင် သူ့ကို ပညာပေးနိုင်တယ် ဆိုရင် ငါ ကျေနပ်တယ်။ ဒီကိစ္စကို နှင်နဲ့ ငါ နှစ်ယောက်ပဲ သိစေရမယ်။ ဘယ်လို လဲ။ ဓနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ အကြောင်းအရာတွေ တောင် ငါက ပေးလိုက်ဦးမယ် ...

နှင့်ကို အနိုင်ရစေချင်တာ ငါ့ရဲ့ တကယ့်စေတနာ ပါ"

"နှင့်ကတိကို တည်နိုင်မလား ပဒုမ္မာ"

ပဒုမ္မာ့ မျက်နှာက ဖျတ်ခနဲ ဝင်းပသွားလေသည်။

"လုံးဝတည်မယ် ဝေးဝေး။ နှင်သာ ဓကို ကျော်နိုင်အောင် ကြိုးစားပါ"

"ငါ သူ့ကို အသည်းခွဲနိုင်တယ် ဆိုရင်ကော"

"ဩော် ... နှင်က အလောင်းအစား ပုံစံမျိုးလား"

"ဒါပဲလေ။ ဒါဟာ အလောင်းအစား ကိစ္စတစ်ခုပဲ။ ငါ့ အယူအဆကို နှင်က မဖြစ်နိုင်ဘူးလို့ ငြင်းတာကိုး။ ဒါကို ငါက ဖြစ်တယ်ဆိုတာ သက်သေပြရတော့မယ်။ ငါသက် သေက မှန်ခဲ့ရင် ငါ နိုင်တာပေါ့ ...

အဲဒီအတွက် အနိုင်ရဲ့ရလဒ်ကို ငါ ခံစားရမှာပေါ့"

"ကောင်းပြီ၊ နင် ဘာလိုချင်လဲ"

"အချိန်တိုင်း နင့်ကို နိုင်ခဲ့ဖူးတယ် ဆိုတာ သတိရနေဖို့အတွက် အိုမီဂါနာရီ တစ်လုံးလောက်ဆို တော်ပါပြီ ပဒုမ္မာ"

"ကောင်းပြီ။ ငါ နိုင်ခဲ့ရင်ရော"

"နင် ဆန္ဒရှိရာပေါ့"

"အေးလေ ... ငါကတော့ မစဉ်းစားရသေးဘူး။ ဝေးဝေး ... နင်က ငယ်ငယ်က အတိုင်းပဲနော်။ နင့်ကိုယ်နင် အထင်ကြီးစမြဲပဲ"

"ငါကတော့ နင်နဲ့တွေ့မှ အချစ်ကို ပိုလို့တောင် မယုံကြည်နိုင် ဖြစ်ရပြီ ပဒုမ္မာ။ နင် သိပ်ချစ်ပါတယ် ဆိုတဲ့လူကိုတောင် နင်က အသည်းကွဲစေချင်တဲ့ စေတနာအပြည့်ရှိတယ်နော် ...

အချစ်ဟာ ဘာယုံစရာ ကောင်းလဲ။ Stupid for you. (စတုံးပစ် ဖော်ယူ)"

ပဒုမ္မာ့ မျက်နှာက ဖျတ်ခနဲ တည်ငြိမ်သွားသည်။ ...ေးကတော့ မမြင်ဘူးသေးသည့် အသေသတ် ချေမှုန်းရမည့် ...ရန်သူတစ်ယောက် အကြောင်းကို စတင်၍ စဉ်းစားခန်း ဝင်နေခဲ့ သည်။ ဒီလိုနဲ့ နောက်တစ်နေ့မှာပဲ ပဒုမ္မာက ဝေးကို လပြည့်ဝန်း ...ပလာဇာ ကားပါကင်မှာ ၈ ဆိုတဲ့ တစ်ယောက်ကို လိုက်ပြသခဲ့ ...ခြင်း ဖြစ်ပါသည်။

❦ ❋ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာ[illegible]၊ သာကေတမြို့နယ်သို့

Scanned by CamScanner



Gucci မျက်မှန် ဆီးညိုရောင်ကြီးသည် ဝေး၏ မျက်နှာတစ်ဝက်လောက်နီးပါးကို ဖုံးအုပ်ထားနိုင်စွမ်း ရှိသော်လည်း ဝေးဟာ စိတ်လုံခြုံမှု မရသေး။ အနည်းငယ် လှုပ်ရှားနေရသော မတည်ငြိမ်နိုင်သေးသည့် နှလုံးကို တတ်နိုင်သလောက်ထိန်းကာ အသက်ကို ဝဝရှူလိုက်သည်။ "ဇ"ဟူသော တစ်ယောက်သည် သူ့အဖော်မိန်းကလေးနှင့် ဘာတွေ သဘောတကျ ရယ်မောပြော ဆိုနေသလဲတော့ မသိပေ။

Scanned by CamScanner

ဆုံးဖြတ်ချက်တစ်ခုနှင့် အသက်ကို ဝဝရှူပြီးနောက် ဆရာ အဲဒီစားပွဲသို့ ခပ်တည်တည်ပင် လျှောက်လာခဲ့လိုက်သည်။ သူ့အနားသို့ ရောက်လျှင် လက်ထဲမှ အေးစိမ့်နေသော Code (ကုတ်ဒ်)ဘူးကို သူ့ပခုံးပေါ်သို့ လောင်းချလိုက် ...

"အခုတော့ ဘာတတ်နိုင်သေးလဲ ဇင်ကို။ ငါ့အကြွေးကို ဒီနေ့ ဆပ်မလား မဆပ်ဘူးလား။ ဒါပဲပြော"

"ဟာ ... ဟော ... ဟော ...။ အား လား လား ... အေး လိုက်တာ။ မင်း ဘာလုပ်တာလဲကွ"

သူက အလန့်တကြားဖြင့် ထခုန်သည်။ သူ့အဖော် မိန်းကလေးကလည်း အံ့သြဟန် အထင်းသားဖြင့် ကြည့်နေလေ သည်။

သူ ဒီဘက်လှည့်လာတာနှင့် ဆေးသည် ရှာလိစ်သိရှန် အော်စကာရဖူးသော အိုက်တင်မျိုးဖြင့် Code (ကုတ်ဒ်)ဘူးကို လွှတ်ချပစ်ကာ နဖူးကို လက်ဝါးနှင့် ပိတ်ရိုက်လိုက်လေ၏။

"အား ... လွဲပြန်ပြီ။ လွဲပြီ ... လွဲပြီ ... ဆောရီး"

"ဘာဆောရီးလဲ။ သေချာမမြင်ဘဲနဲ့ ဘာလို့ ရမ်းလုပ်လိုက် တာလဲကွာ၊ ဒီမှာ အားလုံး စိုကုန်ပြီ"

Scanned by CamScanner

သူက စိတ်ရှုပ်ထွေးသည့် အရိပ်သဏ္ဍာန်နှင့် ကိုယ့်ပေါ်မှ အရည်တွေကို ခါထုတ်ရင်း ပြောသည်။ ဝေးသည့် မျက်မှန်အောက်မှ မျက်လုံးများဖြင့် သူ့ကို ရှုးရှုးရရ အကဲခတ်လျက်...

"ကိုယ် မင်းကို အနူးအညွတ် တောင်းပန်ပါတယ်။ နောက်ကကြည့်တော့ မင်းဟာ ကိုယ့်သူငယ်ချင်းနဲ့ အရမ်းတူနေလို့ပါ။ ကိုယ် မင်းအတွက် ဘာများလုပ်ပေးနိုင်မလဲဟင်"

"မလိုပါဘူး"

သူက ကြည်နူးနေသည့် အခြေအနေ တစ်ခုကို ပျက်ပြားသွားဟန်ဖြင့် မကျေနပ်တော့ချေ။ စိတ်မရှိပါနဲ့ ဇ ...၊ မင်းကို ဒီထက် စိတ်အနှောင့်အယှက် ပေးစရာတွေ ကျန်သေးပါတယ်။

"ဒါဆိုရင် ကိုယ့်ကို ခွင့်ပြုပါဦး"

သူက သူမကို ဘယ်လိုမိန်းကလေးမျိုးလဲ ဟူသောအကြည့်ဖြင့်ကြည့်ကာ ကျန်နေရစ်သည်။ ဝေးသည် သူ မမြင်နိုင်သည့် နေရာရောက်မှ တစ်ယောက်တည်း သဘောတကျနှင့်

ဟက်ဟက်ပက်ပက်ကို ရယ်မိလေသည်။ ဘာပဲပြောပြော သူ့ပေးကို သတိထားမိသွားခဲ့ပြီ။

ဝေး လိုချင်တာ အဲဒီအဖြစ်အပျက်မျိုးကိုပဲ ဖြစ်ပါသည်။

နောက်တစ်ခါဆုံရင် မင်းနဲ့ ဒီထက်ရင်းနှီးသွားဖို့ ကိုယ် မျှော်လင့်ပါမယ် ဇ။

❦ ❋ ❦

ဝတ္ထုစာ၊ အကြံပြုစာ၊ ဓါတ်ပုံစာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုဓမ္မာ (၆) ထပ်၊ သုဓမ္မာတောင်ရိပ်သာ၊ ဥာဏ်နှင့်ကျော့သို့
ပေးပို့နိုင်ပါသည်။



နောက်တစ်ခါ ထိုအမျိုးသားနှင့် ထပ်မံဆုံတွေ့ခဲ့တာတော့ ဝေးရဲ့ တံမင်စီစဉ်ထားမှု လုံးဝမပါခဲ့ပါ။ စင်ရော်ရှိစဉ်တည်းက ကြာခဏ သူ ခေါ်သွားတတ်သော Counter-Strike (ကောင်တာပစ်) ဆိုင်လေးသို့ ကောင်တာပစ်ရန် ရောက်ရှိလာရင်း သူ့ကို တွေ့ရတာ၊ အဲ ... သူ့ကားကို အရင်တွေ့ရတာဖြစ်လေသည်။

အေးချမ်းသော လမ်းသွယ်လေးထဲမှာ ဖွင့်လှစ်ထားသော အင်တာနက်ကဖေးဆိုင်လေးရှိရာ ခြံဝင်းထဲတွင် ကားသုံး

Scanned by CamScanner

လေးစီးခန့် ရပ်ထားပြီး သူ့ရဲ့ပြိုင်ကားဝါဝါလေးက ဝေးရဲ့ မျက်လုံးထဲသို့ တန်းဝင်လာခဲ့တာ ဖြစ်သည်။

ကားနံပါတ်ကိုပါ လှမ်းကြည့်မိလျှင် လုံးဝမလွဲနိုင်တော့။ ဝေးသည် သဘောကျလွန်းသဖြင့် တစ်ကိုယ်တည်း နှစ်နှစ်ခြိုက်ခြိုက် ပြုံးဖြစ်သွားသည်။

အထဲသို့ ဝင်ရောက်လာလျှင် ဝေးနှင့် ခင်နေသော ဆိုင်ရှင်က ဝေးကို နှုတ်ဆက်၏။ ဟိုအမျိုးသားကိုတော့ အခုထိ မတွေ့ရသေးချေ။ အင်း... သူလည်း ကောင်တာပစ်တာ ဝါသနာပါလား မသိ။

"Hi မမဝေး။ ကောင်တာ လာပစ်တာလား"

ဝေးနှင့် ခင်နေသော ချာတိတ်လေး တစ်ယောက်က ဝေးကို နှုတ်ဆက်၏။

"အေး ...။ ဖိုးပြည့်ရော ပြန်တော့မလို့လား"

"မပြန်သေးပါဘူး။ သား ဘော်ဒါတွေ ပစ်နေတုန်း။ သားတို့ ရှုံးနေတယ် မမဝေးရဲ့။ အာနီးတို့အဖွဲ့က နိုင်နေတယ်"

ဝေးကို 'ရှုံ့ရှုံ့မဲ့မဲ့' တိုင်ကြားနေသော ချာတိတ်ကို ဝေးက ပြုံးစိုက်ကြည့်လျက် ...

"အာနီးတို့အဖွဲ့က ဖိုးပြည့်တို့လောက် မတော်ပါဘူး၊ သားတို့က လက်ရည်ကျသွားလို့လား။ မင်းတို့ကီးဘုတ်နဲ့ မောက်စ်တွေရော ကောင်းလို့လား"

"အာ … ကောင်းပါတယ် မမဝေးကလည်း။ အာနီးတို့က နိုင်မှာပေါ့၊ အာနီးက သူ့ဘော်ဒါကြီးကို ခေါ်လာတာကိုး။ သားတို့ရှုံးရင် ဒီကောင့်ကို တုတ်ထိုးအဝကျွေးရမှာ မမဝေး ရဲ့ …

သားက တုတ်ထိုးဖိုး နှမြောလို့ မဟုတ်ပါဘူး၊ အရှုံးဆိုတာကို လက်မခံချင်တာ"

ဝေးသည် ဆယ်နှစ်သားအရွယ် ချာတိတ်လေး၏ စကားကို သဘောတကျဖြင့် တဟားဟား ရယ်မိသည်။ ဩော် … အရှုံးဆိုတာကို ကလေးကတောင် လက်မခံလိုပေဘူးပဲ။

"အာနီးက မတရားပါဘူး။ သူ ခေါ်လာတဲ့ ဘော်ဘော် ကြီးက လူကြီးပဲဟာ။ လူကြီးပဲ တော်မှာပေါ့"

"အေးပါကွယ်၊ ဖိုးပြည့်တို့ဘက်က မမဝေး ဝင်ကစားပေး မယ်။ ဘယ်လိုလဲ"

"ဟာ ... တကယ်။ ဒါဆို လာ လာ။ အမြန်ဝင်"

ဖိုးပြည့်က ဝေးကို ဝမ်းသာအားရနှင့် လက်ဆွဲကာ ခေါ်သွားသည်။ တွေ့ပါပြီ ကိုယ်တော်ချောကို။ သူဟာ အာနီးတို့ အုပ်စုဘက်ကနေ၍ အားတက်သရော ကောင်တာပစ်ခတ်နေသည် မှာ ဝေးကို မမြင်ချေ။

ကွန်ပျူတာဖန်သားပြင်ကို အားတက်သရော ကြည့်လျက် စိတ်ဝင်စားကာ တက်ကြွနေ၏။

ဝေးသည် သူကစားနေပုံကို တစ်ခဏမျှ ငေးပြီးလျှင် ဖိုးပြည့်နှင့်အတူ လူစားလဲ၍ ဝင်ထိုင်လိုက်သည်။ နားကြပ်ကို နားမှာ တပ်ဆင်ပြီးနောက်တွင် အသေအလဲ ပစ်ခတ်နေကြသော စစ်မြေပြင်ထဲသို့ ဝေးလည်း ရောက်ရှိသွားတော့၏။

ဝေးသည် ထစ်ခဏလောက် ကစားကြည့်လိုက်တာနှင့် တစ်ဖက်လူရဲ့ လက်ရည်ကို ချက်ချင်းသဘောပေါက်သွားသဖြင့် အဖွဲ့သားတွေအချင်းချင်း ဆက်သွယ်နိုင်သော မိုက်ခ်လေးမှတစ်ဆင့် ဖိုးပြည့်တို့ကို လိုအပ်တာတွေ ညွှန်ကြားပေးလေသည်။

Scanned by CamScanner

မြန်မာပြည်တွင် ရောက်တည်းက ထိုကစားနည်းကို စင်ရော်က လက်တွဲခေါ်ခဲ့တာရော ဝေး ကိုယ်တိုင်လည်း ဝါသနာ ပါလွန်းတာရောကြောင့် ဝေးဟာ စင်ရော် ပြီးလျှင် ကောင်တာပ၌ ဆရာဖြစ်သည်။

"ရန်သူ လာနေပြီ။ လေးယောက်"

"ကုန်းပေါ်က ဖိပစ်နေတယ်၊ ရှောင်ထား"

"စနိုက်ပါ ရှိတယ်ဟေ့။ သတိထား"

ဝေးရဲ့ အကွက်မြင်မြင် ကစားကွက်တွေအောက်တွင် တဖြည်းဖြည်းနှင့် ဝေးတို့ဘက်က အသာစီး ပြန်ရလာလေသည်။ ဖိုးပြည့်တို့ တစ်တွေသည် တဟားဟားဖြင့် သဘောတွေကျလျက်ရှိ၏။ ဝေး သုံးသော နားကြပ်သည် ကောင်းလွန်းသဖြင့် ရန်သူ၏ခြေသံ၊ လက်ပစ်ဗုံးစနက်တံဖြုတ်သံ စတာတွေကို အထူးအာရုံစိုက်နိုင်သဖြင့် ကလေးတွေကိုလည်း လိုအပ်သလို ဝေးက ညွှန်ကြားပေးနိုင်၏။

နောက်ဆုံးတွင် ...

"အကုန်တက်လိုက်ခဲ့တော့ဟေ့၊ ဗုံးထောင်ထားပြီးပြီ"

Scanned by CamScanner

"ဝေး ... ဝမ်း ... တူး ... သရီး ... ချကွာ"

နောက်ဆုံးမှာတော့ ဝေးတို့အဖွဲ့ကပဲ နိုင်သွားခဲ့တာ ဖြစ်ပါသည်။ ကလေးတွေက နားကြပ်တွေချွတ်ကာ တစ်ဖွဲ့နှင့် တစ်ဖွဲ့ စကားနိုင်လုနေတုန်း ရှိဆဲမှာပင် သူက ဝေးရဲ့အနားသို့ ရောက်လာခဲ့တာ ဖြစ်သည်။

သူ့ကို မော်မကြည့်ဖြစ်သေးဘဲ သူ ရောက်လာမှန်း သိသာစေသည်မှာ သူ့ထံက အမျိုးသားဆန်သည့် ရနံ့တစ်မျိုး သင်းပျံ့နီးကပ်လာခြင်းကြောင့် ဖြစ်၏။

ကိုယ့်စိတ်ထဲမှာ ရှိနေသော လူတစ်ယောက် ကိုယ့် ဘေးမှာ ရောက်လာခြင်းဟာ ကမ္ဘာကြီးတစ်ခုလုံး၌ သူနဲ့ ကိုယ် နှစ်ယောက်တည်းသာ ရှိတော့သည့် ခံစားချက်မျိုးတွေ ရောက်လာ ခဲ့တာဟာ ဘာကြောင့်ပါလိမ့်။

ဝေးသည် ရင်ဘတ်မှာချိတ်ထားသော Gucci မျက် မှန်ကို ကောက်တပ်လိုက်ပြီး ထိုင်ရာမှအထမှာပင် သူနှင့် မျက်နှာ ချင်းဆိုင် နီးနီးကပ်ကပ် ဖြစ်လို့သွားသည်။ ဒီတော့မှ သူသည် မျက်မှန်နဲ့လူကို တွဲမိသွားလျက် ဝေးကို မှတ်မိပုံရသွားသည်။

"ဪ ... မင်းကိုး။ ဟိတ် ... မင်း ကိုယ့်ကိုမှတ်မိလား"

"ကိုယ် အမှားလုပ်ခဲ့ဖူးတဲ့ လူတစ်ယောက်ပဲ။ သိပ်မှတ်မိ တာပေါ့"

သူက စွဲမက်ဖွယ်ကောင်းအောင် ပြုံးကာ ပုခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်သည်။ ယောကျ်ားလေးတွေ ဟစ်ဟော့ပ်ဒီဇိုင်း ဝတ်လျှင် အလွန်ကြည့်မရ ဖြစ်တတ်သော သူမအဖို့တော့ အော်လ်တာရှပ် ကွမ်းရိုးစင်းအဖြူ၊ (501)ဂျင်းန် ဝတ်ထားသော သူ့ပုံစံနှင့် သူ့ ကိုယ်ဟန်အချိုးအစားဟာ အလွန်တရာ ကြည့်ကောင်းဖွယ် ရှိနေသည်။

"မင်း ကောင်တာပစ် တော်တော်ကျွမ်းသလား"

သူက သူတို့အဖွဲ့ကို နိုင်သွားခြင်းအပေါ် သိပ်မခံနိုင်သည့် ပုံစံဖြင့် မေးတာဖြစ်သည်။ ဝေးသည် ခပ်လွင့်လွင့်ပြုံးရင်းမှ ...

"ဒါကတော့ မင်း ဆုံးဖြတ်လေ။ ကိုယ်ကတော့ ပြောမတတ်ဘူး"

"အင်း ... ဒေါင်းနဲ့ ကိုယ်နဲ့ တစ်ပွဲလောက် ကစားရအောင် ဘယ်လိုလဲ"

သူက ကျော်ကြားလွန်းသော နာမည်ကြီး အပြုံးတစ်မှ နှင့် ညှို့ယူစွာ ပြောသည်။ ဒီလို အပြုံးမျိုးနှင့် ကမ်းလှမ်းခဲ့သမျှ ဘယ်မိန်းကလေးကမှ မငြင်းခဲ့ဖူးဘူးဟု ထင်မည်။

ဆောရီးပါ ဧ ...။ ကိုယ် ဆိုတဲ့ ဝေးဝေးဟာ သူ များကို အသည်းယားအောင် လုပ်တတ်တဲ့ ပညာတွေ အများကြီး တတ်ထားလို့ပါ။

"ဆောရီး ... ကိုယ်က တစ်ယောက်ချင်း ကစားဖို့ သိပ် ဝါသနာမပါဘူး"

"ဟုတ်လား၊ ဂရု(ပ်)လိုက် ဆိုရင်တော့ ဖြစ်တယ်ပေါ့၊ အိုခေလေ ... ဒါဆို တူမောရိုးလ်မှာရော ဖြစ်မလား"

သူ့မျက်လုံးထဲတွင် ဝေး အတွက် ငြိစဉ်တွေကိုသာ တွေ့နေရသည်။

ဝေးရဲ့ရင်တွေ တဲထိတ်ထိတ် ခုန်လာသမျှ သူနဲ့ ပတ်သက်ပြီး ဝေး ဘက်က ဘာမှ ကြီးကြီးမားမား အားစိုက် ထုတ်စရာတောင် မလိုတော့ဟု သိခွင့်ရလိုက်သည်။

ဝေးသည် စပါးကြီးမြွေရဲ့ သည်းခြေတွေ စုပုံထား သော သူ့နှုတ်ခမ်းလေးကို တစ်ချက် ပြုံးကြည့်လိုက်ပြီးနောက် ...

Scanned by CamScanner

"ကိုယ့် ကလပ်စ်ချိန်တွေနဲ့ မငြိရင်တော့ ရပါတယ်"

"အိုခေ ... မင်း အဆင်ပြေတဲ့ အချိန်ကိုသာပြော။ မင်း ဘော်ဒါလေးတွေနဲ့ရော ညှိဦးလေ"

"ရတယ်။ အဲဒါက အသေးအမွှားပါ"

အဲဒီအချိန်မှာပင် ဖိုးဖြည့်တို့က ဝေး ထံသို့ ပြန်ရောက်လာကြပြီးလျှင် ...

"မမဝေး သားတို့နဲ့ တုတ်ထိုး လိုက်စားလေ"

"တော်ပါပြီကွာ။ ဒီမှာ အာနိုးတို့ဘက်က သူက မနက်ဖြန် တို့နဲ့ ဖိုက်ဦးမယ်တဲ့ကွ။ ဘယ်လိုလဲ"

"အာ ... ရတာပေါ့။ ဒါပေမဲ့ မမဝေး ပါမှနော်"

"အေးပါ၊ အဲဒါ ကစားမှာလား"

"ကစားမှာပေါ့၊ ဟား ... ဒီနေ့ ဖိုက်ရတာ ရေလည်မိုက်တယ်နော်၊ ကိုကြီး မနက်ဖြန် ဖိုက်ဦးမှာလား။ ဖိုက်မယ်နော် ... အဟဲ ဟဲ"

သူက ဖိုးပြည့်ရဲ့ခေါင်းကို ချစ်စနိုးဟန်ဖြင့် တစ်ချက် နှစ်ချက် ပုတ်လိုက်သေးသည်။ ဝေးက ဒါကို လက်ပိုက်ရင်း အသာပြုံးကြည့်နေမိလေသည်။

"ဖိုက်ကြတာပေါ့ကွာ။ မနက်ဖြန် မင်းတို့ရှုံးရင် ဘာကျွေးမှာလဲ"

"ဟာ ... ကိုကြီး ကြိုက်တာ စားဗျာ။ ဟုတ်တယ်နော် မမဝေး"

ဝေးက ဖိုးပြည့်ကို ပြုံးကာ ခေါင်းညိတ်ပြမိသည်။ သူတို့လေးတွေ ဝက်သားတုတ်ထိုးစားဖို့ ဆူဆူညံညံနှင့် ထွက်သွားကြပြီးလျှင် သူက ဝေးဘက်သို့ တမေ့တမော လှည့်ကြည့်လာပြန်လေသည်။

"ကိုယ့်ရဲ့ ပြိုင်ဘက်သစ် တစ်ယောက်နဲ့ မိတ်ဆွေဖြစ်ချင်ပါတယ်။ အဲဒါ ကိုယ်တို့ အတူတူ ကော်ဖီသောက်ရအောင်။ ဒီနားလေးတင်ပါ၊ မစွတာဂစ်တာ တင်ပဲ။ ဘယ်လိုလဲ ...

ဪ ... ကိုယ်က ရိုးရိုးသားသားနော် မိန်းကလေး ...

အင်း ... ဒီကပဲ တစ်မျိုးဆန်းပြားတော့မည့်ပုံ။ ဆသည် နှုတ်ခမ်းစွန့်ရုံ ပြုံးရင်းမှ ခေါင်းတစ်ချက် ညိတ်ပြမိလေသည်။

Scanned by CamScanner

"ရပါတယ်။ မင်း ရှေ့က သွားလိုက်ပါ"

သူက သူ့ပြိုင်ကား အဝါကို ရှေ့က မောင်းထွက်သွားသည်။ ဝေးရဲ့ Volvo (ဗော်လ်ဗို)ကားက သူ့အနောက်မှာ ပေါ်ရှာရှာ လိုက်ပါလို့နေသည်။ ကားကို ခပ်ဖြည်းဖြည်း မောင်းနှင်လာရင်းမှ နားထဲတွင် ပဒုမ္မာရဲ့ စကားသံတွေကို ပြန်ကြားယောင်လာခဲ့မိသည်။

["စက မိန်းကလေးတစ်ယောက်နဲ့ ကြည်ဖို့ အရမ်းလွယ်တယ်။ အဲဒီအတွက် ဝင်ရတာ မခက်ဘူး။ ခက်တာက သူ့ကို ချည်ထားနိုင်ဖို့ပဲ။ သူလိုလူမျိုးက ဘယ်တော့မှ အချည်နှောင်ခံချင်တဲ့ ယောကျ်ား မဟုတ်ဘူး ...

သူက နင့်ကို ကိုယ့်ကို ချည်နှောင်ပါလို့ ပြောလာတဲ့နေ့ဟာ နင့်ဆီမှာ သူ ဒူးထောက်တဲ့နေ့ပဲလို့ နင် သတ်မှတ်လိုက်တော့ ဝေးဝေး"]

ဝေးသည် ပဒုမ္မာရဲ့ စကားကို ပြန်လည်ကြားယောင်ရင်း ကားထဲမှ CD ကို လှမ်းဖွင့်လိုက်လျှင် ဂျက်စတင်းတင်ဘာလိတ်၏ Cry me river သီချင်းသံက လွင့်ပျံ့ထွက်လာသည်။

ဝေးဟာ ထိုသီချင်းကို တိုးတိုးလိုက်ညည်းရင်းမှ "ခရိုင်းမီ 'ဇ'"
ဟု တိုးတိုးရေရွတ်လိုက်မိသွားသည်။

သိပ်မကြာခင်မှာပင် မစ္စတာဂစ်တာသို့ ရောက်လာ
ခဲ့ပြီးနောက် သူက ဆိုင်ထဲသို့ အရင်ဝင်သွားသည်။ ဝေးက သူ
နှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်ပြီးချိန်၌ ...

"မင်း ဘာသုံးဆောင်မလဲ"

"ကော်ဖီအမေရိကန်နို"

"အိုခေ ... ကိုယ်က ဘလူးမောင်းတိန်း၊ ရပြီနော် ညီလေး"

ဝိတ်တာလေးက ခေါင်းညိတ်ပြပြီး ထွက်သွားချိန်
ဝယ် သူက ဆိုဖာပေါ် သက်သောင့်သက်သာ မှီထိုင်လိုက်လေသည်။

"ကျေးဇူးပြုပြီး မင်းရဲ့ Gucci မျက်မှန်လှလှလေးကို ခဏ
ချွတ်ပေးလို့ ရမလား မသိဘူး"

"ဘာအကြောင်းကြောင့်များလဲ"

"ကိုယ်က သူငယ်ချင်းတွေရဲ့ မျက်လုံးတွေထဲကို တည့်
တည့် စိုက်ကြည့်ပြီးမှ စကားပြောတတ်လို့ပါ၊ ရမလား။
Request ..."

Scanned by CamScanner

ဝေးက အသာတကြည့်ပင် မျက်မှန်ကိုချွတ်ကာ စားပွဲပေါ် တင်လိုက်သည်။ မျက်မှန်ချွတ်လိုက်သည့် တစ်ခဏမှာပင် မျက်နှာဖုံးတစ်ခု ချွတ်ချလိုက်သလို သူနဲ့ ဝေ့ကြားတွင် အရာအားလုံး ရှင်းရှင်းလင်းလင်းကာ ‌တောက်ပသွားခဲ့သည်။

အထူးသဖြင့် မျက်ဝန်းတွေချင်း တွေ့ဆုံကြသော အခိုက်၌ သူရော ကိုယ်ရော အပြန်အလှန် သိရှိနားလည်သွားသည့် အဖြစ်တစ်ခုမှာ ဝေးတို့ ရှေ့ဆက်ပြီး ပတ်သက်သွားကြဖို့ ရှိသည်ဟူသော အချက်ပဲ ဖြစ်လေသည်။

"ကိုယ့်နာမည်က ဇော်။ အပြည့်အစုံကတော့ စဝ်ခွန်ဇော်ပေါ့"

"မင်းက တောင်ကြီးသားနဲ့ တူတယ်"

သူ့မျက်လုံးများက အနည်းငယ် အံ့သြသလို အရောင်ပြောင်းသွားပြီးမှ ...

"ဟုတ်တယ်၊ မင်းက နာမည်ကြည့်ပြီး ဆုံးဖြတ်တာလား"

"မဟုတ်ပါဘူး၊ ဒီလိုပဲ ထင်လိုက်တာပါ၊ မင်းတို့ တောင်ကြီးသားတွေက ဒီစိုင်းတွေ မြောက်တယ်လေ"

သူ့မျက်နှာက ရွှင်မြူးရိပ်ဖြင့် တောက်ပသွားလေသည်။ ဝေးသည် တစ်ခဏတွင်းမှာပင် သူဟာ ဘယ်လိုပုံစံမျိုးသုံး၍ ချဉ်းကပ်ရမည့် ယောကျ်ားမျိုးလဲ ဆိုတာ သဘောပေါက်သွားသည်။

"ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ မင်းနာမည်ကိုတော့ အခုထိ သိခွင့်မရသေးဘူးနော်"

အဲဒီအချိန်မှာပင် ကော်ဖီတွေ လာချသဖြင့် စကားဆက်ပြတ်သွားသည်။ ဝေးသည် သူ့မျက်နှာကို မကြည့်ဘဲ ကော်ဖီပန်းကန်ရဲ့ လက်ကိုင်ကွင်းလေးကို တို့ထိနေရင်းမှ ...

"ကိုယ့်နာမည်က မိုးထက်ဝေးဝေးပါ"

"မြင့်တယ်နော်၊ မင်းကို ဝေးလို့ ခေါ်မယ်။ ဖြစ်မလား"

ဝေး ... တဲ့။ ဒီလို တစ်လုံးတည်း အဖျားဆွတ်ခေါ်သူဟာ စင်ရော် တစ်ယောက်ဘဲ ရှိခဲ့သည်။ အို ... သူမ ဘာမှ ထပ်မစဉ်းစားချင်တော့။

"မင်း ကြိုက်သလို ခေါ်နိုင်တယ်"

သူက ပြုံးကာ အိုခေဟု တိုးတိုးရေရွတ်ရင်း သူမ အလွန်မုန်းသော ဘလူးမောင်းတိန်းကို တမျှဉ်းမျှဉ်းနှင့် အရသာခံကာ သောက်လေသည်။ သူမကိုလည်း သောက်ပါဦး ဟူသော အထာဖြင့် လက်တစ်ဖက်ဆန့်ကာ ညွှန်ပြသေးသည်။

ဝေးသည် ကော်ဖီသောက်ရင်းမှ ဒီလို အမိုက်စား အပြုံးတွေ၊ အပြုအမူတွေအောက်မှာ ပဒုမ္မာ တိုက်ပွဲကျခဲ့တာ ဖြစ်မှာပဲဟု တွေးကာနေမိလေသည်။

"မင်းက ကောင်တာပစ်တာ တော်တော်ကျွမ်းပုံရတယ်။ မိန်းကလေးတန်မဲ့ ဝါသနာပါသလား ဝေး"

"မိန်းကလေး ဝါသနာမပါရဘူးလို့ ဘယ်သူပြောလဲ"

"ဘယ်သူမှတော့ မပြောဘူးလေ။ မိန်းကလေး အများစုက ကိုယ်တွေ့လိုက်ရင် လာစမ်းပါဦး ဟိုနားလိုက်ပို့ပါ၊ ပလာဇာသွားမလို့၊ ရှော့ပင်းလုပ်မယ်၊ မြရိပ်ညိုမှာ လက်သည်းပြင်မယ်၊ ၂၀၀၇ ရဲ့ ဟဲလ်စတိုင်လ် အသစ်က ဘာလဲ ?။ ဒါတွေပဲ စိတ်ဝင်စားနေကြတာပဲလေ"

"တစ်မျိုးစီပေါ့ ဇရဲ့။ မိန်းကလေးတိုင်းကို အဲဒီလိုချည်းတော့ ပုံသေမှတ်မထားနဲ့လေ။ အဲဒါဆို မင်း မှားသွားမှာပေါ့"

"ဟုတ်တယ်။ ဒီအတိုင်းဆို ကိုယ့်အမြင်တွေကို ဆေးပစ်ရဦးမယ်။ ဘာပဲပြောပြော မငါ့လို ကောင်တာပစ် အင်မတန်တော်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ခင်မင်ခွင့်ရတာ ဒီနေ့အဖို့တော့ ကိုယ့်အတွက် တော်တော်အဓိပ္ပာယ်ရှိသွားခဲ့ပြီဝေး"

သူမသည် သူ ဝေးလို့ တစ်ခွန်းခေါ်တိုင်း နောက်ကျောထဲမှ စိမ့်တက်လာခဲ့သည်ကတော့ ဘာကြောင့်မှန်း မသိချေ။

"မင်း ကိုယ့်ကို အဲဒီလောက်လည်း အထင်မကြီးစမ်းပါနဲ့။ ဒီလိုင်းမှာ တကာယ့်ဆရာတွေ အများကြီးပါ။ အီးစပို့(တ်)ကို အင်တာနေရှင်နယ်ထိ မှန်းထားတဲ့ လူငယ်အဖွဲ့တွေ အများကြီးပဲ ရှိတယ်။ ပြိုင်ပွဲမှာ ဆုတွေလည်း ရထားတယ် ...

ဥပမာ ... အယ်လ်တာနေတစ်အဖွဲ့ဆိုရင် မြန်မာပြည်မှာ အတော်ဆုံး အဖွဲ့ပဲ။ သူတို့နဲ့ယှဉ်ရင် ကိုယ်က ဘာမှ မဟုတ်တော့ဘူး။ ကိုယ်က အပျော်တမ်း အဆင့်ပါ ဗျ"

သူက သူမကို တစ်ခဏမျှ ငေးစိုက်ကြည့်နေခဲ့တာ ဖြစ်သည်။ သူမသည် သူ့အကြည့်တွေကို ဘာမှမဖြစ်သည့်ဟန်ဖြင့် ကော်ဖီကို မော့သောက်နေရသော်လည်း လက်ဖျားတွေ အေးစက်နေသည် ဆိုတာကိုတော့ ကိုယ့်ဘာသာပင် ထိတ်လန့်က သတိထားမိသည်။

"မင်းက ကောင်တာပစ်တာနဲ့ ပတ်သက်ပြီး တော်တော်နဲ့စပ်တာပဲ ဝေး။ မင်း ဘယ်အချိန်တည်းက စ,ကစားတာလဲ"

"ကြာပါပြီ၊ မြန်မာပြည်မှာ သိပ်ခေတ်မစားခင်ကတည်းက ဒီကစားနည်းက အိုင်ကြူနဲ့လည်း ဆိုင်တယ်လို့ ကိုယ်ထင်တယ်။ နောက် စိတ်လှုပ်ရှားဖို့လည်း ကောင်းတယ်။ ကိုယ်တိုင် စစ်တိုက်နေရတဲ့ ဖီလင်မျိုး ရနေတာတော့ အမိုက်ဆုံးပေါ့ ...

ကိုယ်ကတော့ ပျင်းရင်ပဲဖြစ်ဖြစ်၊ စိတ်ညစ်ရင်ပဲဖြစ်ဖြစ် ကောင်တာ လာပစ်လိုက်တာပဲ။ အသားကုန် ဆော်တော့တာ"

"ဟုတ်တယ် ဝေး။ မင်းနဲ့ ကိုယ်နဲ့ ဗီလင်ချင်း ညီတယ်၊ မင်းကို ကိုယ် အရမ်းစိတ်ဝင်စားသွားပြီ"

ဒီစကားကို သူက ဘာမှမဖြစ်သလို ပြောပြီးလျှင် သူ့ကော်ဖီသူ မော့သောက်နေတော့သည်။ ဝေးက နာရီကို တစ်ချက်ကြည့်မိလျှင် သူက အလိုက်သိတတ်ဟန်ဖြင့် ...

"အချိန်မရှိတော့ဘူးလား ဝေး။ အိုခေလေ ... လစ်စို့။ ဪ ... ကော်ဖီကို ကိုယ် တိုက်မှာနော်။ ရှုံးတဲ့အတွက် အမှတ်တရပေါ့"

ဝေးက ပြုံးကာ မျက်မှန်ကို ကောက်တပ်ပြီးနောက် တတ်တတ်ထရပ်လိုက်ရင်းမှ ...

"မနက်ဖြန်ကျရင်တော့ ကိုယ်နိုင်တဲ့အတွက် မင်းကို တိုက်ပါ့မယ်"

သူက ညစ်ကျယ်ကျယ် ပြုံးလေသည်။ ပြီးလျှင် သူ့မှ စိတ်အဝင်စားဆုံး စကားဖြင့် စိန်ခေါ်ခဲ့တာ ဖြစ်သည်။

Scanned by CamScanner

"လောင်းမလား ဝေ။ မနက်ဖြန် မင်း မနိုင်စေရဘူး"

"အို ... သိပ်လောင်းတာပေါ့။ ဒါမျိုးမှ ..."

သူက ဘာမှပြန်မပြောတော့ဘဲ သူ့ကားတံခါးကိုသာ မှိုလျက် ဝေးကို ခပ်နက်နက် စိုက်ကြည့်ရင်း ကျန်ခဲ့တာဖြစ်သည်။ ဝေးသည် ကိုယ့်ကားပေါ် ကိုယ်တက်မောင်းလာခဲ့ရင်းမှ သူဟာလည်း စိတ်ဝင်စားဖို့ကောင်းသော ယောကျ်ားတစ်ယောက် ဆိုတာ အသိအမှတ် ပြုလိုက်ရပြီ ဖြစ်သည်။

ပြီးတော့ မနက်ဖြန် ပြိုင်ပွဲမှာ သူဟာ အလွယ်တကူ အရှုံးပေးလိမ့်မည်မဟုတ် ဆိုတာကိုလည်း ဝေး ရိပ်မိသိရှိခဲ့ပါသည်။

❦ ❋ ❦

ဝေဒနာ၊ အကြံပြုတာ၊ စိတ်ထက်တာများ ပေးပို့လိုပါလျှင်



"အား ... မီးခိုးဗုံး ခွဲထားတယ်၊ ဘာမှ မမြင်ရတော့ဘူး"

"ငါ့ကို ကာပစ်ပေး"

"ဒီမှာပဲ ကင်းစောင့်နေခဲ့"

M-16 အသံတွေကြားမှာ လက်ပစ်ဗုံးကွဲသံတွေ ညံ

သလို သူ့အဖွဲ့နှင့် ဝေးတို့အဖွဲ့သည်လည်း ရေကုန်ရေခန်း

Scanned by CamScanner

ယှဉ်ပြိုင်လျက် ရှိသည်။ သူဟာ ဝေးကို မရှုံးချင်သောစွဲဖြင့် အတော်ကြိုးစားနေသည် ဆိုတာ သိသာသည်။ သို့သော် ဝေးဟာ သူ့ကို နိုင်ဖို့ ခွင့်မပေးနိုင်ပါ။

"ဝင်သိမ်းထားလိုက်တော့"

ဘုရင်မတစ်ယောက်သဖွယ် ဝံ့ကြွားသော အမိန့်ပေးသံအဆုံးတွင် ပြိုင်ပွဲက လုပစွာ ပြီးဆုံးသွားသည်။ ကလေးတွေက ဟေးခနဲ အော်ဟစ်ကာ နားကြပ်တွေချွတ်လျက် ပျော်ရွှင်စွာဖြင့် ထခုန်ပေါက်ကြသည်။

အာနီးတို့ရော၊ သူတို့ခေါင်းဆောင်ရောသည် အသီးသီး ရှုံ့မဲ့လျက် ထလာကြလေသည်။

သူက ဝေးကို အောင့်သက်သက် ပြုံးပြရင်း ...

"ကွန်ကရက်ကျူးလေးရှင်း ဝေး။ မင်း သိပ်တော်ပါတယ်"

"ကိုယ် မတော်ပါဘူး ဇ ။ အုပ်စုလိုက် ကောင်းလို့ပါ"

"ထားပါတော့။ ကိုယ်တို့ ရှုံးပြီလေ။ အဲဒီအတွက် ဘာလုပ်ပေးရမလဲ"

ဝေးက သူ့စကားကို သဘောတကျဖြင့် ရယ်မောကာ ...

Scanned by CamScanner

"ဘာမှလုပ်ပေးဖို့ မလိုပါဘူး။ အပျော်သဘော ကစားတာ ပဲ ဇရယ်"

သူက တစ်ခုခု ပြန်ပြောဖို့ ဟန်ပြင်နေတုန်းမှာပင် ကားတစ်သိုက်က အနားသို့ ရောက်လာခဲ့သည်။

"မမဝေး သားတို့ နိုင်တဲ့အတွက် ဂိမ်းစီးတီးကို လိုက်ပို့ခိုင်းရအောင်၊ ဒီကောင်တွေက စပွန်ဆာပေးမှာလေ"

"ဖိုးပြည့်တို့က သွားချင်လို့လား။ မလုပ်ပါနဲ့ကွာ၊ မမဝေး ပဲ လိုက်ပို့ပေးပါ့မယ်"

"မဟုတ်တာဘဲ ဝေးရဲ့။ ကိုယ်တို့က ရှုံးတဲ့လူတွေပဲ။ သွားလိုက်ပါ။ သူတို့လည်း ပျော်ပျော်ပါးပါးပေါ့။ ဂိမ်းစီးတီး ထဲမှာ သူတို့ ပျော်ပျော်ပါးပါး ဆော့ပါစေ။ မင်းက ကိုယ့်ကို ဖြူးတီးအတ်ဂျပန်မှာ ကော်ဖီတိုက်ပေါ့။ မကောင်း ဘူးလား"

"ကောင်းတယ် ... ကောင်းတယ် ... အဲလိုပဲ လုပ်မယ် မမဝေး"

Scanned by CamScanner

ကလေးတွေက အားတက်သရော ထောက်ခံကြ သဖြင့် ဝေးသည် အသာပြုံးကာ ခေါင်းညိတ်လိုက်ရသည်။ အဲဒီ နောက် ကားနှစ်စီးနှင့်ပင် တိရစ္ဆာန်ဥယျာဉ်ထဲရှိ ဂိမ်းစီးတီးသို့ ချီတက်ကြလေသည်။

ဟိုရောက်လျှင် ကလေးတွေက ဂိမ်းစီးတီးထဲသို့ ဝင်ကြ၍ သူနဲ့ ဝေးက ဖြူးတီးအတတ်ဂျပန်မှာ ကော်ဖီသောက် ကြသည်။ သူသည် ရုတ်တရက် ကောက်ခါငင်ခါနှင့်ပင်။

"ဝေး ... မင်း အလော်င်းအစား လုပ်ရတာ ဝါသနာပါ လားဟင်"

သူ့စကားကြောင့် ဝေးပင် လန့်ဖျပ်သွားရသည်၊ ဘာမှ မဖြစ်သယောင် အကြီးအကျယ် ဟန်ဆောင်လျက် ခပ်တည်တည်ပင် ပြန်မေးရ၏။

"ဒီလိုပါပဲ၊ ဘာဖြစ်လို့ မေးတာလဲ"

"ကိုယ် ခန့်မှန်းတာ မလွဲဘူးဆိုရင် မင်းက အလော်င်း အစား လုပ်တာ ဝါသနာပါပုံ ရတယ်။ ဟုတ်တယ် ဟုတ်"

စူးစူးရှရှ စိုက်ကြည့်ကာ မေးသော သူ့အကြည့်တွေ အောက်တွင် ဝေးသည် အတော်တောင့်ခံ ရင်ဆိုင်ထားရသည်။

"ရှင်က ဘာဖြစ်လို့ အဲဒီလို မေးရတာလဲ"

"မင်း မငြင်းဘူးဆိုရင် ဝန်ခံတယ်လို့ ကိုယ် သတ်မှတ်လိုက်မယ်။ မင်းရဲ့ မျက်လုံးတွေကို ကိုယ် သတိထားမိတာ ဝေး။ မင်းမျက်လုံးတွေက တစ်ခုခုဆို အရှုံးပေးချင်တဲ့ အရိပ်ယောင် လုံးဝမရှိဘူး ...

ပြီးတော့ ... တစ်ခုခုအတွက် မင်းက တန်ရာတန်ကြေး အပြည့်အဝ လိုချင်တဲ့သူပဲ"

သူ့စကားကို ဝေးသည် ခေါင်းမော့လှန်လျက် အားရပါးရဖြင့် တဟားဟား အော်ရယ်မိလေသည်။ သူက ဝေးရယ်နေပုံကို တရှိုက်မက်မက် ငေးကြည့်ပြီး ပြောသည်မှာ ...

"ကိုယ်လေ မိန်းမတွေ တဟားဟား ရယ်တာလောက် မုန်းတာ မရှိဘူး သိလား။ သူတို့ အမူအရာတွေက လုံးဝကြည့်မကောင်းဘူး။ ဒါပေမဲ့ မင်း ရယ်တာတော့ အရမ်းကြည့်လို့ကောင်းနေတယ် ဝေး"

ဟူ၍ ဖြစ်လေသည်။

အဲဒါ ဘာစကားလဲ။ သူ့စကားတွေက အဓိပ္ပာယ်

တစ်မျိုးကို ဆောင်သည်။

ဝေးသည် သူ့စကားတွေကို ဘယ်လိုမှ မှုဟန်မပြ

ဘဲ ...

"ကျွန်မ စာသားလေးတစ်ခု ရွတ်ပြမယ်။ နာမည်ကြီး ဓာတ်ပုံဆရာတစ်ယောက်ရဲ့ စတူဒီယိုမှာ တွေ့ဖူးတဲ့ စာသားလေးပေါ့။ အလုပ်တစ်ခု လုပ်တဲ့အခါမှာ အဲဒီအလုပ်အတွက် တန်ရာတန်ကြေး မယူဘူးဆိုရင် အဲဒီအလုပ်ကို သစ္စာဖောက်ရာ ကျတယ်တဲ့။ အဲဒါပဲ"

သူက လက်ဖျောက်တစ်ချက် ထတီးကာ ...

"မင်း စကားက မိုက်တယ် ဝေး။ ကိုယ် ကြိုက်တယ်။ မင်းက ကိုယ်ထင်တာထက်တောင် ထူးခြားတဲ့ မိန်းကလေးပဲ။ မင်းက ကိုယ်တွေ့ဖူးခဲ့တဲ့ တခြားမိန်းမတွေနဲ့ လုံးဝမတူဘူး"

ဒီစကားကိုတော့ ဝေးသည် ပခုံးတစ်ချက် တွန့်၍ သာ ဟန်ပါပါ တုံ့ပြန်လေသည်။ သူက ဝေးရဲ့ခါးပတ်တွင် ချိတ်ထားသော မိုဘိုင်းလ်ဖုန်းထံ တစ်ချက်ကြည့်လျက် ...

"မင်းဆီ ကိုယ် ဖုန်းဆက်လို့ ရမလား ဝေ:"

"ရပါတယ်၊ ကိုယ့်ဖုန်းနံပါတ်က (......) ... တဲ့"

"အိုကေ ... ကိုယ့်နံပါတ်လည်း မင်း မှတ်ထားလေ ... (......)"

သူက ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက် ... "မင်းနဲ့ ကိုယ်က သူငယ်ချင်း ဖြစ်သွားပြီဆိုတော့ မင်း အကြောင်းကို ကိုယ် သိချင်တယ် ဝေ။ မင်းအကြောင်း ကို ပြောပြပါလား"

"ကိုယ့် အကြောင်းက ဘာမှ မထူးခြားပါဘူး၊ ကိုယ်က တစ်ဦးတည်းသောသမီးပါ၊ E.major နဲ့ ဘွဲ့ရထားတယ်။ လက်ရှိမှာ MBA တက်နေတယ်၊ ကွန်ပျူတာနဲ့ ပတ်သက် ပြီး နည်းနည်းပါးပါး စိတ်ဝင်စားလို့ လေ့လာတယ် ...

တခြား ဝါသနာကတော့ ကောင်တာပစ်တာတို့၊ သီချင်းနားထောင်တာတို့၊ ရုပ်ရှင်ကြည့်တာတို့၊ စာဖတ်တာ တို့ပေါ့။ မိန်းမဆန်တဲ့ အလုပ်တွေတော့ ကိုယ်ဝါသနာ မပါဘူး၊ ကိုယ့်အကြောင်းက ဘာမှ ထွေထွေထူးထူး မရှိ ပါဘူး။ ဒီလောက်ပဲ"

Scanned by CamScanner

ဝေးရဲ့ စကားအဆုံးမှာပင် ခါးမှာချိတ်ထားသော ဖုန်းက မြည်လာသဖြင့် နံပါတ်ကို ကြည့်လိုက်လျှင် ပဒုမ္မာ ဖြစ်နေသည်။ ဝေးသည် သူ့ကို အကြည့်တစ်ချက်ဖြင့်သာ ခွင့်တောင်းလိုက်ပြီး ဖုန်းကိုဖွင့်ကာ နားထောင်လိုက်သည်။

"ဝေးဝေး ... ငါပါ"

"အေး ... သိကယ်၊ ဘာလဲ ... ပြော"

"နင်တို့ တော်တော် အဆင်ပြေနေပြီလား"

ဝေးသည် ဘာကို ဆိုလိုမှန်းလဲ သိသည်။ သို့သော် ပဒုမ္မာ သိချင်တာကို ချက်ချင်း အဖြေမပေးသေးဘဲ ...

"အခု နင် ဘယ်မှာရောက်နေတာလဲ"

"ငါ အဲဒီနားက ထိုင်းအစားအစာဆိုင်ကို သူငယ်ချင်းတစ်ယောက်နဲ့ ထမင်းလာစားတာ။ မြူးတီးအတော်ဂျပန်ရှေ့မှာ နင်တို့နှစ်ယောက်ကားကို တွေ့လို့"

"နင် ဝင်လာခဲ့ပါလား"

"မရှိပါနဲ့ ဝေး။ ဘယ်လိုလဲ အဆင်ပြေနေပြီလား"

"အင်း ... ဒီလိုပါပဲ။ နင် အရေးမကြီးဘူးဆိုရင် ငါ ဖုန်းပိတ်တော့မယ်"

Scanned by CamScanner

"အေး ... နောက်မှ ဆက်ပြောတာပေါ့။ ဒါနဲ့ သူဟာ စိတ်ဝင်စားဖို့ ကောင်းတယ် မဟုတ်လား။ အမှန်အတိုင်း ပြော"

ဝေးသည် ပဒုမ္မာရဲ့စကားကို ခပ်တိုးတိုး ရယ်မိနေပြီးမှ ...

"ထင်ရတာပဲလေ"

ဟု ပြောလျက် ဖုန်းကို ပိတ်ပစ်လိုက်လေသည်။ သူ့ကို ကြည့်လိုက်လျှင် သူက ဝေးကို အသင့်စောင့်နေသော မေးခွန်းဖြင့် ...

"ဝေး ... မင်းမှာ ယောကျ်ားလေးသူငယ်ချင်း ရှိသလား ဟင်"

ဝေးသည် သူ ဒီလိုမျိုး မေးလာလိမ့်မည်ဟု ဘယ်တုန်းကမှ မျှော်လင့်မထားသဖြင့် သူ့အမေးကို ချက်ချင်း ပြန်မဖြေနိုင်ချေ။ သို့သော် တစ်ခုခုကို စဉ်းစားနေလျှင် ဘယ်တော့မှ စဉ်းစားနေဟန် မပေါက်သော ဝေးရဲ့ အမူအရာအကိုင်း အကြာကြီး ပြုံးနေပြီးမှ သူ့ကို ပြန်ဖြေတာ ဖြစ်သည်။

"မင်းက ဘယ်လို ထင်လို့လဲ"

ဝေးဆီက အဖြေတစ်ခုခု ပြန်ကြားရလိမ့်မည်ဟု မျှော်လင့်ထားသမျှ မေးခွန်းတစ်ခုသာ ပြန်ထွက်လာသဖြင့် သူ့ထံမှ အာခံနဲ့ သံရှည်ဆွဲသံကြီးတစ်ခု ထွက်ပေါ်၍ လာလေသည်။

"အား ...။ ကိုယ်မေးတာကို မင်းက ဖြေရမှာလေ ဝေးရဲ့"

"မင်း ထင်ချင်သလို ထင်လိုက်ပါ၊ အဲဒါ အမှန်ပဲ"

"ဟာ ... မဟုတ်သေးပါဘူးကွာ။ ကိုယ်က ရှိတယ်လို့ ထင်နေရင်ရော"

"ဒါဆိုလည်း ရှိတယ်ပဲပေါ့"

သူ့မျက်နှာက ရှုံ့မဲ့သွားလျက် ...

"ဟင်း ... မဟုတ်သေးပါဘူးကွာ။ ကိုယ့်အထင်က ဘယ်လိုလုပ်ပြီး သေချာတဲ့ မှန်ကန်မှု ဖြစ်နိုင်မှာလဲ။ ဝေး ... မင်းက သူများကို အတော်အသည်းယားအောင် လုပ်တတ်တဲ့ မိန်းကလေးပဲ"

ဝေးသည် ပခုံးနှစ်ဖက်ကို လှုပ်ကာ လှုပ်ကာ ရယ်မိလေသည်။ တဟားဟား အော်ရယ်ခြင်းတော့ မဟုတ်ချေ။ အသံတိတ် တိတ်တဆိတ် ရယ်မောတာသာ ဖြစ်၏။

"ဟိတ် ... ပြောကွာ"

အံမယ် ...။ သူကပင် စိတ်မရှည်သေးတဲ့ လေသံနှင့်။ ဝေးသည် အရယ်ကို ရပ်လိုက်ရင်း သူ့မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်လိုက်လေသည်။

"ကိုယ်က မင်းကို လွတ်လပ်ခွင့် အပြည့်အဝ ပေးထားတာပဲ ဇရဲ့၊ မင်းက အခွင့်အရေးကို မယူတတ်တဲ့သူပါ။ မင်းက ကိုယ့်ကို မရှိဘူးလို့ ထင်ရင်တော့လည်း မရှိဘူး၊ အေးဆေးပေါ့ ...

မင်းက ကိုယ့်ကို ရှိတယ်လို့ ထင်ရင်လည်း မရှိအောင် လုပ်ရမှာ ကိုယ့် တာဝန်ပေါ့၊ မဟုတ်လား ... ဟင် ? ..."

သူက ဝေးရဲ့စကားကို စဉ်းစားသလိုနှင့် ခေတ္တငြိမ်သက်စွာ ရှိနေသေးသည်။ ပြီးလျှင် သူ့မျက်နှာကား တဖြည်းဖြည်းနှင့် ပြုံးလို့လာပါသည်။

"မင်းက ဘာလို့ အဲဒါကို စိတ်ဝင်စားရတာလဲ ဇရဲ့။ ကိုယ်တောင် မင်းကို စိတ်မဝင်စားဘူး။ အဲဒါတွေက အရေးပါလို့လား"

Scanned by CamScanner

သူသည် ဘာမှမပြောဘဲ ပြုံးရုံသာ ပြုံးနေပါသည်။ သူ့ကို ဝေး ပထမဆုံး စတွေ့စဉ်က သူ့အနားမှာ ကောင်မလေး တစ်ယောက် ရှိခဲ့ဖူးတာကို သူ ပြန်အမှတ်ရသွားတာ ဖြစ်မည်။

"ဝေး … မင်းက ကိုယ့်အတွက် အဖော်ကောင်း ဖြစ်လာလိမ့်မယ်လို့ ကိုယ် ထင်တယ်။ အဲဒါရော မှန်နိုင်သလား ဝေး"

ဝေးသည် ကိုယ့်စကားနဲ့ကိုယ် ပြန်ချည်မိပြီးဖြစ်မှန်း သိသော်လည်း ဒီစကားမှ ရှောင်ထွက်မသွားချင်တော့။ သို့သော် ဝေး ပြန်ဖြေတာ ပညာရှင် ဆန်လေသည်။

"ကိုယ်က လူတွေကို ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသား ဆက်ဆံတဲ့အတွက် လူတွေကလည်း ကိုယ့်ကို ယုံကြည်ရတဲ့ အဖော်ကောင်း တစ်ယောက်အဖြစ် သတ်မှတ်ကြတယ် ဇ"

"ဒါဆို မင်းကို ကိုယ် ယုံကြည်လို့ ရတယ်ပေါ့နော်"

"မင်းသဘောပဲ"

Scanned by CamScanner

သူ့ကို ရယ်ဟဟဖြင့် ပြန်ဖြေအပြီးမှာပဲ သူက ခင်မှတ်မထားသော အရာတစ်ခုကို တောင်းဆိုလာခဲ့တာ ဖြစ်ပါသည်။ သူသည် ဝေးရဲ့ ဆေးမကူထားသော လက်သည်းပန်းရောင်များကို ငေးကြည့်ရင်းမှ ...

"ဝေး ဟိုဘက်က ဖြူးတီးဆလွန်းမှာ လက်သည်းပုံဖော်တာ ရှိတယ်။ ဒစ်ဂျစ်တယ်ကွန်ပျူတာနဲ့ မင်းလက်ပေါ်မှာ အရုပ်လေးတွေ နှိပ်ကြည့်ပါလား။ ဒါဆို အင်မတန် ချစ်စရာကောင်းသွားမယ်"

"နေပါစေ၊ ကိုယ် ဝါသနာ မပါပါဘူး"

"အရင်က မပါလည်း အခု ပါလိုက်ကွာ။ လာပါ မင်းလက်လေးတွေက အရမ်းလှတာ၊ အဲလို လုပ်လိုက်ရင် ပိုချစ်စရာ ကောင်းသွားမယ် ...

မငြင်းပါနဲ့ကွာ။ ရှုံးနိမ့်ရသူ တစ်ယောက်ရဲ့ တောင်းဆိုမှုကို သနားသောအားဖြင့် လက်ခံပေးပါနော်"

ဝေးသည် သူ့အပြောကို မျက်စောင်းတစ်ချက်နဲ့ပင် တုံ့ပြန်လျက် မငြင်းဘဲ လက်ခံလိုက်လေသည်။ သူက ဝမ်းသာ

Scanned by CamScanner

အားရဖြင့် ဝေးက ဖြူးတီးအတ်ဂျပန်ထဲရှိ အခန်းဘက်သို့ ခေါ်သွားသည်။ ဝေးရဲ့ လက်လေးတွေကို စက်ထဲ ထည့်ပေးလိုက်လျှင် ဆန်းသစ်သော ပညာဖြင့် လက်သည်းပေါ်တွင် လိပ်ပြာအရုပ်လေးတွေ ထင်ဟပ်သွားချေပြီ။

သူက ဖျတ်ခနဲပင် ဝေးရဲ့ လက်လေးတွေကို ဆွဲယူကြည့်လျက် ...

"အရမ်းလှတယ်နော်။ အဲဒါ ကိုယ့်ရဲ့လက်ဆောင်ပဲ ဝေး။ ဘယ်လိုလဲ ကြိုက်လား"

သူက ပြုံးကာမေးရင်း ဝေးရဲ့လက်လေးကို အသာလွှတ်ပေးလိုက်သည်။ ဝေးသည် ဘာမှမဖြစ်သလိုဟန်ဖြင့် ပြုံးနေရသော်လည်း ကိုယ့်စိတ်တွေ မတည်ငြိမ်နိုင်တော့ပြီ ဆိုတာကို ကိုယ့်ဟာကိုယ်ပင် သိလေသည်။

ဒီယောကျ်ားဟာ မာယာများတဲ့ ယောကျ်ား။ အချစ်ကို ကစားချင်တဲ့သူ။ ဒါကို မင်း မြဲမြဲမှတ်ထားစမ်း၊ မိုးထက်ဝေးဝေး။

"ကိုယ်တို့ ဂိမ်းစီးတီးထဲ လိုက်သွားရအောင် ဝေ..."

သူက အလိုက်သိစွာပင် ...

"ပြန်တော့မလား ဝေး"

"အင်း ... ကိုယ် စာဖတ်ရဦးမယ်"

သူက အလိုက်တသိနှင့်ပင် ခေါင်းညိတ်ပြကာ ဘာမှထပ်မပြောတော့ချေ။ သူနဲ့ ဝေး ဂိမ်းစီးတီးထဲ၌ ကလေးတွေကို လိုက်ခေါ်တော့ ကလေးတွေက ဖွတ်ဆွဲထားသေး၏။ သူက အာနီးရဲ့ ခေါင်းလေးကို ညင်သာစွာပွတ်လျက် ...

"နောက်နေ့ လာဦးမှာပဲကွာ၊ နောက်မှ အေးဆေး၊ ဟုတ်ပြီလား"

"ကတိနော်"

"အတိအကျ ကတိ"

ဒီတစ်ခါမှ သူကလေးက ကျေနပ်သွားပြီး ပြန်ဖို့ဟန်ပြင်သည်။ ကလေးတစ်သိုက်နှင့် ကားပေါ်တက် လက်ပြနေသော သူ့ကိုကြည့်လျက် ဝေး နည်းနည်းတော့ လိုက်မမီချေ။ သူလို လွတ်လပ်ပေါ့ပါးမှုကို အပြည့်အဝ ခံမင်ရှူးသွပ်ပုံရသော လူတစ်ယောက်က ဒီလို ကလေးငယ်တွေကို ဂရုစိုက်တတ်ပုံဟာဆေးကို တစ်ဆိတ်တော့ ထူးဆန်းစေလေသည်။

Scanned by CamScanner

"ဟေး ... ဝေ။ ဘိုင့်ဘိုင်"

သူက ဝေးကို လက်တစ်ဖက်က တာ့တာပြရင်း တစ်ဖက်က နား,နားမှာကပ်ကာ ဖုန်းဆက်မည်ဟူသော သင်္ကေတ လုပ်ပြလျက် ကားပေါ်တက်၍ မောင်းထွက်သွားလေသည်။

ဝေးသည် ပခုံးတစ်ဖက် တွန့်မိရင်း မျက်လုံးထဲမှာ မြင်ယောင်လာမိတာက စင်ရော်ကိုပဲ ဖြစ်သည်။ ခွင့်လွှတ်ပါ စင်ရော်။

❦ ※ ❦



ညဘက်ရောက်လျှင် ဝေးသည် သူ့ဖုန်းကို တိတ်တဆိတ် စောင့်မျှော်နေသည် ဆိုတာကို ကိုယ့်ဘာသာကိုယ်ပင် သိလေသည်။ ထိုင်ရမလို၊ ထရမလို မတည်မငြိမ် ဖြစ်နေသော ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မရ ဖြစ်လာလျက် ဝေးဟာ ကွန်ပျူတာကို ဖွင့်လိုက်သည်။ ကွန်ပျူတာထဲ အနည်းငယ် စိတ်ရောက်သွားမှ ဆောင်းမှာချထားသော ဝေးရဲ့ဖုန်းလေးက အသံထမြည်၍ လာသည်။

Scanned by CamScanner

သို့သော် သူ့ထံက မဟုတ်ပါ။

"ဝေး... ငါပါ"

နေ့ခင်းက ကြားခဲ့ဖူးသော ပဒုမ္မာရဲ့ အသံပဲ ဖြစ်ပါသည်။

"အင်း ... ပြော ပဒုမ္မာ"

"နင် အဆင်ပြေနေပြီလားလို့ သိချင်လို့ပါ"

"သူနဲ့ ငါနဲ့ ဆုံတာ အခုမှ သုံးခါတည်း ရှိသေးတယ်"

"နင် သူ့ကို တော်တော်ကြိုးစားလိုက်ရလား"

ပဒုမ္မာ စကားကြောင့် ဝေးရဲ့ စိတ်ထဲတွင် ထောင်းခနဲ ဖြစ်သွားရသည်။

သို့သော် ပုံမှန်သဘောတူညီချက် အတိုင်းဆိုလျှင် သူ စိတ်ဝင်စားလာအောင် ဝေးဘက်က ကြိုးစားရမှာလည်း အမှန်ပဲ ဖြစ်သည်။

"လုံးဝ မကြိုးစားလိုက်ရဘူး ပဒုမ္မာ။ ဒုတိယအကြိမ် အတွေ့မှာ သူကကို ငါ့အနားမှာ လိုလိုလားလား နေချင်နေခဲ့တာ။ ကံကောင်းတာ တစ်ခုက သူနဲ့ငါက ဝါသနာတူတွေ ဖြစ်နေတယ်"

Scanned by CamScanner

"ဘာလဲ ... ကောင်တာပစ်တာလား"

"ဒါပေါ့ ... နင်က အရေးအပါဆုံး အကြောင်းကိုမှ ချန်ထားခဲ့တာကို"

ဝေးရဲ့ စကားသံ အဆုံးတွင် ပဒုမ္မာဘက်မှ ခဲ့တွက်ကားတိတ်သွားခဲ့သည်။

"ပဒုမ္မာ ... နင် သူ့ကို ချစ်တုန်းပဲလား"

"အိုး ... မဟုတ်တာတွေ၊ ငါက ဘာကိစ္စနဲ့ သူ့ကို ချစ်ရမှာလဲ"

"ဟယ် ... နင့်ရဲ့ အချစ်ဦးလေ။ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ငါ့ရဲ့ အချစ်ဦးက သူ မဟုတ်ဘူး"

နှစ်ယောက်သားမှာ တစ်ခဏမျှတော့ တိတ်ဆိတ်သွားကြလေသည်။ အထူးသဖြင့် ဝေးသည် ပဒုမ္မာရဲ့ အသက်ရှူသံသံကိုပင် ဒီဘက်က အတိုင်းသား ကြားနေရသည်။ ကွန်ပျူတာဆီ ခကြည့်ရောက်သွားလျှင် အီးမေးလ် ဝင်နေကြောင်း အချက်ပြတာကို တွေ့ရသည်။

စင်ရော်ဆီကပဲ ဖြစ်မည်။

"ဆောရီး ပဒုမ္မာ။ ငါ ဖုန်းပိတ်တော့မယ်။ နင် တစ်ခုခုကို သေချာ ဆုံးဖြတ်သင့်တယ်။ နင် ဇကို ချစ်နေတုန်းပဲဆိုရင်"

"တော်စမ်းပါ ဝေးဝေးရာ။ နင် မလွယ်မှန်းသိလို့ ငါ့ကို ဒီလို လာပြောနေတာလား"

ပဒုမ္မာ့စကားကို ဝေး အမှန်ပင် အံ့သြရတာဖြစ်သည်။ ပဒုမ္မာရဲ့ စိတ်ဓာတ်ကို သိသူတစ်ယောက်အတွက် သူမဟာ လုံးဝ အပေါင်းအသင်း လုပ်ချင်စရာ မကောင်းသော မိန်းမတစ်ယောက်သာ ဖြစ်လေသည်။

"ပြီးတော့ နင့်ကို ငါ တစ်ခု သတိပေးရဦးမယ်နော်။ ဇကို လုံးဝလျှော့မတွက်နဲ့ဝေး။ ဇက ဆရာပဲ၊ သူ့အဖြိုးတွေ၊ အကြည့်တွေဟာ အကုန်လုံး အဆိပ်တွေချည်းပဲ"

"အဲဒီ အဆိပ်တွေကို နင်ပဲ မိခဲ့တာ မဟုတ်လား ပဒုမ္မာ။ ကဲ ... ငါ ဖုန်းပိတ်ပြီ"

ဒီတစ်ခါတော့ ဝေးက ပဒုမ္မာ့ကို အနိုင်နဲ့ပိုင်းကာ တကယ့်ကိုပဲ ဖုန်းပိတ်ပစ်လိုက်တာ ဖြစ်သည်။ ဟွန်း ... အတော် မုန်းစရာကောင်းတဲ့ မိန်းမ။

Scanned by CamScanner

ဝေးသည် ပါးစပ်မှ တစ်ချက်ရေရွတ်လိုက်ကာ အီးမေးလ်ကို ဖွင့်ဖတ်ဖို့ ဟန်ပြင်သည်။ စင်ရော့ထံမှ ညတိုင်းလိုလိုပင် အီးမေးလ် လာလေ့ရှိကာ ဝေးကလည်း ချက်ချင်းဖ ပြီး အနည်းဆုံး I miss you လောက်တော့ ပြန်ပို့နေကြဖြစ်သည်။

သို့သော် ဝေးမှာ အီးမေးလ်ဖွင့်ဖို့တောင် အချိန်မရလိုက်ချေ။ ဝေးရဲ့ လက်ကိုင်ဖုန်းက နောက်တစ်ကြိမ် ထပ်မြည်လာသောကြောင့် ဖြစ်ပါသည်။ ဒီတစ်ခါတော့ ပဒုမ္မာထံ မဟုတ်တော့။ ဝေးနှင့် စိမ်းနေသော နံပါတ်တစ်ခုပဲ ဖြစ်ပါသည်။

"ဟယ်လို"

"ကောင်တာပစ် ချန်ပီယံ မိုးထက်ဝေးဝေးနဲ့ မိတ်ဆက်ချင်လို့ပါ ခင်ဗျာ"

"လာလုပ်မနေနဲ့၊ ● မဟုတ်လား၊ ဘာကိစ္စလဲ ပြော"

သူက တစ်ဖက်မှ တဟားဟားနှင့် အော်ရယ်လေသည်။

ဝေးသည် သူ ရယ်တာကို ဒီဘက်မှ နှုတ်ခမ်းကိုက်ပြီး ငြိမ်းနေမိသည်။

Scanned by CamScanner

ကိုယ့်အသံကို မှတ်မိသားပဲ"

"ဝေးက ကိုယ့်အသံကို မှတ်မိသားပဲ"

"ရန်သူ့အသံကို ဘယ်နေရာပဲ ရောက်ရောက် မှတ်မိနေတယ်"

"ဟား ... ညှိုးချက်က ပြင်းလှချည်လား။ ဝေး ... မင်းက ကိုယ့်ကို ရန်သူလို သဘောထားတယ်ပေါ့၊ ဟုတ်လား"

သူ့အသံက တကယ့်ကို အသည်းအသန်မေးသော အသံမျိုး ဖြစ်သည်။ ဝေးသည် ငြိစဥ်တွေ ပါနေသော သူ့အသံကို ဥပေက္ခာပြုပစ်ရင်း ...

"သိပ်နမနေစမ်းပါနဲ့။ ရန်သူ မဟုတ်လို့ ဘာလဲ။ စစ်မြေပြင်မှာတော့ မင်းနဲ့ ကိုယ်ဟာ အသေအကြေ ဖိုက်ရတဲ့ ရန်သူတွေပဲလေ"

"အမယ်လေးကွာ၊ ပြောပုံကြီးက ကျောချမ်းလိုက်တာ။ တော်ပြီ ... တော်ပြီ ... မင်းနဲ့ ကောင်တာ မပစ်တော့ဘူး"

"ဘာကယ်လား"

"အလကား နောက်တာပါ၊ မင်းဆီက ပညာတွေ သင်စရာ ရှိသေးတယ်"

Scanned by CamScanner

"ဘာပညာတွေလဲ။ မင်း ကြည့်ရတာ ကိုယ့်ကို အထင်ကြီးနေတဲ့ပုံပဲ။ လုံးဝအထင်မကြီးနဲ့ ဓေ၊ ကိုယ်က ဘာမှ မဟုတ်ဘူး"

"အဲဒီလို ပြောနေတာတွေကိုက စိတ်ဝင်စားဖို့ ကောင်းနေတာ။ မင်းက ကိုယ်တွေ့ဖူးခဲ့တဲ့ မိန်းမတွေနဲ့ တခြားစီပဲ အရမ်းသစ်တယ်"

ဓေးသည် သူ့စကားကို ဘာမှပြန်မပြောဘဲ အသာငြိမ်သက်နေမိသည်။ သူ့စကားတွေဟာ အဓိပ္ပာယ်တစ်ခုကိုတော့ ဆောင်လာပြီ။ သို့သော် သူဟာ မိန်းကလေးတွေနဲ့ ပတ်သက်ဖူးသော၊ အချစ်ကို မသိနားမလည်သော၊ အတွေ့အကြုံမရှိရှာသော ယောကျာ်းတစ်ယောက် မဟုတ်ချေ။

သူ ပြောသလို ဓေးဟာ အသစ်ဆိုလျှင် သူက အသစ်မို့ မက်မော တွယ်တာသွားဟန် ရှိပြီး ဟောင်းသွားလျှင်ကော ပစ်မှာလား။ ဟင့်အင်း ... နိုးပါ။ ဓေးလိုချင်တာ သူ့ရဲ့ စစ်မှန်သော နှလုံးသားတစ်ခုကိုသာ ဖြစ်သည်။ ဒါကိုရလျှင် ပွဲသိမ်းချေပြီ။

"ဝေး ... မင်း ဘာလို့ ငြိမ်သက်သွားရတာလဲ"

"မင်း ပြောတာကို နားထောင်နေတယ်လေ"

"ဟုတ်တယ်နော်၊ မင်းက နားထောင်သမားပဲ၊ ကိုယ်ပြော တာတွေကို မင်း နားထောင်တာ များတယ်၊ မင်းက ကိုယ့်အကြောင်းကို စိတ်မဝင်စားဘူးလား ဝေး"

"အခုတော့ မဝင်စားသေးဘူး"

"ဟား ... ကြိုက်သွားပြန်ပြီကွာ။ နောက်တော့ စိတ်ဝင် စားလာမယ် ဆိုတဲ့ သဘောမျိုးလား ဝေး"

"ဟုတ်တယ်"

"ဘယ်တော့လဲဟင်၊ ဘယ်အချိန်လဲ"

"အား ... ဒါတော့ ဘယ်ပြောလို့ တတ်မလဲ။ မင်း စိတ် ပါရင်တော့ အချိန်မရွေး ပြောနိုင်ပါတယ်"

"တကယ်လား ဝေး"

သူ့အသံက လိုချင်တာကိုရ၍ တက်ကြွပျော်ရွှင် သွားသော ကလေးငယ်တစ်ယောက်ရဲ့ အသံမျိုး ဖြစ်သည်။ အင်း ... ယောက်ျားတွေဟာ တစ်ခါတစ်ရံမှာ ကလေးတွေလို

ပဲ။ ကလေးတောင်မှ အတော်ထိန်းကျောင်းရခက်သော ကလေးမျိုးတွေ ဖြစ်သည်။

"ကိုယ့်ဘဝမှာ ဘယ်သူ့ကိုမှ ပြောမပြဘူးတဲ့ အကြောင်းအရာတွေ မင်းကို ပြောပြချင်တယ် ဝေး။ အခုတော့ မဟုတ်သေးဘူး။ တစ်နေ့နေ့ပေါ့"

"As you like (မင်းသဘောပဲ)"

"မင်းက ကိုယ် ဘာပြောပြော As you like (အက်စ်ယူလိုက်)ပဲနော် ဝေး။ နောင်လည်း အဲဒီလိုပဲလား"

"ဓ ... ရှင်က လူလည်ကြီး သားသမီးပဲနော်။ စကားကို တော်တော် အကျကောက်တတ်တယ်"

"နောက်တာပါ ဝေးရဲ့၊ မင်းနဲ့ စကားပြောနေရတာ ကိုယ် စိတ်ချမ်းသာတယ် သိလား။ ဒါနဲ့ စကားမစပ် ကိုယ် မင်းဆီ ဖုန်းခေါ်နေတာ၊ အင်ဂေ့ချ်ဖြစ်နေတယ်။ မင်း ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ"

"ဟယ် ... အဲဒါ ကိုယ့် right ရိုက်(ခ်)လေ။ မင်းကို ပြောပြရဦးမှာလား"

"ပြောပြကွာ။ ကိုယ် တကယ် သိချင်နေလို့"

သူ့အသံက ပိုင်စိုးပိုင်နင်း လေသံနှင့် ဖြစ်သည်၊

ပြီးတော့ ကလေးဆိုး တစ်ယောက်လို ...။

"ကိုယ့်သူငယ်ချင်း တစ်ယောက်နဲ့ပါ"

"ချစ်သူလား"

"မဟုတ်ပါဘူးကွာ၊ ဓ ... ကိုယ်က စပ်စုတဲ့ ယောကျ်ား

တွေဆို သဘောမကျတတ်ဘူးနော်။ ကိုယ်ချင်းစာပေါ့၊

မင်းတောင် မင်းအကြောင်း စပ်စုရင် မင်း ကြိုက်လို့လား"

"စပ်စုတဲ့သူက မင်း ဆိုရင်တော့ ကိုယ် ကြိုက်မိမှာပါ"

"လုံးဝ မစပ်စုတာ ... လို့ ...။ နော်"

သူမက မခံချင်သံဖြင့် ပြန်၍ ရန်စွာလိုက်သည်၊

သူက တစ်ခဏမျှတော့ တိတ်ဆိတ်သွားပြီးနောက် ဝေးကို ခပ်

တိုးတိုး မေးလာလေသည်။

"ဝေး ... မင်း အချစ်ဆိုတာကို ယုံလား"

"ကျွတ် ... လိုင်းကြောင်းလာပြန်ပြီ၊ မသိဘူးကွာ"

အမှန်တော့ ဒီခေါင်းစဉ်ကို ဆွေးနွေးဖို့ရာ အချိန်စော နေသေးသဖြင့် ဝေးက ဘောလုံးပုတ်လိုက်ခြင်း ဖြစ်သည်။ သူက ခွဲမလျှော့သေးဘဲ အလွန်အမင်း သိချင်လှစွာသော လေသံမျိုးဖြင့် ဆက်ပြောသည်။

"ကျေးဇူးပြုပြီး စဉ်းစားပေးပါကွာ။ မင်းရဲ့ အထင်က ကိုယ့်အတွက် အရေးကြီးနေလို့ပါ"

"ခက်တော့တာပဲ ဗ ။ မင်းက ကိုယ့်ကို အရမ်းအထင် ကြီးနေတာကိုး၊ အဲဒီကိစ္စနဲ့ ပတ်သက်လာရင် မင်းက ကိုယ့်ထက် ပိုသိမှာပေါ့ ...

ကျေးဇူးပြုပြီး လာမရစ်စမ်းပါနဲ့"

"ဘာလဲ ... မင်း ကိုယ့်အားက မိန်းကလေးတွေကို ရည် ရွယ်ပြီး ပြောတာလား"

ဟုတ်နေသဖြင့် ဝေးက ဘာမှ ပြန်မပြောချေ။ အသာပင် ငြိမ်သက်နေလိုက်သည်။ သူက တစ်မျိုး လှိုက်ဖြာသော အသံဖြင့်

...

"မင်း ယုံမလားတော့ မသိဘူး။ သူတို့ဟာ ကိုယ့်ရည်းစား တွေ မဟုတ်ကြဘူး ဝေး။ မှတ်မှတ်ရရ ကိုယ် တောင်ကြီး မှာတုန်းကပဲ ရည်းစားတစ်ယောက် ထားခဲ့ဖူးတယ်။ ခပ် ငယ်ငယ်တုန်းကပေါ့။ ကျန်တဲ့သူတွေက ကိုယ့်ရည်းစား တွေ မဟုတ်ကြဘူး ဝေး"

"အင်းလေ။ မင်း ရည်စားနဲ့တုန်းက အချစ်ကို မသိခဲ့ဖူး ဘူးလား"

ဒီမေးခွန်းကို မေးရင် ဝေးသည် ပဒုမ္မာရဲ့ မျက်နှာ ကို ဖျတ်ခနဲ ပြေးမြင်ယောင်မိလေသည်။

ပဒုမ္မာ ... နင် ဇကို အချစ်တွေ အတိအကျ မပေးခဲ့ ဖူးဘူးနဲ့ တူတယ်နော်။

"ဟုင့်အင်း ...။ ပထမဆုံး ရည်းစားဟာ ပထမဆုံး အချစ် မှ မဟုတ်တာဘဲ။ တကယ်တော့ ကိုယ် လိုချင်တာ စစ် မှန်တဲ့ အချစ်တစ်ခုတည်းပါ။ အဲဒါကို အတောင့်တဆုံး ပဲ။ ဒါပေမဲ့ ကိုယ် ဘယ်သူ့ဆီကမှ မရခဲ့ဖူးဘူး ဝေး -

မင်း ပုံပြင်တစ်ပုဒ် ကြားဖူးတယ် မဟုတ်လား။ ကျိန်စာသင့်နေတဲ့ အချစ်တစ်ခုကို တွေ့ရဖို့အတွက် ဖားလေးတွေကို လိုက်နမ်းရှိုက်ရတဲ့ သူလိုပေါ့။ ထိုက်တန်တဲ့ အနမ်းတစ်ခုနဲ့ တွေ့ရင် ရွှေမင်းသမီးလေး ဖြစ်လာမဲ့သူကို ကိုယ် ရှာဖွေနေခဲ့တာ ...

ကိုယ့်ကို အလင်းရောင်ပေးမဲ့ ရွှေမင်းသမီးလေးကိုပေါ့"

"တစ်နေ့တော့ မင်း တွေ့လာမှာပေါ့"

အဲဒီစကားဟာ သူမကိုယ်သူမ ရည်ရွယ်ပြီး ပြောသာစကား မဟုတ်ဘူးဆိုတာ ကိုယ့်ဘာသာကိုယ်ပဲ သိပါသည်။ သို့သော် သူက အိပ်မက်ထဲ ရောက်သွားသူလို ဗလုံးဗထွေးစကားသံဖြင့် ပြောကာ ရုတ်တရက်ကြီး ဖုန်းပိတ်သွားတာ ဖြစ်သည်။

"ကိုယ့်ကတော့ ခပ်ပျပျလေး လှမ်းမြင်နေသလိုပဲ ဝေးရယ်"တဲ့ ...။

ထိုညက ဝေးသည် တစ်ယောက်တည်း အတွေးတွေ နက်နေပြီးမှ စင်ရော်ရဲ့ အိုးမေးလ်ကို သတိတရဖြင့် ဖွင့်ဖတ်မိ ပါသည်။ သို့သော် ဘာတွေမှန်း မကွဲပြားတော့။

ဝေးရဲ့ အာရုံထဲတွင် ပုံပြင်ထဲက အနမ်းတစ်ခုသာ ရစ်ဝဲလျက် ရှိနေခဲ့သည်။

❦ ❊ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၈)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းသို့

Scanned by CamScanner

သူနဲ့ ဝေးရဲ့ ပတ်သက်မှုသည် ကောင်တာပစ်ပြိုင်ကြသည်မှလွဲ၍တော့ ထူး၍ ပိုမခြားနားခဲ့ပါ။ သို့သော် သူနဲ့ ကားများများ ပြောကြည့်မှ သူ့အကြောင်းကို ပိုသိခဲ့ရာ ဖြစ်ပါသည်။ အများက ခပ်ပေါ့ပေါ့ လူငယ်လေးတစ်ဦးဟု ထင်ကြေးသားကြသော သူ့ထံတွင် သူများနှင့်မတူသော လေးနက်မှုရှိ ကရုဏာတရားတွေကို တွေ့ရတတ်သည်။ အထူးသဖြင့်

သူသည် မိစုံဖစုံ မရှိသော ကလေးငယ်များကို အထူးကြင်နာ
သနားတတ်သည်မှာ ဝေးအတွက်တော့ အံ့ဖွယ်ပဲ ဖြစ်၏။

ဆိုပါတော့ ...။ သူတို့အဖွဲ့က ရှုံးသည့်အခါတွင်
ဝေးတို့ဘက်က ကလေးတွေရဲ့ ဆန္ဒအရ မြကျွန်းသာကို သွား
ကစားကြသည်။

အဲဒီမှာ ဝေး မမျှော်လင့်သော ဖြစ်ရပ်နှင့် ကြုံရ
သည်။ သူနှင့်ဝေးက ကလေးတွေ ဆော့ကစားတာကို ငေးကြည့်
ရင်း ရောက်တတ်ရာရာကို ပြောနေကြစဉ်မှာပဲ ကလေးသုံးယောက်
ကို မနိုင်မနင်း ဖြစ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ကြ
ရသည်။

ထိုအမျိုးသမီးရဲ့ လက်ထဲတွင် ချီပိုးထားတာက
တစ်နှစ်သားအရွယ် ကလေးလေးတစ်ဦး၊ အောက်မှာ တန်းစီရပ်
နေတာက သုံးနှစ်အရွယ်၊ ငါးနှစ်အရွယ် ကလေးလေးတွေ။
မအေကို ဟိုတစ်မျိုး ဒီတစ်မျိုး ဂျီကျနေကြတဲ့ပုံပင်။

"နင်တို့နဲ့တော့ ငါ သေချင်တယ်နော်။ တစ်ခုပြီးတစ်ခု
ပေါ့ဟဲ့။ ဩော် ... ဒီငယ်လေးက တစ်မျောင့်"

Scanned by CamScanner

"မေမေ ... ရှားရှားပြာတ်စီးမယ်၊ ပို့ပေးနော် မေမေ။ ခုပို့ပေ"

"မေမေ သမီးက တိုက်ကားမောင်းချင်တာ မေမေရဲ့"

"အေးပါဟယ်၊ နေကြပါဦး"

သူက ကလေးသုံးယောက်နှင့် မနိုင်မနင်း ဖြစ်နေသော လိုအမျိုးသမီးထံ လျှောက်သွားကာ ...

"အစ်မ ... ဒီအငယ်လေးကို ကျွန်တော်တို့ ထိန်းထားပေးမယ်လေ၊ အကြီးနှစ်ယောက်ကို ဆော့ပါစေလား ...

ဟိုမှာ ကျွန်တော်တို့ ကလေးတွေလည်း ဆော့နေကြတယ်၊ အစ်မ မနိုင်ရင် ကြည့်ထားပေးပါ့မယ်"

လိုအမျိုးသမီး သူနှင့် ဝေးကို တစ်လှည့်စီကြည့်ပြီး သူမရဲ့ သမီးငယ်လေးကို သူ့လက်ထဲသို့ စိတ်ချလက်ချ ထည့်ပေးလိုက်လေသည်။ သူက ကလေးကို ချီထားရင်းမှ ကျန် သားနှစ်ကို ကစားရာ နေရာသို့စင် လိုက်ပို့ပေးလိုက်သေးသည်။

ပြီးလျှင် မလှမ်းမကမ်းရှိ ဝေးထံသို့ ကလေးချီလျက် ခပ်ပြုံးပြုံးနှင့် ပြန်ရောက်လာသည်။ နားတစ်ဖက်မှာ စိန်သေးသေးလေး ကပ်ထားသော အသွင်အပြင်၊ ဗေဒါဖျော့ဖျော့ အော်လီတာ ရှပ်ကို လက်ခေါက်ဝတ်ထားလျက် အနက်ရောင် စတိုင်လ်ပန့်နှင့် သူဟာ တကယ့်ကို ဆုတောင်းကောင်းသူပဲ ဖြစ်ပါသည်။

သူ့နှုတ်ခမ်းတွေဟာ ကလေးငယ်ရဲ့ နှုတ်ခမ်းနှင့် အပြိုင် နီထွေးစိုဖတ်လျက် ရှိနေသည်။ သူက ကလေးလေးကို မြှောက်ပြရင်း ...

"အရမ်း ချစ်စရာ ကောင်းတယ်နော် ဝေး။ မချစ်ဘူးလား"

ဝေးသည် သူ့အပြုအမူကို အဆန်းတကြယ်ဖြစ်လျက် မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေရသည်။ သူက ကလေးငယ်လေးကို ဖွဖွမွှေးရှိုက်လိုက်လျှင် ဝေးရဲ့ပါးပြင်တစ်ဖက်တောင် အလိုလိုနေရင်း နွေးသွားသလို ရှိ၏။

"မင်းက ကလေး ချစ်တတ်တယ်၊ ဟုတ်လား"

"အင်ဟင် … မင်းမသိသေးဘူးနော်၊ ဟုတ်သားပဲ။ ကိုယ်က ကလေး အရမ်းချစ်တတ်တာကွ။ မင်းရော မချစ်ဘူးလား"

သူက ချစ်စရာ သမီးငယ်လေးကို ချော့မြှူရင်းမှ မေးနေတာ ဖြစ်သည်။ ထူးဆန်းစွာပင် ကလေးငယ်ကလည်း သူ့လက်ထဲမှာ လုံးဝမငို။ ဂျီမကျချေ။ စူးစမ်းသော မျက်လုံးလေးများက ဟိုဟိုဒီဒီ ဝေ့ဝဲလျက် ကြည့်ရှုပျော်ရွှင်နေပုံသည်။

"ကိုယ်လား။ အင်း မသိဘူး၊ ဒီလိုပါပဲ။ ချစ်တတ်လား မချစ်တတ်လားတောင် သေချာမသိပါဘူး"

သူက ဝေးကို ရယ်ချင်သောမျက်လုံးမျိုးဖြင့် ကြည့်လာလျက် …

"မင်း ကြည့်ရတာ အချစ်နဲ့ တော်တော်ဝေးနေပုံပဲ။ ကျေနှံ မင်းနာမည်က ပညတ်သွားရာ ဓာတ်သက်ပါနေတာနဲ့ တူတယ် …

မဖြစ်တော့ဘူး။ မင်းကို ကိုယ် ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး"

"အောင်မယ် … ဒီအတိုင်း မထားလို့ မင်းက ဘာလုပ်ချင်လို့လဲ"

Scanned by CamScanner

ဝေးရဲ့ အပြောကို သမီးငယ်လေးက အဲခနဲ အသံပြုလိုက်လျှင် သူက သဘောတကျဖြင့် တဟားဟား အော်ရယ်တော့လေသည်။

"တွေ့လား ... တွေ့လား။ မင်း ဒေါသကြီးတာ ကလေးကတောင် သိတယ်။ စိတ်လျှော့ မာမိတဲ့။ စိတ်လျှော့ ... ဟဲ ... ဟဲ ..."

သူ ရယ်သောအခါ ကလေးကလည်း တခစ်ခစ်နှင့်လိုက်၍ ရယ်လေသည်။

ဝေးသည် ဖြူဥနုထွေးနေသော သမီးငယ်လေးကို ချီထားသော သပ်ရပ်စမတ်ကျနေသည့် လူငယ်လေးတစ်ဦးကို နှုတ်ခမ်းကိုက်ပြီး ပြုံးကြည့်နေရင်းမှ ဝေးရဲ့ကိုယ်တွင်းသို့ တစ်စုံတစ်ရာက တစိမ့်စိမ့် စီးဆင်းဝင်ရောက်လာပြီမှန်း အံ့ဩစွာပင် သိလိုက်ရလေသည်။

အဲဒါ ဘာလဲ ? ...။ အေးမြကြည်လင်တဲ့ စမ်းရေလို မေတ္တာပေါ့။ ကလေးငယ်လေးတွေ အပေါ်မှာ မေတ္တာစိတ်တွေ ယိုဖိတ်နေသော သူ့ရဲ့မျက်ဝန်းတွေထဲ၌ အေးမြခြင်း အရိပ်တွေကို ဝေး အများကြီး တွေ့နေရ၏။

ဒီလူဟာ အသည်းတွေ စားတတ်တဲ့သူလို့ ဒီအချိန်မှာ ကျိန်ပြောလျှင်တောင် ယုံချင်စရာ မရှိပေ။

"ကိုယ့်ကို ပေးချိမလား ဇ ..."

"ချိတတ်လို့လား"

ဝေးသည် သူ့ကို မျက်စောင်းတစ်ချက် ပို့လွှတ်လိုက်သေးသည်။

"မင်းကရော ဘယ်လောက် ချိတတ်တာကျလို့"

"ချိတတ်တာပေါ့။ ရော့ ... ရော့ ... သေချာချိနော်၊ တော်ကြာ ပြုတ်ကျသွားရင် အစားပြန်လျော်ပေးဖို့ ကိုယ်ကတော့ မတတ်နိုင်ဘူး။ မင်းပဲ တာဝန်ယူရမှာ"

"ကောင်စုတ် ... သေဦးမယ်"

ဝေးသည် မရည်ရွယ်ပါဘဲနှင့် သူ့လက်မောင်းကိုပင် ရက်စက်ဖြင့် တစ်ချက်ထုမိသေးသည်။ ဝေးရဲ့လက်ထဲသို့ ရောက်လာသော ကလေးငယ်လေးဟာ လက်ပြောင်းသွား၍ မျက်နှာလေး မဲ့လာလျှင် သူက ဘေးကနေ၍ ချက်ချင်းချော့ပေးသည်။ ကလေးရဲ့ ဆံပင်လေးတွေ၊ ကျောလေးတွေကို ပွတ်သပ်လျက် မြှူပေးလျှင် ကလေးက မငိုတော့။

"ဟယ် ... ကျွမ်းလိုက်တာ။ မင်း ကလေးအဖေ ဖြစ်မှုးလို့လာဟင်"

"ဘာလဲ၊ ဒေါက်ဖြုတ်တာလား။ မဉီးမချွတ်ကွာ။ ပေး ... ပေး ... ဘေဘီလေးကို ကိုယ့်ကို ပြန်ပေးတော့။ မင်းက စိတ်ပုပ်လို့နဲ့ တူတယ်၊ ကလေးက မင်းကို မခင်ဘူး"

သူက ဝေးထံမှ ကလေးကို ပြန်ယူသည်။ သူ ချော့မြှူလိုက်လျှင် ကလေးလေးကား ချက်ချင်းကို အရယ်အပြုံးမျက်နှာသို့ ပြောင်းသွားလေသည်။

"ဟွန်း ... လိုက်လည်း လိုက်တဲ့ သားအဖ"

"ဟာ ... ဘာတွေ လျှောက်ပြောနေတာလဲ၊ မိုးကြိုးတွေ ပွတ်ကုန်မယ်၊ စိတ်ကို ကောင်းကောင်းထားစမ်းပါ ဝေးရာ"

"မင်းကိုတော့ လိုက်ကို မမိတော့ဘူး"

"ကလေးတွေက အပြစ်ကင်းတယ် ဝေးရဲ့။ သူတို့က ဟန်မဆောင်တတ်ဘူး။ ရင်ထဲက ရှိတဲ့အတိုင်းပဲ။ ပြီးတော့ ကလေးတွေက မာနကြီးတတ်တယ်ကွ၊ အဲဒါကိုရော ယုံလား"

"ဟင် ... တစ်ခါမှ မကြားဖူးဘူး"

"ဟုတ်တယ်၊ ကလေးတွေက သူတို့ကို မချစ်တဲ့လူ၊ မခင်တဲ့လူကို သူတို့က သိတယ်။ အဲဒီလို လူတွေကို အနားကပ် မခံဘူး။ အချိုမခံဘူး။ အောက်မကျို့ဘူးပေါ့ကွာ။ အသေခံ ငိုမယ်၊ အဲလိုမျိုး၊ နော့ ... ဘောဘီ"

ဝေးသည် ကလေးနှင့် အတိုင်အဖောက်တွေ ညီနေသော သူ့ကို ဘာမှမပြောတော့ဘဲ အသာပြုံးကာ ကြည့်နေမိသည်။ သူဟာ ဝေး ထင်ထားသော ပုံစံနှင့် ကွဲပြားခြားနားသော လူငယ်လေးတစ်ယောက် ဆိုတာ တစ်နေ့ထက် တစ်နေ့ လက်ခံလာခဲ့ရပြီ ဖြစ်သည်။

သူ ဟန်ဆောင်နေတာ မဟုတ်ဘူး ဆိုတာတော့ အသေအချာပင် ယုံသည်။ အဘယ်ကြောင့်ဆိုသော် ဝေးက ဟန်ဆောင်နေသူတစ်ယောက် ဖြစ်နေသောကြောင့်ပင်။ အမှောင်ထဲမှ လူဟာ အလင်းထဲမှလူကို ရှင်းရှင်းလင်းလင်း မြင်နေရသလိုပင် ဝေးဟာ သူ့ပုံရိပ်တွေကို အတိအကျ ရှင်းရှင်းလင်းလင်း မြင်နေသည်။ ဝေးသည် မေတ္တာတွေ ဖလှယ်နေကြသော သူနဲ့ သမီး

လေးကို ငေးနေရင်းမှ အချိန်တွေကုန်လို့ ကုန်မှန်းတောင် မသိ လိုက်ချေ။

ကလေးအမေ ရောက်လာတော့မှပင် အချိန်တွေ ကုန်ခဲ့ပြီဆိုတာ အမှတ်ရစေတာ ဖြစ်လေသည်။

"ကျေးဇူးပဲ မောင်လေးရေ။ အစ်မလည်း သူတို့ ဂျိကျလွန်းလို့သာ လိုက်ပို့ရတာ၊ ဟိုမနိုင် ဒီမနိုင်နဲ့ဆိုတော့လေ။ ဒါနဲ့ စပ်စုတယ်တော့ မထင်နဲ့နော်၊ မောင်လေးတို့ကရော ဘယ်အရွယ်က အိမ်ထောင်ကျတာလဲ။ ကလေးက တော်တော်ကြီးနေတာ့လေ၊ အဟင်း ... ကြည့်ရတာ နှစ်ဆယ်ကျော်လေးတွေပဲ ရှိဦးမှာဆိုတော့ ..."

"ကျွန်တော်တို့ သားသမီးတွေ မဟုတ်ပါဘူး အစ်မ"

သူက အသာပြုံးကာ အေးအေးဆေးဆေးပင် ပြန်ဖြေလေသည်။

သို့သော် သူ့ရဲ့ အငြင်းစကားက မပြည့်စုံချေ။ ဝေးသည် တစ်ခုခု ဝင်ပြောမည့်ဟန် ပြုပြီးမှ ထိုမိန်းမက စကားဆက်လာသောကြောင့် ဘာမှ ဆက်မပြောဖြစ်တော့ပေ။

"ဪ ... ထင်တော့ ထင်သား။ ကလေးတွေနဲ့က အသက်အရွယ်လည်း မကွာဘူးလို့။ ဒါကြောင့် ငါ့မောင်က ကလေးရှူး ရှူးနေတာကို ...

ဆန္ဒ ဖြည့်ပေးလိုက်ပါ ညီမလေးရေ၊ ဟုတ်ပြီလား။ ကျေးဇူးပဲနော်၊ ခွင့်ပြုဦး"

ထိုမိန်းမက ဘာမသိ ဘာမသိဖြင့် ပြောချင်ရာ စွတ်ပြောကာ ထွက်သွားတော့သည်။ ဝေသည် မကျေမနပ်ဖြင့် ပွစိပွစိ ရေရွတ်လျက် ကျန်ခဲ့သည်။

"တောက် ... သိပ်မုန်းဖို့ ကောင်းတာပဲ။ မင် ကလေးရှူးရှူးတာက အရေးမကြီးဘူးနော် ဇ၊ ကိုယ့်ကိုပါ လာထိခိုက်တယ် ...

ဟိုအမျိုးသမီးကလည်း စွတ်ပြောတော့တာပဲ"

"အသားပွဲပါသွားတာမှ မဟုတ်တာကွာ။ ကိုယ်တို့ကလည်း ကလေးတွေနဲ့ လာတာကိုး။ ကိုယ်လည်း မင်းနဲ့အတူတူ အထင်ခံရတာပဲလေ၊ မနာပါနဲ့ ... အဟဲ ဟဲ ..."

ဝေးသည် သူ့ကို မျက်စောင်းတွေသာ အလိုလို ထိုးနေမိသော်လည်း တကယ် စိတ်မဆိုး၊ စိတ်မတို ဆိုတာကို ကိုယ်ဘာသာပဲ သိလျက် အဲဒီအတွက်လည်း ထူးဆန်းနေခဲ့မိသည်။ သူ သေချာမဖြေရှင်းတာကိုလည်း စိတ်မဆိုးမိ။ ဝေး ဘာတွေ ဖြစ်နေသနည်း။

ဝေး သိသော တုံ့ပြန်မှုတွေထဲတွင် ဒီလို ကြည်နူးစရာ အဖြစ်အပျက်မျိုးတွေ မပါဝင်ချေ။ သူ့နှလုံးသားကို မီးတိုက်လျက် ကျွမ်းလောင်ဖို့ ဆန္ဒတွေသာ ပါဝင်သည်။ ဒီလို အေးမြခြင်း အရိပ်တွေနှင့် ပီတိတွေ၊ ကြည်နူးမှုတွေ၊ Romantic (ရိုမန်တစ်)တွေ မပါပေ။

ပြီးတော့ ဝေး သိထားသော ဇဟာလည်း ဒီလိုပုံစံမျိုး မဟုတ်။ အသည်းခွဲတတ်သူဟု နာမည်ကြီးသော၊ အပြုံးတစ်ခုဖြင့် မိန်းမလှလေးတွေကို သေစေနိုင်သော ဇသာလျှင် ဖြစ်၏။ အခု ဇဟာဖြင့် ...။

တစ်နေရာရာတော့ လွဲနေခဲ့ပြီ။

Scanned by CamScanner

အဲဒီနေ့က အိမ်အပြန်တွင် မေတ္တာဓာတ်တွေ လျှံတက်လျက် အေးမြခြင်း အရိပ်အယောင်တွေ လွှမ်းခြုံထားသော သူ့ရုပ်သွင်ကို အထပ်ထပ် မြင်ယောင်လျက် ဝေး ဘာလဲ ? ၊ ဘယ်လဲ ? ဆိုတာကို ကိုယ့်ဘာသာပင် ပြန်သုံးသပ်နေမိခဲ့ရပါသည်။

❦ ❊ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ ဥမင်္ဂလာဆိပ်ရပ်၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။

Scanned by CamScanner



နှားထဲမှာ အသံသေးသေးလေး တစ်ခုကို ခဏ ခဏကြားရလျှင် ပထမတော့ အိပ်မက်လိုလို ဘာလိုလိုဖြင့် မေ့ပြဲ ပြားချေ။ အိပ်ချင်စိတ်ကလည်း အတော့်ကို ကြီးစိုးနေသည်မို့ ဖက်လုံးကို ဖက်ကာ ဇွတ်ကို ပေအိပ်သည်။ သို့သော် အဲဒီအသံ သေးသေးလေးဟာ ရပ်မသွားချေ။ အထပ်ထပ်မြည်လျက် ရှိကောင်း ဆဲ။

Scanned by CamScanner

"ကျွတ် ... ဘာလဲကွာ။ ရှုပ်လိုက်တာ"

နောက်ဆုံး ဒေါသစိတ်က ဝင်လာလျှင် အိပ်ချင်စိတ်က သိပ်မရှိတော့။

ဝေးဟာ ခေါင်းအုံးဘေးက ဖုန်းလေးကို ဖွင့်ကာ အိပ်ချင်မူးတူး လေသံနှင့်ရော ဒေါသသံနှင့်ပါ ပေါင်း၍ ထူးလိုက်လေသည်။

"ဟယ်လို"

"ဂွတ်မောနင်း ဝေး။ အိပ်ရေးပျက်သွားလို့ စိတ်တိုသွားလား"

နာရီကို လှမ်းကြည့်လိုက်လျှင် အခုမှ ငါးနာရီခွဲပဲ ရှိသေးလေသည်။

ဝေးသည် အုကြောင်ကြောင် လေသံဖြင့် ...

"ဇလား ... မင်း ဘာလုပ်တာလဲကွာ"

သူက ခပ်တိုးတိုး ရယ်နေသေးသည်။ ဝေးရဲ့အိပ်ချင်မူးတူး လေသံကို သဘောကျနေသည့်ပုံ။ သူ့အသံကတော့ စောစောစီးစီး လတ်ဆတ်တောက်ပလို့ နေလေသည်။

Scanned by CamScanner

"ထတော့လေ ဝေး။ မင်းကို ကိုယ် အံ့ဩအောင်လုပ်တာ ပါ။ ဒီနေ့ ကိုယ့်မွေးနေ့လေ၊ အဲဒါ မင်း ဘာလက်ဆောင်ပေး မှာလဲ"

"အမလေးဟယ် ... ဒီလို မွေးနေ့ရှင်မျိုး ကြုံဖူးပေါင်"

"ကဲ ... ပြောပါ။ မင်းဆီကရော ကိုယ် တောင်းဆိုခွင့် ရှိမလား"

ဝေးသည် စောစောစီးစီး မထင်မှတ်တာတွေ လာလုံး ပြနေသော အထူးအဆန်း လူသားကြောင့် အိပ်ချင်စိတ်တွေ ပျောက်ဆုံးကုန်ရသည်။

"မင်းက ဘာလိုချင်လို့လဲ။ ကိုယ် တတ်နိုင်တာဆိုရင်တော့ ရ,ရမှာပေါ့"

"အိုခေ ... ကြိုက်သွားပြီ။ မင်း တတ်နိုင်ပါတယ် ဝေး။ ကိုယ်လိုချင်တဲ့ လက်ဆောင်က အခု မင်းနဲ့အတူတူ ဘုရားတက်ခွင့်ကို ပါပဲ။ ဘယ်လိုလဲ ... ပေးမလား"

ဝေးသည် သူ့အပြောကြောင့် ခေတ္တမျှတော့ တွေသွား သွားခဲ့ရသည်။ သူနဲ့အတူ ဘုရားတက်ရမယ်ကော့။

"မဖြစ်နိုင်ဘူးလား ဝေ။ ကိုယ် မင်းကို အနူးအညွတ် တောင်းဆိုနေတာပါ"

"မင်းက ကြိုလည်း မပြောဘူးကွာ။ ကိုယ် အိပ်ရေးမဝသေးဘူး။ ကိုယ်က အိပ်ရေး မဝရင် ခေါင်းကိုက်တတ်တယ်"

"ခေါင်းကိုက်ပျောက်အောင် ကုပေးမယ်ကွာ။ ဘယ်လိုလဲ"

သူက အတော်ကို တောင့်တနေသော လေသံမျိုးနှင့် ပြောနေတာ ဖြစ်လေသည်။ ဝေးသည် မျှော်လင့်တကြီး ဖြစ်နေမည့် သူ့ရုပ်သွင်ကို နှလုံးသား ဆတ်တလိုက်ဖြင့် ဖမ်းယူကြည့်ပြီးလျှင် အသာပြုံးမိ၏။

"မင်· တာဝန်ယူတယ် ဆိုရင်တော့ ပြီးတာပဲ။ ကဲ ... ကိုယ် ဘယ်နေရာရှိ လာခဲ့ရမလဲ"

"ခြောက်နာရီလောက်ဆို ရမလား။ ဘုရားကို စောစောတက်ချင်တာ။ ပြီးမှ မင်းကို ခင်းဆမ်း လိုက်ကျွေးမယ်လေ"

"အိုခေ ... ကိုယ်·ဘုရားကိုပဲ လာခဲ့ရမှာလား"

"ဟင့်အင်း … ကိုယ့်ကို လာကြိုပေးပါ ဝေ။ မင်းအိမ်က လာရင် လမ်းကြောသင့်ပါတယ်။ ကိုယ် ကွန်ဒိုအောက်ထပ်မှာ စောင့်နေမယ်။ ရမလား"

"ရပါတယ်။ ဒါပဲ မဟုတ်လား"

"ဪ … ခဏလေး ဝေ။ ဟို … ဘုရားတက်မှာဆိုတော့ မင်း ဘောင်းဘီတွေ မီနီစကတ်တွေ ဝတ်လို့မရဘူးနော်။ ဘုရားမှာ အဲဒါတွေ ဝတ်လာခွင့် မရှိတော့ဘူး၊ မင်းမေ့နေမှာ စိုးလို့ပါ။ ကိုယ်က စေတနာနဲ့ သတိပေးတာနော် အဟဲ"

ဝေးသည် သူ မမြင်နိုင်မှန်း သိပါရက်နှင့်ကို မျက်စောင်းတစ်ချက် ထိုးမိသေးသည်။ ရွှေတိဂုံဘုရားပေါ်သို့ ယဉ်ကျေးမှုနှင့် မသင့်တော်သော အဝတ်အစားတွေ ဝတ်ခွင့်မရှိသော စည်းကမ်းကို ဝေးလည်း ကြားထားသည်။

ဒါကို သူက ဆရာကြီး လုပ်ဖြစ်အောင် လုပ်သေးသဖြင့် အမြင်ကတ်ရလေသည်။

"သိပါတယ်၊ အမြင်ကို ကတ်တယ် … ဟွန်း"

Scanned by CamScanner

သူ့ထံက ရယ်သံမဆုံးမီ ဝေးက ဖုန်းကို ပိတ်ပစ်လိုက်လေသည်။ ပြီးလျှင် တစ်ခဏမျှတော့ ပြုံးနေပြီးမှ သတိဝင်လာကာ ရေချိုးခန်းထဲ အမြန်ပြေးဝင်ရသည်။ စောစောစီးစီး တစ်ခါမှ အိပ်ရာမထဘူးသော်လည်း ထူးဆန်းစွာပင် ဝေးရဲ့စိတ်တို့ ကြည်လင်၍ နေလေသည်။

ဖျတ်ခနဲ သတိရသွားမိသည်မှာ စင်ရော်ပင် ဝေးကို အိပ်ရာမှ မနက်စောစော မနိုးနိုင်ခဲ့။

သို့သော် ဝေးသည် ဒီအချိန်မှာ ဒါတွေ မတွေးနိုင်အားတော့ချေ။

သွက်သွက်လက်လက်နှင့်ပင် မိတ်ကပ်လိမ်းရသည်။ ဝေး မိတ်ကပ်လိမ်းသည်မှာ ဘာမှ မကြာချေ။ casual style လိမ်းသည်မို့ ခဏလေးနှင့်တင် ပြီးစီးသွားသည်။ ဝေးဟာ ခေတ်ရဲ့ မိန်းကလေးတစ်ယောက်မို့ ဘောင်းဘီနှင့် စကတ်အတိုတွေကို အဝတ်များသော်လည်း ဒီတစ်ခါမှာတော့ တကယ့်ကို မြန်မာဆန်သည့် ဝတ်စုံကို ရွေးချယ်လိုက်သည်။

အဝတ်အစားဆိုတာ သူ့နေရာနဲ့သူ ဝတ်တတ်မှ

တိုင်လိုက်ဖျ လှပသည်ဟု ခံယူထားသော ဝေးအတွက် ပန်းထိုး

ထားသော မိုးပြာဖျော့ဖျော့ ရင်ဖုံးအင်္ကျီလေးနှင့် ထဘီရှည်ရှည်

လေးဟာ အချိုးအစားအတိုင်း သပ်ရပ် စမတ်ကျနေစေသည်။

ကျောလယ်လောက်ရှိသော ဝေးရဲ့ ဆံနွယ်ခွေခွေ လိမ်လိမ်လေး

တွေကိုတော့ ရှေ့မှ နောက်သို့ အုပ်လုံးသိမ်းလျက် တစ်ဝက်

ယူစည်းထားလိုက်သည်။

ဒီလိုဆိုတော့လည်း ကြွေရောင်လက်နေသော ဝေးရဲ့

မျက်နှာလေးကာ ဖူးဖူးလေး ပေါ်သွားပြီဖြစ်သည်။ Thai Silk

အပြာရောင် လက်ကိုင်အိတ်ကို ချိတ်ပြီးလျှင် ဝေးရဲ့အလှအပ

ပြင်ဆင်မှုက တစ်ခဏနှင့် ပြီးဆုံးသွားချေပြီ။ အောက်ထပ်သို့

ဆင်းလာလျှင် အခုမှ အိပ်ရာနိုးစ မေမေက ဝေးကို တအံ့တဩ

ကြည့်လျက် ...

"ဟဲ့ ... သမီး။ လှတောင် မှားတယ်ကွယ်။ ဒါက ဘယ်

ဆွမ်းကျွေးကို သွားမလို့လဲကွယ်"

ဝေးသည် မေမေ့ အမေးကို တခစ်ခစ် ရယ်မောရင်း နေ၍ ...

"သူငယ်ချင်း တစ်ယောက်ရဲ့ မွေးနေ့ပါ မေမေရဲ့။ သူက မြန်မာဆန်ဆန် ကျင်းပမှာမို့လို့"

"ဪ ... ကောင်းသားပဲ။ အေး ... အေး ... သွား သမီး၊ ဒီလိုလေးပဲ အမြဲဝတ်စမ်းပါကွယ်"

မေမေကပင် ဝေးရဲ့အလှကို သဘောတကျနှင့် ချီးကျူးလျက် ရှိနေသဖြင့် ဝေးက ကျေနပ်စွာနှင့်ပင် ခြံထဲမှကား ကို မောင်းထွက်လာခဲ့သည်။ ဝေးနေသော ကိုးမိုင်နှင့် သူ့ရဲ့ကွန်ဒို ဟာ သိပ်မဝေးလှသဖြင့် ဆယ်မိနစ်ခန့်ကြာလျှင် ရောက်သွား သည်။

သူက စကားအတိုင်းပင် ကွန်ဒိုရဲ့ အောက်ထပ် ကားပါကင်နေရာမှာ ဝေးကို ထိုင်စောင့်နေခဲ့ပါသည်။ သူ့ကိုမြင် လျှင် ဝေးကလည်း နှုတ်ခမ်းဟသွားရသည်။ သူသည်လည်း တစ်လက်ရှည်အဖြူ၊ နက်ပြာရောင် အကွက်စိပ်စိပ် ပုဆိုးတို့ ဖြင့် တစ်မျိုးထူးဆန်းစွာ ကြည့်ကောင်းနေခဲ့တာ ဖြစ်ပါသည်။

သူက ဝေးရဲ့ဘေးခုံ၌ ဝင်ထိုင်ပြီးလျှင် ဝေးက ကားကို မောင်းထွက်လာခဲ့သည်။ သူက ဝေးကို တစ်ချက်ငဲ့ကြည့်လျက် ...

"မင်း ဒီနေ့ တော်တော်လှနေတယ် ဝေး"

"ဟုတ်လား ... ကျေးဇူးပါပဲ"

"ကိုယ်က မင်းကို ကျေးဇူးတင်ရမှာပါ။ ကိုယ့်ဆန္ဒတွေကို ဖြည့်ဆည်းပေးတဲ့အတွက် မင်း နှိုင်းမရအောင် ကျေးဇူးတင်တယ်။ ကိုယ့်ဘဝမှာ ဒီနေ့လောက် အဓိပ္ပာယ်ရှိတဲ့ မွေးနေ့မျိုး မကြုံဖူးသေးဘူး ဝေး"

သူ့အသံက လှိုက်လှဲသံအပြည့်ဖြင့် နူးညံ့ရှိုမြလို့ နေလေသည်။ ဝေးသည် ဒီစကားတွေဟာ သူ့ရဲ့ ရင်တွင်းဖြစ် စစ်စစ်တွေဟု ခံစားရ၍ ယုံကြည်သဖြင့် ဘာမှပြန်မပြောမိဘဲ ကားကိုသာ ဂရုတစိုက် မောင်းလာမိသည်။ သူကလည်း ခပ်ငြိမ် ငြိမ်ပင် လိုက်ပါလာပြီးမှ ...

"မင်း ခေါင်းကိုက်နေသလား ဝေး"

"ဟင့်အင်း ... မကိုက်တော့ဘူး"

"မင်းက မနက်ဆို စောစောမနိုးတတ်ဘူးလား"

"ဟင့်အင်း ... ကိုယ်က ညဆို တစ်နာရီလောက်မှ အိပ်ဖြစ်တာ။ စောရင် ဆယ့်တစ်နာရီပဲ။ မနက်တိုင်း ကိုးနာရီက အစောဆုံး နိုးတယ်။ အိပ်ရာစောစော မထတတ်ဘူး"

"ညဆို မင်းက ဘာတွေလုပ်လဲ"

"စာကြည့်စရာရှိ ကြည့်တယ်။ နောက် ရုပ်ရှင်ကြည့်တယ်၊ စာဖတ်တယ်၊ အင်တာနက်ထဲ ဝင်တယ်။ အင်း ... ဒါတွေပါပဲ"

"မင်းဘဝက အပူအပင် ကင်းတယ်နော် ဝေး"

"မင်းကရော ဘာသောကတွေ ရှိနေလို့လဲ။ ဇ ... မင်း ဒီနေ့ သိပ်ထူးဆန်းနေတယ်။ ထူးထူးဆန်းဆန်း စကားတွေ အရမ်းပြောတာပဲ"

"ဒီနေ့ ကိုယ့်ဘဝအကြောင်းတွေ မင်းကို ပြောပြမယ်လို့ ဆုံးဖြတ်ထားတယ် ဝေး"

သူက ထိုသို့ပြောပြီးနောက် ဘာမှ ဆက်မပြောတော့ချေ။ ဘုရားသို့ရောက်လျှင် သူက lift နှင့် မတက်ချင်ဘူးဆို၍

Scanned by CamScanner

နှစ်ယောက်သား အတူတူ စောင်းတန်းတစ်လျှောက် လှေကားဖြင့် ဖြည်းဖြည်းချင်း တက်ကြသည်။ ပန်းတွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ အားလုံး သူပဲကိုင်လျက် ဝေးကို မကိုင်စေပေ။

ဘုရားပေါ်သို့ရောက်လျှင် သူကား သူ့နေ့နံထောင့်တွင် ကျကျနနကို ရေသပ္ပာယ်သည်။ ဆီမီးပူဇော်သည်။ ပန်းကပ်သည်။ ဒါတွေကို ဝေးက ဘေးကနေ၍ စိတ်ရှည်လက်ရှည် ကူညီပေးရလေသည်။

အားလုံးပြီးသွားလျှင် ဘုရားကို လက်ယာရစ် တစ်ပတ်ပတ်လျက် ရွှေသင်္ကန်းအတွက် အလှူငွေ တစ်သောင်းထည့်သည်။

"မောင်လေးတို့ နာမည်နဲ့ နေရပ်လိပ်စာကို ပြောပါ"

"စဝ်ခွန်ဇနဲ့ မိုးထက်ဝေးဝေးပါ ခင်ဗျာ"

ဝေးသည် သူ့အပြောကို မျက်လုံးအပြူးသားဖြင့် ကြည့်မိသော်လည်း သူကတော့ ခပ်တည်တည်ပင်။ အလှူခံဌာနက ထွက်လာတော့မှ ဝေးသည် မနေနိုင်တော့ဘဲ သူ့လက်မောင်းကို ဆွဲဆိတ်ပစ်တော့သည်။

Scanned by CamScanner

"အား ... လား လား၊ နာလိုက်တာကွာ။ ဘာလုပ်တာလဲ"

"ဘာလုပ်ရမှာလဲ။ ဘာကိစ္စ အလှူခံဖြတ်ပိုင်းမှာ ကိုယ့်နာမည်ကို ထည့်ရတာလဲ။ မင်းနဲ့ ကိုယ်နဲ့က ဘာဆိုင်လို့လဲ"

"ဟာ ... ဆိုင်တာပေါ့။ မင်းရော ကုသိုလ်ရစေချင်လို့ပေါ့ကွ။ မင်းလည်း ကိုယ်နဲ့အတူတူ ကုသိုလ်ယူတာပဲ။ ကိုယ့်တစ်ယောက်တည်း ရေးရင် ဘယ်ကောင်းပါ့မလဲ၊ ဟုတ်တယ် မဟုတ်လား"

"မဟုတ်ပါဘူး၊ နောက် မထည့်နဲ့"

"အဖြောင့်အတိုင်း တွေးစမ်းပါကွာ။ မင်းကိုပါ ကုသိုလ်ရစေချင်တဲ့ စေတနာနဲ့ပါ။ ဘာလဲ ... မင်းက စိတ်ဆိုးသွားတာလား"

ဝေးသည် ဝေခွဲမရစွာဖြင့် ဘာပြန်ပြောရမှန်း မသိဘူး၊ ဒီလို လုပ်တာဟာ သူ့ရဲ့ စိတ်ရင်းအမှန်လား၊ အကျောယူတာလား၊ ဝေး သေချာမဝေခွဲနိုင်တော့။ သူက ဝေးရဲ့ လက်ကလေးကို ဖျတ်ခနဲ ဆွဲကိုင်လိုက်လျှင် သူ့ကို အလန့်တကြား မော့ကြည့်မိကာ ရုန်းထွက်ဖို့တောင် မေ့လျော့ရသည်။

ဝေးကို စိုက်ကြည့်နေသော သူ့မျက်လုံးများသည် နီးညိုရှာ အရည်တွေ လဲ့နေလျက် နှုတ်ခမ်းတို့က ရင်ခုန်ချင်စရာ ကောင်းအောင်ကိုပင် စိုဖတ်လို့ နေသည်။

သူက ဝေးရဲ့ လက်ဖျားလေးတွေကို ဖျစ်ညှစ်ရင်း ပြောပါသည်။

"စိတ်မဆိုးပါနဲ့လား ဝေးရယ်။ ကိုယ် မင်းကို လိုအပ်လို့ပါ။ ကိုယ့်ကို အေးချမ်းအောင် မင်းပဲ တတ်နိုင်ပါတယ်။ နော် ... ဝေး"

သူ့စကားတွေက ဟိုး ... ရင်ထဲက လာသလို နက်ရှိုင်းလွန်းပါသည်။ ဝေးသည် သူ့လက်ထဲမှ ရုန်းထွက်လိုက်ပြီးနောက် ဘာမှ မပြောတော့ဘဲ ဆက်လျှောက်သွားမိသည်။ ရင်ထဲမှာတော့ သူ့စကားတွေကို ထပ်ခါ ထပ်ခါ ကြားနေတုန်းပဲ ဖြစ်လေသည်။

"Breakfast စားမယ်လေ ဝေး။ မင်း ဘာစားချင်လဲ"

"မင်းကြိုက်တာ စားပါ"

"ဒါဆို ရှမ်းကန်မှာ ဒင်းဆမ်းပဲ စားရအောင်နော်"

ကားပေါ်ကင်ရောက်လျှင် သူက ဝေးထံမှ ကားသော့ကို တောင်းယူကာ သူပဲမောင်းလေသည်။ စားသောက်ဆိုင်သို့ ရောက်လျှင် သူက အစားအသောက်တွေ မှာပြီးနောက် ဝေးကို စကားစတင်ပြောပါသည်။

"ကိုယ့်ဘဝအကြောင်းကို မပြောပြခင် မင်း ကိုယ့်ကို ဘယ်လိုမြင်လဲ ဆိုတာ ကိုယ် သိချင်တယ် ဝေး"

"အမှန်အတိုင်း ပြောမယ်နော်။ စ,တွေ့ခါစကတော့ မင်းကို ခပ်ပေါ့ပေါ့ လူငယ်တစ်ယောက်လို့ပဲ မြင်တယ်။ ပညာတစ်ခုခုလည်း မသင်၊ အလုပ်လည်း မလုပ်တဲ့ မင်းကို ဒီလောက်ပဲ ကိုယ် တွေးပါတယ် ...

နောက် မင်းက ဒသလို လူစားမျိုး ... ဒါပဲ။ ကျုပ်သိတာ အဲဒီလောက်ပဲ"

သူက ဝေး စကားကို ဘာမှမပြောဘဲ ပြုံးရုံသာ ပြုံးနေခဲ့လေသည်။

အတန်ကြာမှ စကား စ,ပြောတာဖြစ်သည်။ အစားအသောက်တွေ ရောက်လာပြီမို့ စားရင်း သောက်ရင်း ပေါ့ပေါ့ပါးပါးဖြင့် စကားကို စသည်။

"ကိုယ့်ဘဝအကြောင်းကို မပြောခင် တစ်ခု ဝန်ခံထားချင်တာက ဒီအကြောင်းတွေကို မင်းကလွဲပြီး ဘယ်မိန်းမတစ်ယောက်ကိုမှ ကိုယ် မပြောဖူးသေးဘူး ဆိုတာပဲ ဝေ။ ဒါလေးကိုတော့ ကျေးဇူးပြုပြီး မင်း ယုံပေးပါလို့ ကိုယ်တောင်းဆိုပါရစေ"

"ကိုယ် ယုံပါတယ် ဇ ...၊ မင်း ဆက်ပြောပါ"

သူက ခေါင်းတစ်ချက် ဆတ်ပြီးနောက် စားရင်းနှင့်ပင် စကားစပြောသည်။

"ကိုယ်က တောင်ကြီးက ဆိုတာ မင်း သိပြီးသားနော် ဝေ။ ပြောရမယ် ဆိုရင်တော့ ကိုယ့်မိဘတွေက အင်မတန် ပြည့်စုံပါတယ်။ ဘယ်သူတွေလဲလို့ အတိအကျ ပြောလိုက်ရင် မင်း ပိုအံ့သြသွားမယ်။ ဒါတွေက အရေးမပါပါဘူးလေ...

တကယ်တမ်း အရေးကြီးတာက မိသားစုရဲ့ ပျော်ရွှင်မှု၊ နွေးထွေးမှုပါ။ ကိုယ်တို့က မောင်နှမသုံးယောက် ရှိတယ်။ ကိုယ်က အငယ်ဆုံးပဲ ...

မှတ်မှတ်ရရ ကိုယ် လူမှန်းစသိတတ်တဲ့ အရွယ်တည်းက အဖေနဲ့ အမေရဲ့ ပဋိပက္ခတွေကို စတင်ကြုံခဲ့ရတာ။ အဓိက,က အမေပဲ။ အမေက ကိုယ်တို့အပေါ်မှာ အင်မတန် ရက်စက်ခဲ့တယ် ဝေး"

သူက ပြောရင်း အသက်ဝင်လာသလိုဖြင့် စားလက်ကို ရစ်တန့်ပစ်လိုက်သည်။ သူ့မျက်လုံးများက အတိတ်ကိုပြန်သတိရသွားဟန်ဖြင့် နာကျင်ကြေကွဲလို့ လာလေသည်။ ဘုရား... ဘုရား ... ယောကျ်ားတစ်ယောက်၏ နာကျင်ကြေကွဲသော မျက်ဝန်းများကို ဝေး တစ်ခါမှ မမြင်ဘူးခဲ့ပါ။

သူ ဘယ်လောက်တောင် ခံစားနေရသလဲ ဆိုတာ သူ့မျက်လုံးတွေကိုကြည့်လျှင် သိသာစေနိုင်လေသည်။

**"အမေက အပျိုဘဝထဲက ရည်းစားများခဲ့တဲ့ သူပါ။ အမေက အဖေနဲ့ရပြီးလည်း သူ့ဇာတိကို မဖျောက်နိုင်ခဲ့ဘူး ဝေး။ အဖေနဲ့ အမေရဲ့ ပဋိပက္ခတွေက ကိုယ့်ကိုမွေးပြီးမှ ပိုပြင်းထန်းလာခဲ့တယ်။ အဓိက,ကတော့ ကိုယ်ဟာ အဖေနဲ့ရတဲ့ကလေး မဟုတ်ဘူး ဆိုတာကိုပဲ"**

"အို ! "

ဒီလို အာမေဋိတ်မျိုး ထွက်သွားရာဖြင့် ဝေးကိုယ်ဝေး ကျိန်ဆဲ၍ မဆုံးချေ။ သူကတော့ သတိတောင် ထားမိဟန်မတူဘဲ ကြေကွဲမျက်ဝန်းများဖြင့် စကားဆက်ပြော၏။

"ကိုယ်ငယ်ငယ်က ကလေးဘဝဟာ ပျော်စရာတွေထက် သိမ်ငယ်စရာတွေနဲ့ပဲ ကြီးပြင်းခဲ့ရတယ်။ အထူးသဖြင့် အမေ့ရဲ့ စရိုက်တွေကြောင့် ကိုယ်တို့ မောင်နှမတွေဟာ ရွယ်တူ သူငယ်ချင်းတွေ ကြားထဲမှာ မျက်နှာငယ်ခဲ့ရတယ် ...

ဒီကြားထဲမှာ ကိုယ်က မျက်နှာအငယ်ခံရဆုံးပဲ ဝေး။ အဖေရဲ့ မလိုတမာဖြစ်တဲ့ စကားသံတွေ၊ ဥပေက္ခာပြုမှုတွေနဲ့ အမေရဲ့ ဂရုမစိုက်မှုတွေဟာ ကိုယ့်ကို ဆိုးသွမ်းလာအောင် သင်ပေးသလိုပဲ ...

နောက်ဆုံး ကိုယ် ဆယ်တန်းနှစ်မှာပဲ အမေက နောက်ထပ် ယောကျ်ားတစ်ယောက်နဲ့ ထွက်ပြေးသွားခဲ့တာပဲ ...

Scanned by CamScanner

မမကြီးနဲ့ ကိုကိုက အဖေရဲ့ သားသမီး အရင်းဆို တဲ့ အသိနဲ့ ဆက်လက်ရပ်တည်နိုင်ခဲ့ပေမဲ့ ကိုယ်ကတော့ ခုတ်ပြတ်သတ်သွားတဲ့ နှလုံးသားနဲ့ ဘယ်လိုမှ ရပ်တည်လို့ မရနိုင်ခဲ့ဘူး ဝေး ...

အဖေနဲ့လည်း လုံးဝအဆင်မပြေဘူး။ အမေ ဆိုတာ တော့ ဘယ်မှာလိုက်ရှာရမှန်း မသိတဲ့ ကိုယ့်ဘဝမှာ သတ် သေချင်လောက်အောင်ကို စိတ်ဓာတ်ကျခဲ့ရတယ် ဆိုရင် မင်း ဘာပြောမလဲ ဝေး ...

ကိုယ် ကံကောင်းတာ တစ်ခုက ဘိုးစဉ်ဘောင်ဆက် ချမ်းသာတဲ့ အမေက ကိုယ့်အတွက် စာချုပ်စာတမ်းနဲ့ အမွေတွေ အများကြီး လွှဲပေးခဲ့တာပဲ။ တကယ်တော့ အမေက ဒါတွေပေးခဲ့ရင် ကိုယ့်အတွက် ပြည့်စုံလိမ့်မယ် လို့ ထင်သွားခဲ့တာ အမေ မှားတာပဲ။ ကိုယ့်အတွက် လိုအပ်တာ ငွေမှမဟုတ်တာ ...

နောက်ဆုံး ကိုယ် တောင်ကြီးမှာ ဘယ်လိုမှ မရပ် တည်နိုင်တော့တဲ့ အဆုံးမှာ ရန်ကုန်ကို ရောက်လာခဲ့တာ

Scanned by CamScanner

ပဲ ဝေး။ ကိုယ့်ကို နှိမ်ချတဲ့ မျက်လုံးတွေအောက်က ကိုယ် ရှောင်ပြေးလာခဲ့တာပါ"

ပြောရင်း သူ့အသံက တိမ်ဝင်လို့ သွားခဲ့သည်။ နားရွက်များတွေ နီရဲကာ ဆို့နင့် ဝမ်းနည်းလာပုံရသော ဤ အမျိုးသားငယ်လေးကို သူမ ဘယ်လိုနှစ်သိမ့်ပေးရပါ့။

"ကိုယ့်ကို ဒဿလို လူတစ်ယောက်လို့ မင်းက ပြောတယ် နော် ဗေး။ ကိုယ့်ဘဝမှာ အင်မတန် ငတ်မွတ်ခဲ့ရတဲ့ အချစ်ကို ရှာတွေ့ဖို့အတွက် ကိုယ် မျက်နှာတွေ အများကြီး ထားခဲ့ရတာပါ။ ဘယ်သူက ကိုယ့်ကို အချစ်စစ် ပေးနိုင် မလဲ၊ နားလည်ပေးနိုင်မလည်း ကိုယ် ရှာခဲ့တာ ...

မတွေ့ခဲ့ပါဘူး။ ဘယ်သူမှ ကိုယ့်ကို အချစ်မပေး ကြဘူး။ ကိုယ်ကလည်း ဘယ်သူ့ကိုမှ မပေးချင်ဘူး။ ဘဝမှာ အချစ်ဆိုတာ အဲဒီလောက်ပဲ ရှားပါးလားလို့ အတွေးဝင်ခဲ့ရဖူးသေးတယ်။ နောက်ဆုံး ကိုယ် သိခဲ့ရတာ တော့ အချစ်ဆိုတာ ရှာဖွေလို့ရတဲ့ အရာမျိုး မဟုတ်ဘူး ဆိုတာပဲ"

Scanned by CamScanner

"မင်းအတွက် ကိုယ် စိတ်မကောင်းပါဘူး ဇရယ်။ ဒီထက် မပြောတတ်တော့ပါဘူး"

သူက ဝေးရဲ့ မျက်လုံးတွေထဲသို့ လွမ်းဆွတ်စွာ ငေးကြည့်လာသည်။

"ဘာပဲဖြစ်ဖြစ် မင်းကို ရင်ဖွင့်ခွင့်ရတဲ့အတွက် ကိုယ် ကျေနပ်ပါတယ်၊ နားထောင်ပေးတဲ့ မင်းကိုလည်း ကျေးဇူးတင်ပါတယ်။ ဝေးရယ် ... တစ်ခါတစ်လေတော့လည်း ဘဝဆိုတာကို ကိုယ် နက်နက်နဲနဲ စဉ်းစားမိတယ်။ အဖြေရှာကြည့်ထယ်။ အသိဉာဏ်လေး နည်းနည်းရလာတဲ့ အခါ ကိုယ့်ကိုယ်ကိုယ် သုံးသပ်ကြည့်မိတယ် ...

ငါနေတဲ့ Lifestyleက ဘာမှားနေလဲ ဆိုတာကိုပေါ့။ ဘဝက လာခြင်းမကောင်းခဲ့တာကို ကိုယ်က ဒီလိုပဲ မျောသွားမှာလားဆိုတဲ့ မေးခွန်းမျိုး ပြန်မေးမိတယ်။ လူရယ်လို့ ဖြစ်ပြီးမှတော့ တစ်ခုခုတော့ ဖြစ်အောင် လုပ်သင့်တယ်လို့ ထင်တယ် ...

Scanned by CamScanner

ကိုယ် ပြောင်းလဲလာတာ အာနိုးတို့ အဖေတို့နဲ့ စကားပြောဖြစ်တာလည်း ပါတယ်၊ အာနိုးတို့ကလည်း သားအဖနှစ်ယောက်တည်းပဲ။ ကိုယ့်အခန်းနဲ့ မျက်နှာချင်း ဆိုင်နေကြတာ။ ကိုယ်နဲ့ အာနိုးနဲ့က ဘဝတူတွေလေ ဝေးရဲ့"

"ဩော် ..."

ဝေးရဲ့ ဩော် နောက်တွင် မယုံနိုင်ခြင်း၊ အံ့ဩခြင်းနှင့်အတူ အမည်မတပ်နိုင်သော ခံစားမှုတွေ ပါလေသည်။ ဒါကြောင့် သူဟာ အာနိုးအပေါ်မှာ ဒီလောက် ဂရုစိုက်နိုင်တာကိုး။

"စဉ်းစားကြည့်စမ်းပါ ဝေးရာ။ ဒီလို ကလေးမျိုးတွေ ဒီကမ္ဘာကြီးမှာ ဘယ်နှယောက် ရှိနိုင်မလဲ။ ဘယ်လောက် သနားစရာကောင်းလဲ ...

သူ့ကို ဒုတိယ စဝ့်ခွန်ဇမျိုး မဖြစ်စေချင်တော့ဘူး။ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ် အရင်ပြုပြင်ရမယ် ဆိုတာကို နားလည်လိုက်တယ်။ ကိုယ့်ရဲ့ အဖော်ဟာ အာနိုး ဖြစ်လာတယ်။ အာနိုးရဲ့ အဖော်ဟာလည်း ကိုယ်ပဲ ...

Scanned by CamScanner

ကိုယ်တို့ ရင်နှီးမှုတွေ ရှိလာပြီးမှ ကောင်တာသွား သွားပစ်ကြရင်း မင်းနဲ့ စတင်ဆုံခဲ့တာပါ"

"မင်းက ဒါကြောင့် ကလေးတွေကို ခင်တွယ်တတ်တာ ကိုး"

"ဟုတ်တယ် ဝေး။ ခပ်ရှင်းရှင်းပြောရရင် မိန်းကလေးတွေ နဲ့တွဲတဲ့အခါ ပျော်ရတာထက် စိတ်ရှုပ်ရတဲ့ ဖီလင်က ပိုများတယ်။ ကလပ်သွားရင်လည်း ပျော်ရတာထက် မျက်စိ နောက်ရတာက ပိုတယ်။ ဘယ်အရာကမှ ကိုယ့်ကို ကြာကြာ မဆွဲဆောင်နိုင်ဘူး ...

နောက်ဆုံး သွားတွေ့တာတော့ ကလေးတွေဆီက မေတ္တာပဲ။ အဲဒီမှာ ကိုယ် အဲဒါကို အရမ်းယုံသွားတာ။ အရမ်းအေးမြတယ် ဝေးရယ်။ အမှန်တော့ ဒီထက် ကြီးမြတ် တာပါ။ ကိုယ်က အဲဒီလောက်ပဲ ပြောတတ်လို့။ အဲဒီ မေတ္တာတွေကို ကိုယ် ဘယ်မိန်းကလေးနဲ့မှ မခံစားခဲ့ဖူးဘူး"

"အဲဒီတော့ မင်း ကလေးတွေ အများကြီး မွေးစားလိုက်ပေါ့"

"အင်းပေါ့။ ကိုယ် ချစ်တဲ့သူကို မရရင်တော့ ဒီလိုပဲ လုပ် ရမှာပေါ့လေ"

"ဟယ် ... မင်း ယောက်ျား မဟုတ်ဘူးလား။ ကိုယ်ချစ်တဲ့သူကို ရအောင် ယူနိုင်ရမှာပေါ့။ Everything is possible (အဲဗရီးသင်း အစ်စ် ပိုစေဘယ်လ်)မဟုတ်ဘူးလေ"

"ဩော် ... ဒီလိုလည်း မဟုတ်ဘူးလေ ဝေးရယ်။ မင်းဘဝက လာခြင်းကောင်းတဲ့သူလေ။ ဘဝမှာ မင်းက အကောင်းဆုံး ဆိုတာတွေနဲ့ပဲ ထိတွေ့ရင်းနှီးခဲ့ရတာ ...

ငွေကြေး ပြည့်စုံပေမဲ့ နွေးထွေးမှုတွေ မပြည့်စုံတဲ့ မိသားစုတွေ အများကြီး ရှိတာပဲ။ အထူးသဖြင့် ကိုယ်လို ကောင်ပေါ့။ ငွေကလွဲပြီး ဘာမှ မရှိတဲ့ ကောင်မျိုးလေ၊ ကိုယ်က ဘဝနာခဲ့တော့ ဘယ်အရာကိုမှ သိပ်မျှော်လင့်ချက် မထားတော့ဘူး ဝေး"

ဒီလိုဆိုတော့လည်း စဝ်ခွန်ဇ ဟူသော အမျိုးသားလေးသည် တခြားကမ္ဘာက လာသူတစ်ယောက်လို ဝေးအတွက် ထူးဆန်းသွားတော့၏။ ဇရယ် ပဒုမ္မာဆိုသော မိန်းမတစ်ယောက်ကို အသည်းတွေကွဲ နာကျင်အောင် လုပ်ခဲ့တဲ့သူဟာ မင်းမှဟုတ်ပါလေစ။

"မင်း မိန်းကလေး တစ်ယောက်ကို အသည်း ခွဲဖူးလား"

ဒီစကားက မထင်မှတ်ဘဲနဲ့ သူမရဲ့ ပါးစပ်က ထွက်သွားရတာဖြစ်၏။ သူက ဝေးကို နားမလည်သလို ကြည့်လာ၍ ...

"မင်း ဘာမေးတာလဲ။ မင်း မေးခွန်းက တစ်မျိုးပဲ ဝေး။ မိန်းကလေးတစ်ယောက်ဆိုတာက ဘယ်သူ့ကို ပြောတာလဲ"

သူက ဝေး ထင်တာထက်ပင် လျှင်မြန်ပါးနပ်လေသည်။ ဝေးသည် ကိုယ့်ကိုယ်ကိုယ် တိတ်တဆိတ် ကျိန်ဆဲလိုက်ရင်းမှ ...

"ကိုယ် မင်းကို လူမှားတုန်းက မင်း ဘေးမှာ တွေ့ခဲ့ဖူးတဲ့ တစ်ယောက်ကို ဆိုလိုပြီး မေးတာပါ။ အဲဒီနောက် မင်းတို့ နှစ်ယောက်ကို လပြည့်ဝန်းပလာဇာမှာ တစ်ခါ လှမ်းတွေ့လိုက်သေးတယ်"

"ဪ ... ညိုမီလား။ သူက ကိုယ်ရဲ့ နောက်ဆုံးအတွဲပဲ လေ။ မင်း ယုံမလား ဝေး။ ကိုယ့်ဘဝမှာ ဘယ်မိန်းကလေးရဲ့ အချစ်ကိုမှ တခုတ်တရ တောင်းခံခဲ့ဖူးဘူး။ တောင်ကြီးတုန်းက ကိုယ့်ရည်းစားကလည်း ပတ်ဝန်းကျင်ရဲ့ စကားတွေနဲ့ ကိုယ့်ကို ခေါက်ပစ်ခဲ့တာ ...

ညိုမိုကလည်း ကိုယ့်ကို အဲလောက် အုံးစားတဲ့သူ မဟုတ်ပါဘူး။ အခု သူတောင် ရည်းစားရသွားပြီ။ ကိုယ့်ကြောင့် ဘယ်မိန်းကလေးမှ အသည်းမကွဲဖူးပါဘူး ဝေး။ ကိုယ် ဘယ်သူ့ကိုမှလဲ အသည်းမခွဲဖူးပါဘူး"

သူ့အသံက ဖြေရှင်းသံလိုမျိုးဖြင့် တောင်းပန်တိုးလျှိုး၍ နေလေသည်။

သူက ဝေးကို အဓိပ္ပာယ်ပါသော အကြည့်မျိုးတွေဖြင့် ကြည့်လာလျက် ...

"ဝေး ... ဒီနေ့ ကိုယ့် မွေးနေ့၊ အလှူဒါနအဖြစ် မိဘမဲ့ဂေဟာကို ငွေလှူပြီး ကလေးတွေကို နေ့ခင်းစာကျွေးဖို့စီစဉ်ထားတယ်။ အဲဒီနေရာတွေကို မင်း လိုက်ပေးနိုင်မလားဟင်"

"အင်း ... ကိုယ် လိုက်ပေးပါ့မယ်။ ကိုယ်လည်း တစ်ခါမှ မရောက်ဖူးသေးဘူး"

သူက အရည်လဲ့လာသော မျက်ဝန်းများဖြင့် ဝေးကို ကျေးဇူးတင်ပါတယ်ဟု ခပ်တိုးတိုး ဖြေလေသည်။ အဲဒီနောက် သူနဲ့ ဝေးဟာ မိဘမဲ့ဂေဟာသို့ ရောက်သွားကြသည်။ အဲဒီကို

ချက်သွားလျှင် ဝေး ရင်ထဲ၌ တစ်ခါမှ မခံစားဖူးသော မခံစားသော ခံစားချက်တစ်မျိုးကို ချက်ချင်း ခံစားရလေသည်။

စတစ်အဖြူနှင့် ပုဆိုးကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော လူငယ်လေးတစ်ယောက်ဟာ ကလေးငယ်လေးတစ်ယောက်ကို တယုတယနှင့် ချော့မြူချီပိုးထားသော မြင်ကွင်းကို ကြည့်ရင်း ဝေးရဲ့ နှလုံးသားတွေဟာ သူ့အတွက် အားပေးဖော်ဖြစ်ချင်လာသည်။

ကြည့်စမ်း ... ကလေးချစ်တတ်တဲ့ ယောက်ျားတစ်ယောက်ရဲ့ နှလုံးသားဟာ ဘယ်လောက်တောင်များ နူးညံ့နေမှာပါလိမ့်။

လိုက်ဖက်ညီသည်ဟု တဖွဖွ အပြောခံရသောအခါ ဝေးသည် ခပ်ပြုံးပြုံးနှင့် ဘာမှ အထူးတလည် မဖြေရှင်းတော့ချေ။ သူနှင့်အတူ ကလေးတွေ ချော့မြူထိန်းကျောင်းရင်း ဝေး ပျော်ရွှင်လာသည်။

မေတ္တာစိတ်ကို အလိုလိုပင် ခံစားသိရှိမိလေသည်။ နေ့လယ်စာ ထမင်းစားကြသောအခါ ကလေးတွေက သူ့အတွက် ဟင်းကောင်းပေးကြလျှင် သူက မျက်ရည်ဝဲသည်အထိ ကြည်နူး

Scanned by CamScanner

ရွှင်ပျလေသည်။ ဝေးသည် သူ့ကို တစိမ့်စိမ့် စိုက်ကြည့်မိရင်းမှ ရင်ထဲသို့ တစ်ခုခုက ခပ်ဖြည်းဖြည်း ဝင်ရောက်လာပြီ ဆိုတာကို သိသည်။

ဟင့်အင်း ... မဖြစ်သင့်ဘူး ဝေး။ မဖြစ်သင့်ပါဘူး၊ သို့သော် ဦးနှောက်က ဘယ်လိုပင် ထိန်းချုပ်ပါစေ၊ နှလုံးသားက မရချေ။ သူ့အပြုံးတစ်ချက်နှင့် ဝေးသည် အရာအားလုံးကို မေ့သွားပြန်ပါသည်။ အပြန်လမ်းတွင် တိတ်ဆိတ်နေရာမှ သူက ပြောလာခဲ့သည်။

"ကိုယ့်မွေးနေ့ကို မင်းနဲ့အတူတူ အဓိပ္ပာယ်ရှိရှိ ကျော်ဖြတ်ခွင့်ရတဲ့အတွက် မင်းကို အမြဲအမှတ်တရ ရှိနေမှာပါ ဝေး"

"ဟင် ... မင်းက ဘယ်သွားမှာမို့လို့လဲ။ တောင်ကြီးကို ပြန်မလို့လား"

"မပြန်ပါဘူး။ ကိုယ် ပြန်သွားရင် မင်းကို တွေ့ခွင့် ဘယ်ရတော့မလဲ။ ကိုယ် အလုပ်တစ်ခု လုပ်ဖို့ စဉ်းစားထားတယ်"

"တကယ် !... ကောင်းတာပေါ့"

Scanned by CamScanner

"ကိုယ့်ကို အဖြစ်မရှိတဲ့ ယောကျ်ားတစ်ယောက်လို့လည်း ထင်ချင်ထင်တော့ ဝေး ဆက်လျှောက်ရမဲ့ လမ်းခရီးမှာ ကိုယ့်အနားမှာ မင်း ရှိနေပေးပါလားဟင်"

ဝေးသည် သူ့စကားကြောင့် ရင်ထဲ၌ ဒိန်းခနဲ ဆောင့်၍ ခုန်သွားသည်။ ကားကို ဟန်မပျက်မောင်းနေရသော်လည်း နှလုံးတွေ တုန်လာတာကို ကိုယ့်ဘာသာပဲ သိလေသည်။ သို့သော် သူ့စကားတွေကို ဘာမှ မသိဟန်ဆောင်ကာဖြင့် ...

"ခုလည်း ရှိနေတာပဲ"

"ဟင့်အင်း ... အမြဲ ရှိနေစေချင်တာ ဝေး။ ကိုယ်ဆိုတဲ့ကောင်က ကိုယ့်ကိုချုပ်နှောင်တဲ့ အရာတွေကို အရမ်းမုန်းတယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ ကိုယ်ကိုယ်တိုင်ကကို လိုလိုလားလားနဲ့ ချည်နှောင်ခံချင်နေခဲ့တာပါ ...

မင်း မရှိလို့ မဖြစ်ဘူး ဝေးရယ်"

"ဘာတွေ ပြောနေတာလဲ ဖ။ နားလည်း မလည်ရပါလား"

"ချစ်တယ်ဆိုတဲ့ စကားလုံးနှစ်လုံးနဲ့ မလုံလောက်လို့ အများကြီးပြောနေရတာပါ ဝေး။ ကိုယ့်ကို အခွင့်အရေး ယူတယ်လို့ ထင်ချင်လည်းထင် ...

အဖေမပေါ်ဘဲ မွေးလာတဲ့ကောင်ကများဆိုပြီး ပါ၊ ရိုက်ချင်လည်းရိုက်ပါ ဝေး။ မင်းနဲ့ မခွဲချင်တော့တာတော့ အမှန်ပဲ ...

ကိုယ်လို အသုံးမကျတဲ့ ...”

ဝေးသည် ကားကို ရုတ်တရက် ထိုးရပ်ပစ်လိုက်ကာ သူ့နှုတ်ခမ်းကို ပိတ်ပစ်လိုက်သဖြင့် ပြောလက်စ သူ့စကားတို့မှာ ရပ်တန့်၍သွားသည်။

“ဓ ကိုယ်လေ ...”

သူက မျှော်လင့်ချက်အပြည့်ကို သယ်ပိုးထားသော မျက်ဝန်းများဖြင့် ဝေးကို ငေးကြည့်နေသည်။ ထိုမျက်ဝန်းများသည် ဝေးရဲ့ ရင်ကို ဖောက်ခွဲလျက် နှလုံးသားရဲ့ ဟိုးအတွင်းပိုင်း အထိ အတိအကျ ဝင်ရောက်လို့သွားလေသည်။ ဝေး ပြောပါရစေတော့။ နှလုံးသားရဲ့ အလိုတော်အတိုင်း ဝေး ဖွင့်ဟဝန်ခံပါရစေတော့။

ချစ်သူကို ချစ်သည့်အကြောင်း ပထမဆုံးအကြိမ် စတင်ဝန်ခံသော အဖြစ်ကို အဖြေပေးခြင်းဟု လူတွေက သတ်မှတ်ကြသည်။ ပထမဆုံးအကြိမ် ဝန်ခံခြင်းမှာ နှလုံးသားကို ဘယ်

လောက်အောင် ခုန်ပေါက်ယိမ်းထိုးနေသလဲဆိုတာ ကိုယ်တိုင် ကြုံဖူးမှပဲ သိကြမှာဖြစ်၏။

ဝေးကတော့ ခံစားချက်ပေါင်းများစွာဖြင့် သူ့ကို စကားတောင် မပြောနိုင်တော့။ ခေါင်းကို ညိတ်ချလိုက်တာနှင့် သူ့ရင်ခွင်ထဲသို့ သက်ဆင်းသွားရတာဖြစ်သည်။ ဝေး နိုဝင်မိသော ဘယ်ဘက်ရင်ခွင်သည် နှလုံးခုန်သံ အစစ်ဖြင့် ဝေးကို ကြိုဆိုနေခဲ့၏။ သူ့ရဲ့ နှလုံးသားကို စတင်နမ်းရှိုက်ခြင်းအားဖြင့် အဆုံးမပြည်သော အချစ်စကားတွေ အများကြီး ပြောဖြစ်ခဲ့တာ ဖြစ်တော့သည်။

အနမ်းဆက်တိုင်း အချစ်တွေနဲ့ပါ ဓရယ် ...။

❦ ❋ ❦

Scanned by CamScanner



သူနှင့် ဝေးတို့ ချစ်သူဖြစ်သွားပြီး နောက်ပိုင်း၌ တစ်ခုခု အငြင်းအခုန်လုပ်တိုင်း အကျပ်ကိုင်တတ်သည်မှာ သူ့ရဲ့ စိတ်အကြိုက်အဖြူကို လေလံတင်ပစ်မယ်ဆိုတာပဲ ဖြစ်သည်။ သူ့နှလုံးသားကို သူ မသိအောင် တိတ်တိတ်လေး နမ်းရှိုက်လိုက်သော်လည်း ဝေးရဲ့ အနမ်းသက်သေကား သူ့ရှပ်အကြိုဖြူမှာ စွန်းထင်းလို့ သွားခဲ့သည်မှာတော့ ပြန်တွေးတိုင်း ရှက်စွံ့ရင်ခုန်ဖို့ ကောင်းပါသည်။

Scanned by CamScanner

"အဲဒီအင်္ကျီကို မင်း လျှော်ကွာ။ လူညစ်ပတ်။ လျှော်လည်း မလျှော်ဘူး"

"ကြည့် ... ပြောပြန်ပြီ။ ချစ်သူတွေ ဖြစ်နေပြီပဲကွာ။ ကိုယ့်ကို မင်းလို့ မခေါ်စမ်းပါနဲ့။ တစ်ခုခုပေါ့။ လုပ်စမ်းပါဦး"

သူက အကဲပိုစွာပင် သူ့ကို မင်းနဲ့ ကိုယ်နဲ့ မသုံးစွဲပါနဲ့တော့ဟု တောင်းဆိုလာသည်။

"ဘယ်လိုသုံးရမှာလဲ။ ဇလို့ပဲ ခေါ်မယ်ကွာ။ မင်းလို့တော့ မပြောတော့ဘူး။ ကျေနပ်ပြီလား"

သူက အပြုံးနှင့် ခေါင်းညိတ်ပြသည်။ ဝေးရဲ့ လက်ဖမိုးလေးကို ဆွဲယူနမ်းရှိုက်နေသော သူ့ကို ကြည့်လျက် သူ့ ရင်ထဲ၌ အချစ်တစ်ခု နိုင်မာနေပြီလားဟု တွေးမိလျှင် ဝေး အမြဲတမ်း ရူးသွားချင်လေသည်။ သူနှင့် အတိအကျ ရင်းနှီးပတ်သက်ပြီးမှ သူ့ဘဝအကြောင်းကို သိခဲ့ရတာ ဖြစ်သဖြင့် ရက်စက်ဖို့ကို ဝေး အင်မတန်လက်တွန့်နေရပြီ။ ပြီးတော့ သူ့အချစ်တွေထဲမှာ ဝေး ပျော်ဝင်နေရပြီဖြစ်သည်။

Scanned by CamScanner

အချစ်သည် ချောက်ချားစရာကောင်းလောက်အောင် ကိုလည်း လှည့်ဖြားတတ်လေသည်။

"ဝေး ... မင်းကိုလေ ကိုယ် ဘယ်လိုချစ်မှန်းကို မသိဘူး။ မင်းက ရက်စက်ရင်တော့ မတတ်နိုင်ဘူး ဝေး။ ကိုယ်က တော့ ရှိသမျှ အချစ်တွေ အားလုံးကို ပုံအောပြီးတော့ကို ချစ်လိုက်ပြီ"

"အစကတော့ ပုံအောပြီး မချစ်ဘူးပေါ့လေ"

သူက ဒီလိုပြောလျှင် တဟက်ဟက်နှင့် အမြဲရယ်သည်။ သူ ရယ်နေလျှင်လည်း အင်မတန် ကြည့်ကောင်းပါသည်။

"ကြည့်စမ်းကွာ ... ကောင်မလေးတစ်ယောက် ကိုယ့်ကို ရေရေလည်လည် ငမ်းနေတာ။ တော်တော်ကြွေနေတယ်နဲ့ တူတယ် ဟုတ်လား"

"အင်း ... မင်းက ချောတာကို ဇရဲ့"

သူ့မက သူ့ကို အကျင့်မပျောက်နိုင်စွာဖြင့် မင်းဟု လွှတ်ခနဲ ခေါ်မိသည်။ သူကလည်း တစ်ချက်မှ သတိမလစ်ဘဲ ...

"မရတော့ဘူး ဝေး။ မင်းကိုတော့ ကောင်းကောင်းအပြစ် ပေးမှ ဖြစ်တော့မယ်"

Scanned by CamScanner

သူက ရုတ်တရက် ဝေးရဲ့ အနားသို့ ချွေ့ခနဲ ရောက်ရှိလာလေသည်။ ဝေးသည် သူ ဘာလုပ်မယ်ဆိုတာကို သိသလိုလို ရှိသဖြင့် ကန်စပ်မှာ ထိုင်နေရာမှ ရုတ်တရက် ထပြေးသည်မှာ ကားထဲသို့ဖြစ်၏။ ပြေးမိပြေးရာဖြင့် ကားနောက်ခန်းထဲ ဝင်မိကာ တစ်ဖက်မှ တံခါးလော့ဂ်ကို ချတုန်း သူက တစ်ဖက်တံခါးမှ အလျင်အမြန် ဝင်ရောက်လာသည်။

"ဟင့်အင်းနော် ... ဇ ... မင်း ..."

သူက မချိုမချဉ် မျက်နှာဖြင့် မှန်တွေကို တင်ကာ တံခါးလော့ဂ်တွေကို အကုန်ချပစ်လိုက်လေသည်။ ပြီးလျှင် ပြုံးစစ မျက်နှာပေးနှင့် ဝေးဘက်သို့ လှည့်လာသည်။

"ဇနော်"

"ဟ ... ဘာလဲ ဝေးရဲ့။ ကိုယ့်မျက်နှာမှာ အစွယ်တွေ ထွက်လာလို့လား။ ဘာလို့ ဒီလောက် ကြောက်နေရတာလဲ ဟင်"

သူ့အသံက ဝိုင်တစ်ခွက်လိုပင် ချိုရီရွှာ ယစ်မူးစေလေသည်။ အရိပ်ကောင်းသည့် သစ်ပင်အောက်မှာ ကားရပ်ထား

သဖြင့် အလင်းရောင် သိပ်မဝင်သော ကားထဲတွင် သူမရဲ့နှလုံးသား တစ်ခုလုံး ပြောင်းဆန်လှုပ်ရှားလာသည်။

ဒီလို အဖြစ်အပျက်မျိုး၊ ခံစားမှုမျိုးကို စေ့စပ်ထား သော စင်ရော်နှင့်ပင်လျှင် မကြုံတွေ့ခဲ့။

မခံစားခဲ့ရဖူးချေ။

"ဝေး ..."

သူ့အသံက ဟိုးအဝေးကြီးမှ ပြေးလာသူတစ်ယောက် လို လှိုက်မောတုန်ယင်နေလေသည်။ သူ့မျက်နှာကို မကြည့်ရဲ သဖြင့် ခေါင်းငုံ့ထားသော ဝေးရဲ့ လက်ဖျားလေးတွေကို သူက ဆွဲယူဖျစ်ညှစ်ရင်း ...

"ဝေး လက်တွေ အေးစက်နေတာပါလား။ ဝေး ဘာဖြစ် နေတာလဲ၊ ဘာဖြစ်လို့လဲဟင်"

သူက သူမရဲ့ လက်တွေကို ရင်ခွင်ထဲ ထည့်သွင်း ထားရင်းမှ ကြင်နာစွာဖြင့် ဂရုတစိုက်မေးလေသည်။ သူ့ရဲ့ ကြင်နာမှုအောက်တွင် သူမရဲ့ ရင်တုန်ခြင်းတို့ သက်သာပျောက် ကင်းသွားသည်။

Scanned by CamScanner

သူ့ကိုလည်း ပိုလို့ချစ်သွားပါသည်။ သူဟာ သူ့ဆန္ဒထက် ဝေးရဲ့ ခံစားချက်ကို ပိုအလေးထားသူမှန်း နားလည်သွား၍ဖြစ်သည်။

သူကလည်း ဝေးရဲ့ အခြေအနေကို ရိပ်မိလျက် ဝေးရဲ့ ဆံပင်လေးတွေကို ဖွဖွသပ်တင်ပေးလာသည်။

"ဆောရီး ဝေး။ ဝေးကို လန့်အောင် လုပ်မိသွားရင် ကိုယ်တောင်းပန်ပါတယ်။ ဆောရီးနော်။ ဟုတ်သားပဲ။ ကိုယ့်အချစ်က ယုန်လေးလို ဖြူစင်တယ်။ အတွေ့အကြုံ မရှိဘူးဆိုတာ ကိုယ် မေ့သွားတယ်။ ကိုယ်က ချစ်လို့ စတာပါကွာ။ အဲဒီလောက် မကြောက်ပါနဲ့ ...

စိတ်ချ။ ဝေးကို မှဲ့တစ်ပေါက် မစွန်းစေရဘူး။ ရှိတဲ့ မှဲ့တွေကိုပဲ အကုန်ဖျက်ပေးမှာ ... ဟဲ ဟဲ"

"သွား ..."

ဝေးက သူ့ကို ရှက်ရှက်နှင့် ထုမိလျှင် သူက လက်သီးဆုပ်လေးများနှင့်အတူ လူကိုပါ သူ့ရင်ခွင်ထဲသို့ တင်းတင်းကျပ်ကျပ် ဆွဲပွေ့ထားလိုက်လေသည်။ အခုတော့လည်း ဝေးရဲ့ ရင်ခုန်သံတွေက ပုံမှန်အတိုင်း ငြိမ်လို့သာပင်။

Scanned by CamScanner

"ဝေးကို ကိုယ် အရိုးသားဆုံး ချစ်ပါတယ်ကွာ။ အချစ်မှ
အချစ်က အဓိကပါပဲ။ နောက်ပြီး အနမ်းဆိုတာလည်း
အချစ်ရဲ့ သူငယ်ချင်းတော်တယ် ဝေးရဲ့။ အနမ်းဆိုတာ
အချစ်ရဲ့ သင်္ကေတတစ်ခုပဲ"

"ဟင် ... ဘယ်သူ ပြောလဲ"

"ကိုယ် ပြောတယ်လေ"

သူက ပြောပြောဆိုဆိုပင် ဝေးရဲ့ နားသယ်စပ်လေး ထံသို့ ဖျတ်ခနဲပင် နမ်းမွှေးလိုက်လေသည်။ ဝေးသည် ချက်ချင်း ပင် ကြက်သီးတွေ ထလာလေသည်။ အင်္ကျီလက်ပြတ် ဝတ်ဆင် ထားသောကြောင့် ဝေးရဲ့ လက်မောင်းသားမှ ကြက်သီးဖုလေး များကို သူက အံ့သြရွှန်းလက်သည့် မျက်ဝန်းများဖြင့် ကြည့်ကာ...

"ဟာ ... ကြည့်စမ်း။ ဝေး ကြောက်နေတယ်။ ကြက်သီးတွေ ထလာတယ်ကွာ။ တကယ့်အသစ်ပဲ။ ဘာလို့လဲဟင်"

"ဟင့်အင်း ... တော်ပြီကွာ။ ဖယ် ... ဝေး မနေတော့ဘူး"

ဝေးသည် သူ့ ရင်ခွင်ထဲမှ ရုန်းထွက်လျှင် သူက လွှတ်မပေးတော့ချေ။ ပိုလို့ပင် တိုးဖက်ထားလျက် သူ မြတ်နိုးသောအရာမှန်သမျှကို မက်မက်မောမော နမ်းရှိုက်လေသည်။ တကယ်တမ်း ရင်ဆိုင်တွေ့ရလျှင် ဝေးသည် အသက်ရှူဖို့ပင် မေ့လျော့လျက် နှလုံးသားတစ်ခုလုံး သူ့အချစ်တွေအောက်တွင် အတုံးအရုံး ကျဆုံးရသည်။

စတွေ့တုန်းကတည်းက ဝေး အင်မတန် နှစ်သက်ခဲ့ဖူးသော သူ့နှုတ်ခမ်းလေးကို နာရီအတော်အကြာ အပိုင်စားရထားခဲ့သည်။ သူသည် အချစ်တွေရဲ့ သင်္ကေတများဖြင့် ဝေးကို အစွမ်းကုန် ချည်နှောင်ထားခဲ့ပြီး ဖြစ်ပါသည်။ ဝေးတို့နှစ်ယောက်လုံး အနမ်းရှည်အိမ်မက်မှ လန့်နိုးလာလျှင် သူက ရှက်အားပိုနေသော ဝေးရဲ့ မျက်နှာကို ပင့်တင်လျက် ...

"ဘာလို့ ငြိမ်သက်နေရတာလဲ ဝေးရဲ့။ အတူတူ ချစ်ကြတာပဲဥစ္စာ။ နမ်းတယ်ဆိုတာ ရှက်စရာမှ မဟုတ်တာ"

"ဟင့်အင်းကွာ။ ဆက်မပြောနဲ့တော့။ ဝေး တကယ်ဆိုးတယ်"

"ရော် ... မဆိုးပါဘူး။ ကိုယ် လိမ္မာတော့မဲ့ဥစ္စာပဲ။ ကိုယ် အလုပ်တစ်ခု စရတော့မယ် ဝေးရဲ့၊ မမကြီးတို့နဲ့လည်း အဆက်အသွယ် ရတယ်။ မမကြီးက ကိုယ့်ကို အရမ်းချစ်တာ။ အဲဒါ ... အလုပ်တစ်ခု လုပ်ဖို့ စီစဉ်ပေးမယ် တဲ့ ...

အလုပ်က အခြေတကျဖြစ်သွားရင် ဝေးကို ကိုယ် လက်ထပ်တော့မယ်ကွာ နော်၊ ဝေး အတူတူ နေချင်ပြီ"

သူက ဝေးရဲ့ နားရွက်ဖျားလေးကို မနာအောင် ကိုက်ရင်း အသည်းယားသလိုနှင့် ပြောတာဖြစ်၏။ ဝေးကတော့ လက်ထပ်ဖို့စကားကြားလျှင် သွေးပျက်ချင်သလိုလို ဖြစ်သွားရ လေသည်။

"ဝေး ကိုယ် ပြောတာ ကြားလား။ ကိုယ့်ကို မချစ်ဘူးလား ဝေးရယ် ... ဟင်"

သူက ခံစားချက်တို့ မွှတ်သိပ်ရင်းနှင့် ဝေးရဲ့ လည်တိုင်တွေထဲ နှုတ်ခမ်းအပ်လျှင် သူ့ကျောပြင်ကို ခပ်ဖွဖွ ပုတ်ကာ နှစ်သိမ့်ရ၏။

"ဝေး ဇကို ချစ်ပါတယ်၊ မလုံ … မလုံလောက်သေးဘူးလား ဇရယ်"

"ကိုယ် ယုံပါတယ်။ ဒါပေမဲ့ ကိုယ် မင်းကို အဆုံးရှုံးမခံချင်လို့ပါ ဝေးရယ်။ ကိုယ်လေ ဘယ်လိုမှ မထင်မိအောင်ကို မင်းကို ချစ်သွားတယ် …

အရှုံးအမှုး တွယ်တာသွားတယ်။ အရာရာဟာ မင်းအတွက်လို့ သတ်မှတ်ပြီးတဲ့နောက်မှာ ဘဝကို မင်းနဲ့ပဲ သက်တမ်းစေ့ နေသွားချင်တယ် …

ဘဝဆက်တိုင်း၊ အနမ်းဆက်တိုင်း အချစ်တွေနဲ့ ခမ်းနားချင်တယ်ကွာ။ ကိုယ့်ကို လက်ထပ်ဖို့ စဉ်းစားပေးပါနော်"

သူ့စကားအဆုံးတွင် ဒီကမ္ဘာမြေကြီးပေါ်မှ အငွေ့ပျောက်ဆုံးသွားချင်လောက်အောင်ကို ဝေး ခံစားသွားခဲ့ရပါသည်။ ဒီလိုအခြေအနေမျိုးမှာ ဝေး ဘယ်လမ်းကို ရွေးရပါတော့မလဲ။ ဘက်ရာတွေနဲ့ ကြီးပြင်းလာခဲ့သော သူ့နှလုံးသားလေး အသက်ဝင်ပါ အရွယ်မှာ ဝေးက ပြန်သတ်ရဦးမှာလား။

Scanned by CamScanner

ဒီလို အခြေအနေတွေ ကြုံလာဖို့ ဘယ်သူက စေခိုင်းခဲ့တာလဲ။

ဘယ်သူကရော ရှုံးမိုက်စွာ နာခံဆုံးဖြတ်ခဲ့တာလဲ။ နောက်ဆုံး ... တကယ်ကြေကွဲနာကျင်ရမှာက ဘယ်သူလဲ ... ?။

နောက်ဆုံးတော့ ဝေးသည် ဘာကိုမှ အဖြေရှာမရတော့ဘဲ သူ့အချစ်တွေထဲမှာ၊ သူကလည်း ဝေးအချစ်တွေထဲမှာ နစ်ဦးသား အပြန်အလှန် ကျရှုံးကြခြင်းဖြင့် အနမ်းအိပ်မက်ရှည်ထဲမှာပဲ အားလုံးကို မေ့ထားခဲ့တာ ဖြစ်တော့လေသည်။

❦ ❋ ❦

Scanned by CamScanner



ဝေးနဲ့ သူသည် အချိန်ကာလတွေကို မေ့လျော့စွာ
ဖြတ်ခဲ့ကြရင်းမှ ဝေးကတော့ ဘာသိဘာသာ နေခဲ့သော်လည်း သူ
ကတော့ အကောင်းဘက်သို့ ဦးတည်၍ ပြောင်းလဲလာပြီဖြစ်သည်
ဆိုတာကို သိပ်မကြာခင်မှာပဲ  သိခွင့်ရလိုက်လေသည်။

တစ်နေ့တွင် သူက ဝေးထံသို့ ဖုန်းဆက်လာ၍ ...

“ဝေး ဒီနေ့ အားသလားဟင်”

Scanned by CamScanner

"အားပါတယ်။ နေ့ခင်းတော ကာလပ်စ်ရှိတယ်။ ဘာလုပ်မလို့လဲ ဇ"

"ကိုယ့်မွေးနေ့တုန်းက သွားခဲ့တဲ့ ဂေဟာကို ဝေး လိုက်မလားလို့။ အာနီးတို့ ဖိုးပြည့်တို့လည်း ပါမယ်"

"ဟုတ်လား၊ အင်း ... လိုက်မှာပေါ့။ မနက်ပိုင်းလား"

"ဟုတ်တယ် ဝေး။ ဒါဆို အဲဒီကို ကိုးနာရီလောက် လာခဲ့နော်"

"အိုခေ ... ဘိုင့်ဘိုင်"

ဝေးက နာရီကို တစ်ချက်လှမ်းကြည့်လိုက်လျှင် ရှစ်နာရီပဲ ရှိသေးသဖြင့် အိပ်ရာမှ ထကာ အေးအေးဆေးဆေး ရေချိုးလိုက်သည်။ မိတ်ကပ်ကိုလည်း သဘာဝအတိုင်းလေးပဲ ပြင်လျက် ခပ်ပျော့ပျော့အစတစ်မျိုးကို ခြေသလုံးအလယ်လောက်ထိ ရှည်အောင် ချုပ်ထားသော ဂါဝန်လေးကို ဝတ်ဆင်လိုက်သည်။ အလှအပပြင်ဆင်မှုက ပြီးဆုံးသွားချေပြီ။ အိတ်အနက်လေးကို လွယ်လျက် လှေကားမှ ဆင်းလာတုန်းမှာပဲ ဝေးရဲ့ ဖုန်းက မြည်လာခဲ့သည်။

"ပဒုမ္မာလား ... ပြော"

"နင် အချိန်ရလား ဝေး။ အပြင်မှာ ဘာရိုတ်ဖတ်စ် တစ်ခုခု သွားစားဖို့ ငါ လှမ်းချိန်းတာ"

ဒီနစ်တော့ မိုးကောင်းဦးတော့မှာပဲ။ ဝေးသည် ခပ်ချဉ်ချဉ် တွေးပြီးနောက် ပဒုမ္မာရဲ့ ကမ်းလှမ်းချက်ကို ငြင်းပစ်လိုက်၏။

"ဆောရီး ပဒုမ္မာ။ ငါ အခုပဲ အပြင်သွားတော့မှာ"

"ဇနဲ့ ချိန်းတားလို့လား"

"အဲဒါ နင့်ကိစ္စ မဟုတ်ပါဘူး"

တစ်ဖက်မှ ပဒုမ္မာက ဝေးရဲ့ စကားကို ရယ်လေသည်။

အဲဒီ ရယ်သံဟာ ဝေးကို လှောင်နေသော ရယ်သံဟု ခံစားရပါသည်။

"နင်တို့ အရမ်းအဆင်ပြေနေကြပြီလား ဝေး။ ဘယ်လိုလဲ။ ငါ အိုမီဂါနာရီ ဝယ်ထားရတော့မှာလား"

ဒီစကားကို ကြားလျှင် ဝေးရဲ့ နှလုံးသားတစ်ခုလုံး ကျဉ်စက်နှင့် အတို့ခံလိုက်ရသလို ထုံကျင်အောင့်မျက်သွားသည်။ ကြည့်စမ်း ... ဒီကိစ္စကိုတောင် ဝေး မေ့လျော့ နေမိခဲ့တာ။ ပဒုမ္မာ ကလည်း ပါးနပ်စွာဖြင့် ...

"ဘာလဲ ဝေး။ နင် မေ့နေပြီလား"

"ဘာကိစ္စ မေ့ရမှာလဲ။ နောက်မှ ငါ ပြန်ဆက်မယ် ပဒုမ္မာ။ ငါ အချိန်မရှိတော့လို့"

"ဟုတ်ပြီလေ။ နင် သွားစရာရှိတာ သွားပါ။ နောက်မှ နင်နဲ့ငါ အေးအေးဆေးဆေး စကားပြောကြတာပေါ့။ ဘိုင့်ဘိုင်"

ပဒုမ္မာက နှုတ်ဆက်ကာ ဖုန်းပိတ်သွားသော်လည်း ဝေးသည် လှေကားရင်းမှာ ငူငူကြီး ရပ်လျက် ကျန်နေခဲ့သည်။ အစောနက တက်ကြွရွှင်လန်းမှုတွေဟာ ဘယ်ရောက်သွားမှန်း မသိဘဲ ဝေး ရင်ထဲ၌ ကြောင့်ကြစိုးရိမ်စိတ်တွေသာ ဝင်ရောက် လာခဲ့လေသည်။

Scanned by CamScanner

ဝေး ကတဲ့ဓာတ်ကို ဝေး မနိုင်ချင်တော့ပေ။ ဝေးရဲ့ အစီအစဉ်တွေထဲ၌ သူ့ကို ချစ်သွားဖို့ကိစ္စတွေ မပါ။ သူ့ဘဝ အကြောင်းတွေကို သိလျက် သနားကြင်နာကရုဏာသက်မှုတွေ မပါပေ။ ဒါတွေ မပါခဲ့လျှင်တော့ ဝေးသည် ဒီအချိန်မှာ ဇာကို အေးအေးဆေးဆေးပင် ပွဲသိမ်းနိုင်ပြီဖြစ်သည်။

အချစ်ကို လျှော့တွက်ထားသော ဝေးအတွက်တော့ အချစ်က လှလှပပကြီးကို ပြန်လည်ပညာပေးနေပြီ ဖြစ်လေသည်။ လှေကားရင်းမှ စိတ်ပျက်လက်ပျက် ထိုင်ချနေသော ဝေးကို မေမေက တအံ့တသြနှင့် ကြည့်လျက် ...

"ဟဲ့ ... သမီး။ အပြင်သွားမလို့ မဟုတ်လား။ ဘာထိုင်လုပ်နေတာလဲ။ ကော်ဖီရော သောက်ပြီးပြီလား"

"ဟို ... အပြင်ရောက်မှ သူငယ်ချင်းတွေနဲ့ မုန့်စားမလို့ မေမေ"

"အေး ... သွားလေ။ ဒီမှာ ဘာထိုင်လုပ်နေတာလဲ။ ဒီကလေး ခုတလော အရမ်းထူးဆန်းနေတယ်။ စင်ရော် ဆီကရော ဖုန်းလာရဲ့လား သမီး"

"ဟုတ် ... လာတယ် မေမေ။ တစ်ရက်ခြားတစ်ခါ ဆက်တယ်"

"အေး ... အဆင်ပြေတယ် မဟုတ်လား။ သူဇာကတောင်မနေ့က ပြောနေသေးတယ်။ စေ့စပ်ထားတာ တစ်နှစ်လောက်ရှိပြီဆိုတော့ ဒီတစ်ခေါက် စင်ရော် ခဏပြန်လာရင် လက်ထပ်ဖို့ စီစဉ်မလားလို့ပဲတဲ့ ...

သမီးလည်း MBAရတော့မှာပဲ မဟုတ်လား။ စင်ရော်က နောက်ထပ် တစ်နှစ်ကျန်သေးတော့ ဒီပြန်လာတုန်း သမီးနဲ့ လက်ထပ်ပေးပြီး သမီးကိုလည်း ဆစ်ဒနီကို ထည့်ပေးလိုက်မယ်တဲ့"

ဝေးသည် မျှော်လင့်မထားသော သတင်းတစ်ခုကို ကြားလိုက်ရသည့်အတွက် မျက်လုံးပြူးထွက်လာအောင်ပင် အံ့အားသင့်ရလေသည်။

"ဘယ်လို မေမေ။ ဝေးက ဆစ်ဒနီကို လိုက်သွားရမယ် ဟုတ်လား"

"ဟဲ့ ... ဘာဖြစ်တာလဲ အလန့်တကြားကြီး။ လက်ထပ်ပြီး မှတော့ လိုက်ရမှာပေါ့ သမီးရဲ့။ တစ်နှစ် နှစ်နှစ်ပဲဟာ။ ဘယ်လောက်အဆင်ပြေလဲ ...

သမီးလည်း ဟိုမှာ ပညာတွေ ဆက်လေ့လာပေါ့။ မေမေ့သမီးက ထက်မြက်တာပဲဟာ။ သမီး ဘဝ ဒီလောက် ကံကောင်းနေတာ မေမေတို့ ဘယ်လောက် စိတ်ချမ်းသာ နေရတယ် မှတ်လဲ ...

ကဲပါ ... ဒါတွေ နောက်မှ အေးအေးဆေးဆေး ပြောတာပေါ့။ သွားစရာရှိတာ သွားလေ၊ နောက်ကျနေဦး မယ်"

ဝေးသည် မေမေက သွားနိုင်းမှပင် သွားဖို့ သတိ ရလျက် ထလာရသည်။ ကားပေါ်သာ တက်မောင်းလာခဲ့သော် လည်း ဝေး ရင်ထဲ၌ လေးလံတင်းကျပ်၍ နေလေသည်။ ဖြစ်နိုင် လျှင် အားလုံးနှင့် ဝေးရာသို့ ခနင့်အတူတူ ထွက်ပြေးချင်သည် အထိပင်။ ခကို မျှော်လင့်မထားမိအောင်ပင် ဝေး ရူးသွပ်စွာ ချစ်မိသွားခဲ့သည်။

စိတ်နှင့် ကိုယ်နှင့် ကပ်လိုက် ခွာလိုက် ရှိနေရင်း နဲ့ပဲ ဂေဟာသို့ ရောက်လာခဲ့တာဖြစ်သည်။ ဇေသည် အပြင်ဘက် မှာတောင် ထွက်၍ ဝေးကို ကြိုနေရှာ၏။ သူ့မျက်နှာကို မြင် လိုက်လျှင် ဝေး ရင်ထဲ၌ အမှန်တကယ်ပင် အေးချမ်းသွားခဲ့ပါသည်။

"လာ ဝေး။ ဒီမှာ မုန့်ထုပ်တွေ အလှူလာလုပ်တာလေ"

"Hi ... မမဝေး ... သားတို့ဒီမှာ"

အာနီးတို့ အုပ်စုကလည်း ဝေးကို နှုတ်ဆက်သည်။ ဝေးသည် ကလေးတွေနှင့် အပြန်အလှန် နှုတ်ဆက်ပြီးမှ သူ့ကို မေးရသည်။

"ဒီ မုန့်ထုပ်တွေကို ဘာစိတ်ကူးနဲ့ လာဒါနလုပ်တာလဲ ဇေ။ ဘာတဲ့ မုန့်ထုပ်က Holiday ဆိုပါလား။ တံဆိပ်သစ်ပဲ"

သူက ရယ်မောရင်းမှနေ၍ ...

"အဲဒါ ကိုယ် ထုတ်တာလေ ဝေးရဲ့။ ကိုယ့်မမကြီးရဲ့ မိတ်ဆွေတစ်ယောက်က ပညာရှင်ပေါ့။ အတွေ့အကြုံ ရှိတယ်။ သူက လုပ်အား၊ ကိုယ်က ငွေအားနဲ့ စာရင်းပိုင်း ပေါ့။ အားလုံး အဆင်ပြေတယ် ...

Scanned by CamScanner

ဒီနေ့ ဈေးကွက်ထဲ စဖြန့်ပြီလေ။ ဒါကြောင့် ဒီမှာလည်း ဒါန လာလုပ်တာ။ ဘယ်လိုလဲ စားကြည့်ပါဦး ကောင်းလားလို့"

ဝေးက သူပေးသော အထုပ်တစ်ထုပ်ကို အမြည်း ယူ၍ စားကြည့်သည်။

"ကောင်းပါတယ်။ Quaility မဆိုးပါဘူး"

"စက်ရုံကတော့ လှိုင်သာယာမှာပဲ ဝေး။ နောက်မှပဲ ဝေးကို အေးအေးဆေးဆေး လိုက်ပြတော့မယ်။ ကိုယ့်ရဲ့ တခြားအစီအစဉ်အသစ်တွေကိုလည်း ဝေးကို ပြောပြစရာတွေ ရှိသေးတယ် ...

ဒီကပြီးရင် ဝေး ကိုယ့် အခန်းကို လိုက်လည်ပါ လား"

"အင်း ... သွားတာပေါ့"

"ဝေး ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား။ အိပ်ရေး မဝလို့လား။ ခေါင်းကိုက်နေသလားဟင်"

Scanned by CamScanner

သူ့ အဲဒီလိုတွေ ဂရုစိုက်လေလေ ဝေးကတော့ ငိုချင်လာလေလေပဲ ဖြစ်လေသည်။

"မဟုတ်ပါဘူး။ ရတယ် ... လုပ် ... လုပ်"

သူက ဝေး မျက်နှာကို အကဲခတ်လျက် ဘာမှ ထပ်မပြောတော့ချေ။ ဝေးတို့နှစ်ယောက်သည် ဒီကို မကြာခဏ ရောက်သဖြင့် ဒီက ဆရာမတွေ၊ ကလေးတွေနှင့်ပင် ရင်းနှီးခင်မင်လို့ နေချေပြီ။ အဖော်မဲ့ရှာသော ကလေးတို့သည် သူ့ကိုဆိုလျှင် အလွန်ချစ်ခင်တွယ်တာလှ ရှိကြသည်။

ဂေဟာမှာ တစ်နာရီခန့် ကြာပြီးလျှင် ကားတစ်ယောက်တစ်စီးဖြင့် သူ့အခန်းသို့ ရောက်လာခဲ့ကြသည်။ သူ့အခန်းက ပထမထပ်မို့ ဘာမောက်လှေကားနှင့်မှ တက်စရာမလိုပါ။

"လာ ဝေး။ ကိုယ် တစ်ယောက်တည်းဆိုတော့ ပစ္စည်းတော့ သိပ်များများစားစား မရှိဘူး။ ဝေးကို အလည်ခေါ်မယ်လို့ စဉ်းစားမိလို့ ဆိုဖာတွေတောင် ပြီးခဲ့တဲ့ တစ်ပတ်ကမှ ဝယ်ထည့်ထားတာ"

သူတစ်ယောက်တည်းနေသည့် အခန်း ဖြစ်သော်လည်း ရှုပ်ပွမနေဘဲ သပ်ရပ်သန့်ရှင်းနေပါသည်။

Scanned by CamScanner

"ဝေး ဘာ:စားပြီးပြီလဲ။ ကိုယ် ထင်တယ်။ ကိုယ့်ဆီက ဖုန်းဝင်လာပြီးတာနဲ့ ချက်ချင်း ထလာတာနဲ့ ဘာမှ မစား ခဲ့ရဘူး မဟုတ်လား ...

ဘာ:စားမလဲ။ ကိုယ် လှမ်းမှာလိုက်မယ်။ ဟိုဘက် က ကပ်ရပ်မှာ ရန်ကင်းစင်တာကြီးတစ်ခုလုံး ရှိနေတော့ ကိုယ့်အတွက် အစားအသောက်ကအစ ဘာမှ ပူစရာမရှိ ဘူး"

"ဇ ကြိုက်တာမှာပါ"

"ရှမ်းခေါက်ဆွဲနဲ့ တို့ဟူးကြော် လှမ်းမှာလိုက်မယ်။ ကော်ဖီ ကတော့ ကိုယ့်လက်ရာနဲ့ ဝေးကို စပါယ်ရှယ် ဖျော်တိုက် မယ် ဟုတ်ပြီလား"

သူက ဝေးရဲ့ ခေါင်းလေးကို ချစ်စနိုးပုတ်လျက် သူ့ဖုန်းဖြင့် စားစရာတွေကို လှမ်းမှာလေသည်။ ပြီးလျှင် မီးဖိုခန်း ထဲသို့ ဝင်သွားကာ ကော်ဖီကို သူကိုယ်တိုင် သွားဖျော်၍ ယူလာ သည်။ သင်းပျံ့ပျံ့ နက်(စ်)ကော်ဖီအနံ့ကို ရရုံမျှဖြင့် သူ ဖျော် သောကော်ဖီဟာ သောက်လို့ကောင်းမည်ဟု ခန့်မှန်း၍ ရပါသည်။

တက်ကြွရွှင်လန်းနေသော သူ့အပြော်သည် ဝေးထံသို့ ကူးစက်လာ၍ ဝေးရဲ့ စိတ်ရှုပ်မှုတွေပင် လွင့်စင်၍ ထွက်သွားရသည်။

"နက်(စ်)အနံ့ကတော့ မွှေးနေတာပဲ။ ဇကတော့ ကော်ဖီတော့ ကောင်းကောင်းဖျော်တတ်တယ်နဲ့ တူတယ်"

"ဖျော်တတ်တယ်။ ကိုယ် ဘရိတ်ဖတ်စ်တော့ ကောင်းကောင်း ပြင်တတ်တယ်။ ဟပ်ဖရိုက်ဒ် ကောင်းကောင်းကြော်တတ်တယ်။ ကော်ဖီကောင်းကောင်း ဖျော်တတ်တယ်။ ဆေါင်မုန့်မီးကင်လည်း ကျွမ်းတယ်။ အဲ ... မားမားခေါက်ဆွဲလည်း ကောင်းကောင်းပြုတ်တတ်ပါတယ် ဝေးရဲ့"

"ဘယ်ဆိုးလို့လဲနော်"

သူက ကော်လာကို ဟန်ပါပါ ထောင်ရင်းမှနေ၍...

"ဒါကြောင့် တစ်ဘဝလုံးစာအတွက် ရွေးချယ်ပါတော့လို့ပြောတာပေါ့။ ကိုယ် အခု ရန်ကင်းစင်တာမှာလည်း ဆိုက်ဘာကဖေးနဲ့ Snacks & Coffee ဆိုင်တစ်ဆိုင် ဖွင့်မလို့ ဝေးရဲ့။ ရုံးခန်းကိုလည်း အဲဒီမှာပဲ ထားမလို့ --

ကိုယ့် အခန်းနဲ့လည်း နီးတော့ တကူးကတ အလုပ်သွားနေစရာလည်း မလိုတော့ဘူး၊ မကောင်းဘူးလား"

"ကောင်းပါတယ် ဇရယ်။ အရမ်းကောင်းပါတယ်။ ဇအတွက် ဝေး အရမ်းလည်း ဂုဏ်ယူပါတယ်"

ဒီစကားကိုတော့ ဝေးရဲ့ ရင်ထဲမှကို လှိုက်လှိုက် လှဲလှဲရှိသော ပီတိဖြင့် ပြောတာဖြစ်လေသည်။ ဝေး စတွေ့ဖူးသော ဇနှင့် ဝေး ရှေ့မှာရှိသော ဇသည် ရှစ်လလောက်အတွင်းမှာပင် အပြောင်းကြီး ပြောင်းလဲခဲ့ပြီဖြစ်သည်။

"ဒါတွေဟာ ဝေးကြောင့်လည်း ပါတယ်ကွ။ ဝေးနဲ့ စတွေ့တဲ့အချိန်က ကိုယ့်ဘဝကို သေချာပြန်သုံးသပ်နေတဲ့ အချိန်နဲ့လည်း သွားတိုက်ဆိုင်နေတယ် ...

နောက် ဝေးက ကိုယ့်အတွက် အဖော်ကောင်းတစ်ယောက်လည်း ဖြစ်တယ်။ အဲဒါဟာ တစ်နေ့ထက်တစ်နေ့ သေချာလာတယ်။ ပြီးတော့ ဝေးက ဖြူစင်တယ်။ ကိုယ့်ဘဝကို နားလည်တယ်။ အဲဒါကို သိပ် Heartအထိဆုံးပဲ ...

ဝေးနဲ့ အတူတူ ဘဝတစ်ခုကို တည်ဆောက်ဖို့ အမြဲ တွေးနေခဲ့တယ်။ ကိုယ်က စိတ်ကူးယဉ်တတ်တဲ့ ကောင်မျိုး မဟုတ်ပါဘူး။ ပြီးတော့ ကိုယ်လိုကောင်ကို ရွေးချယ်ချစ်ခဲ့တဲ့ ဝေးအတွက် ကိုယ် တစ်ခုခု ပြန်လုပ်ပေးချင်တယ် ...

အဲဒါ ကိုယ့်အချစ်ပဲ ဝေး”

သူက တရှည်တလျားပင် ရှင်းပြလေသည်။ မှာထားသော အစားအသောက်တွေ ရောက်လာသောအခါ အတူစားသောက်ရင်း စကားဆက်ပြောကြသည်။ များသောအားဖြင့် အနာဂတ်ရဲ့ စီမံချက်တွေကို သူကချည်း ဒိုင်ခံပြောတာဖြစ်သည်။

“ဒီအခန်းလေးကို သဘောကျလား ဝေး။ ကိုယ်တို့ လက်ထပ်ပြီးရင် ဒီမှာပဲ နေလို့ဖြစ်မလား”

“ဖရယ်”

“အစပိုင်းတော့ ဒီမှာပဲ နေကြတာပေါ့နော်။ နောက် ကိုယ်တို့ မိသားစု ရလာတဲ့အခါရောက်ရင်တော့ ဒီမှာနည်းနည်းကျဉ်းသွားမှာပေါ့။ ပြီးတော့ မာမီ ဝေးဝေးက တစ်သက်လုံး ခြံနဲ့ နေလာတာဆိုတော့ ခြံနဲ့ပဲ နေချင်မှာပေါ့ -

ကိုယ် ကြိုးစားပါ့မယ်ကွာ၊ ဝေးကမှ ခြံနဲ့ နေချင်တယ် ဆိုရင်လည်း မဖြစ်ဖြစ်အောင် ကိုယ် လုပ်ပေးမယ်"

မှျော်လင့်ချက်အပြည့်ဖြင့် တက်ကြွစွာ ပြောနေသော သူ့ကို ကြည့်လျက် ဝေး ရင်ထဲ၌ နင့်၍ လာလေသည်။ သူက ဘာ့ ဘာမှ မသိပေ။ သူ့ရဲ့ ဘဝရည်မှန်းချက်ကို တက်တက်ကြွကြွ ကြီး ပြောပြလျက်ရှိ၏။

"ကိုယ်က မိသားစုရဲ့ နွေးထွေးတဲ့ အရသာကို အပြည့်အဝ မခံစားခဲ့ရတော့ မိသားစုဘဝကို အရမ်းတောင့်တမိတယ် ဝေးရာ။ ကိုယ့်ဘဝက အခြေတကျ ဖြစ်ချင်လှပြီ။ ချစ်တဲ့ ဝေးနဲ့ အတူတူနေပြီး ဘဝကို ငြိမ်းငြိမ်းချမ်းချမ်းပဲ ဖြတ် သန်းချင်ပြီ"

ဝေး ဘာပြောရတော့မည်နည်း။ သူက ဝေးကို အပြည့်အဝ ယုံကြည်လျက် ဘဝတစ်ခုလုံး နှင်းအပ်ထားသည့် အလား တမေ့တမော ပြောနေလျှင် သူ့စကားတွေကို တုံ့ပြန်မှု မပေးနိုင်သော ကိုယ့်ဘဝကိုယ်လည်း စိတ်နာမိရသည်။

သူကတော့ ဘာမှ သံသယရှိဟန် မတူဘဲ စား သောက်ပြီးလျှင်လည်း ဆိုဖာပေါ်တွင် အတူထိုင်ကာ ဝေး ပခုံး လေးကို မှီထားလျက် သူ့အချစ်တွေကို ဖွင့်ဟခြွေပြတုန်းပဲဖြစ် သည်။

"ကိုယ့်ဘဝရဲ့ ကံကောင်းခြင်းတွေက အခုမှ စတာ ဝေးရဲ့။ ဝေးနဲ့ ချစ်ခွင့်ရတာဟာ ကိုယ့်အတွက်တော့ ဆုလာဘ်ကြီးတစ်ခုလိုပဲ ...

ကိုယ် အစက အချစ်ဆိုတဲ့ အရာကို ဒီလောက်ကြီး အစွမ်းရှိလိမ့်မယ်လို့ မထင်ခဲ့ဘူး။ အချစ်ဟာ အရာရာကို ပြောင်းလဲစေနိုင်တယ်နော် ...

ပြောပါဦး ... ဝေးရော အချစ်ကို ဘယ်လိုမြင်သလဲ ဟင်"

ဝေးသည် သူ့နဖူးပြင်လေးကို မြတ်နိုးစွာ နမ်းရှိုက် ပြီးလျှင် သူ့ကို ဘယ်လောက်ချစ်ကြောင်း ပြောပြဖို့ ခွန်အားတွေ အလိုလိုပင် စီးဝင်လာရလေသည်။

"ဝေးလည်း အစက အချစ်ကို မယုံကြည်ခဲ့ဘူး ။ အထူးသဖြင့် ဧကို ချစ်မိသွားလိမ့်မယ်လို့ လုံးဝ မမျှော်လင့်ခဲ့ဘူး ...

ဒါပေမဲ့ အံ့ဩစရာကောင်းလောက်အောင်ကို ဧကို ချစ်မိသွားခဲ့တယ်။ အချစ်ဆိုတာ တကယ်ရှိနေပါလားလို့လည်း ယုံကြည်သွားမိတယ်၊ အစက အချစ်ဆိုတာ တကယ်ရှိမှန်းတောင် မသိခဲ့ဘူး ဧရဲ့"

သူက ဝေးရဲ့ အပြောကို သဘောကျသလိုနှင့် တဟားဟား ရယ်မောလေသည်။ သူ ရယ်နေတာကို ကြည့်ပြီးလျှင် ဝေးလည်း အလိုလို စိတ်ချမ်းသာလာခဲ့ရသည်။ ဒါလည်း အချစ်ရဲ့ ထူးခြားချက်တစ်ခုပဲ ဖြစ်ပါမည်။

"အဟား ... ဝေးက အစတုန်းက အချစ်ဆိုတာ တကယ်ရှိမှန်းတောင် မသိခဲ့ဘူး ဟုတ်လား။ အခုမှ ဝေးရဲ့ အချစ်ဆိုတာ ဧဆိုတဲ့ ကောင်မှန်း သိသွားတာပေါ့လေ။ ဒါ ဝေးရဲ့ အချစ်ကြီးပေါ့"

သူက သူ့ရင်ဘတ်ကို သူ ပုတ်ပြကာ ပြောလေသည်။ ဝေးဟာ သူ့ရဲ့ လက်တွေကို ဖမ်းဆွဲထားလိုက်ရင်းမှ ...

"ဇကရော ပြောပါဦး။ ဝေးက နံပါတ် ဘယ်လောက်လဲ၊ ဘယ်ရည်းစားကို အချစ်ဆုံးလဲဆိုတာ"

သူက ဝေးရဲ့ စကားကို အရေးလုပ်မပြောဘဲ ဝေးရဲ့ လက်တွေကိုသာ ပြန်လည်ဆုပ်ကိုင်ရင်း လက်ချောင်းလေးများကို စိတ်ရှည်လက်ရှည် နှိပ်နယ်ပေးနေလေသည်။ ပါးစပ်မှလည်း ဝေးရဲ့ လက်လေးတွေ ပိုသွယ်လာသွားအောင်လို့ ဟုလည်း ပြောသေးသည်။

"ဟော့ ... ကိုယ် မေးနေတာ ဖြေလေကွာ"

"ဝေးရယ် ... စကားလုံးမရှိတဲ့ ကောင်းကင်ဆိုတာ မကြားဖူးဘူးလား"

"ဘာလဲ ... ထူးအိမ်သင်ရဲ့ သီချင်းလား။ ဝေး မေးနေတာ နဲ့ယဉ်ဝင်းသီချင်း။ ဖြေကွာ ... ဖြေ ... ဘယ်ရည်းစားကို အချစ်ဆုံးလဲ"

"ဝေး အရင်က ဒါမျိုး တစ်ခါမှ မမေးဖူးပါဘူး။ ဘာလဲ သိပ်ချစ်လာတော့ ကျေဝင်တတ်ပြီပေါ့ ဟုတ်လား"

"မေးတာသာ ဖြေစမ်းပါ"

"ဘာဖြေစရာလိုလို့လဲ ဝေးရယ်။ ကိုယ် ဝေးကို ဘယ်လောက်ချစ်တယ်ဆိုတာ ဘယ်သူနဲ့မှ နှိုင်းယှဉ်ပြီး မေးစရာကို မလိုပါဘူး။ ကိုယ့်ဘဝမှာ ဝေးက အချစ်ဦးပဲ။ အချစ်ဆုံးပဲ။ လုံးဝ တစ်ထပ်တည်းကျတယ် ...

အတိအကျပဲ။ ကိုယ်လိုကောင်က အရမ်းအစွဲအလမ်းကြီးတယ်ဝေး။ မင်းကို ကိုယ် ဘယ်လောက်ချစ်လဲဆိုတာ အချိန်နဲ့အမျှ သက်သေပြသွားမယ် ...

ချစ်တယ်ဆိုတာ ပါးစပ်နဲ့ ပြောမှ ခံစားလို့ရတဲ့အရာမျိုးမှ မဟုတ်တာ။ မျက်ဝန်းများနဲ့ ခံစားကြည့်ရတာလေ။ မင်းကို ကိုယ် ဘယ်လောက် ချစ်တယ်ဆိုတာ ကိုယ့် မျက်လုံးတွေကို ကြည့်ရင် သိနိုင်ပါတယ် ဝေးရယ်"

သူ့မျက်လုံးတွေထဲသို့ ဝေး ကြည့်မိလျှင် အချစ်တွေဖြင့် စိုလက်တောက်ပနေသော နှလုံးသားဆီသို့ တိုးလျှိုပေါက်လှမ်း၍ မြင်နေရသည်။ ဝေးအတွက်တော့ ထိုမျက်ဝန်းတွေနှင့်ဆံရာသို့ ကြာလေ ပြေးထွက်ချင်လာလေလေပဲဖြစ်သည်။

Scanned by CamScanner

ကျေးဇူးပြု၍ ရှင် ဝေးကို မချစ်ပါနဲ့လား ဇရယ်။

"ဝေးက ဘာလက်သည်းနီမှ မဆိုးဘူးနော်။ ဝေးကိုဖြူးတို့ အတ်ဂျပန်မှာ လက်သည်း ပုံဖော်ပေးခဲ့တာ မှတ်မိလား"

"မှတ်မိတာပေါ့"

"ဝေး ဘာလို့ လက်သည်းနီ မဆိုးတာလဲ။ လက်ကလေး တွေက ဒီလောက်လှတဲ့ဟာ။ လှူတောင် လက်လောက်မလှ ဘူး"

"အောင်မယ် ... လက်သည်းနီ ဆိုးရမှာ ပျင်းတယ်ဟယ်။ အဲဒါက ဂရုစိုက်နေမှ လှတာ။ ဆိုးပြီး ပစ်ထားရင် မလှ ဘူး။ အလုပ်ရှုပ်တယ်"

"ဩော် ... လှဖို့ရာတောင် ပျင်းတဲ့ ငပျင်းမလေးပဲ။ နောက်ဆို ဝေးရဲ့ လက်သည်းအလှဖန်တီးရှင်အဖြစ် ကိုယ် တာဝန်ယူမယ်နော် ...

လက်သည်းတစ်ချောင်းအတွက် ကျသင့်ဘီလ်က တော့ နည်းနည်းများမယ် ဘယ်လိုလဲ"

ဝေးသည် သူ့အကြံကို မသိသေးသဖြင့် ...

Scanned by CamScanner

"ရတယ်လေ။ ကိုယ်ပိုင် လက်သည်းဖန်တီးရှင် ရှိမှတော့ ပေးရမှာပေါ့။ ပြော ... ဘယ်လောက်တုံး"

"လက်သည်းတစ်ချောင်းလျှင် တစ်ခါနမ်း"

"အာ ... ဇနော်။ ဖောက်လာပြီ"

"မဖောက်ပါဘူး။ ဆေးမှန်မှန်သောက်လို့ မဖောက်သေးဘူး။ ကဲပြော ... ဘယ်လိုလဲ။ သဘောတူရင် အလုပ်သဘော အရ စာချုပ်ချုပ်မယ်"

"အောင်မယ် ... ဘာစာချုပ်လဲ"

"အနမ်းစာချုပ်"

ဝေးသည် ထိုအနမ်းစာချုပ်ကို သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ သူကတော့ သူ့သဘောတစ်ခုတည်းဖြင့် အတိအကျ ချုပ်ဆိုလိုက်ပြီဖြစ်သည်။

ဝေး အင်မတန် ရင်ခုန်ရသော သူ့ရဲ့ အနမ်းပင်လယ်ထဲတွင် တလိမ့်လိမ့် မျောပါရင်း အရာအားလုံးကို မေ့လျော့စေနိုင်သည်အထိ သူ့ရဲ့ အနမ်းဆက်တိုင်း ဆက်တိုင်းသည် အချစ်တွေ အပြည့်အသိပ်ဖြင့် မူးယစ်ရီဝေ စွဲလမ်းသွားစေခဲ့လေသည်။

❦ ✱ ❦

Scanned by CamScanner



ဦးနောက်က ဘယ်လောက်ပဲ ခပ်ပြင်းပြင်း သတိပေးပါစေ။ နှလုံးသားရဲ့ ဆန္ဒကိုတော့ ဝေးက ဘယ်လိုမှ မလွန်ဆန်နိုင်ခဲ့ချေ။ သူ့ကို ရူးသွပ်စွာ ချစ်ခင်တွယ်တာနေမိသော အဖြစ်ကို ဘယ်လိုမှ ဥပေက္ခာပြုထား၍ မရ။ အချိန်တွေကြာလေလေ သူ့ကို ပို၍ ချစ်ခင်တွယ်တာလေလေ ချစ်ခင်တွယ်တာလေလေ မခွဲနိုင်၊ မရက်စက်နိုင်လာလေလေ၊ ဒီသံသရာထဲမှာ ဝေး တစ်ယောက်တည်း ချာလပတ်ယမ်းနေတော့သည်။

Scanned by CamScanner

သူကလည်း ဝေးကို အလွန်တွယ်တာပြီး ချစ်လှလေရာ ဝေးသည် ရှေ့ဆက် ဘယ်လို စခန်းသွားရမယ်ဆိုတာကို ဆွေးမိတိုင်း သက်ပြင်းတွေ အလီလီချရတာလည်း မောလှနေချေပြီ။ သူကတော့ ရှေ့ရေးအစီအစဉ်တွေဖြင့် တက်ကြွပျော်ရွှင်လို့နေသည်။

"ဝေး၊ရေ ... လာ ... လာ ... Manicure(လက်အလှပြုပြင်ခြင်း) လုပ်မယ်။ ဝေး ဘာအရောင်ဆိုးမလဲ။ ဒီမှာ ကာလာစုံ ဝယ်လာတယ်"

သူက မိတ်ကပ်ဘောက်စ်လို သေတ္တာမျိုးလေးကို သူကာ ဖွင့်နေလျှင် ဝေးသည် အံ့သြစွာဖြင့် မျက်လုံးပြူးရသည်။

"ဟယ် ... ဒါတွေက ဘယ်က ရလာတာလဲ"

သူ့ရဲ့ လက်ဆွဲ Boxလေးထဲတွင် လက်သည်းညှပ်၊ တံစဉ်၊ Hand Lotion ၊ လက်သည်းဖျက်ဆေး၊ လက်သည်းပေါလစ်တင်သည့်ဘူး၊ လက်သည်းနီတွေမှာတော့ L'oreal ၊ Kanebo ၊ Revlon စသဖြင့် အမျိုးအစားစုံ၊ အရောင်အစုံတွေပင်။

"ဘယ်က ရရမှာလဲ ဝေးရဲ့။ ဝယ်လာတာပေါ့ကွ။ ဩော်... Revlonက မက်စ်ကာရာအသစ် ထပ်ထွက်နေတယ်ဆိုလို့ ဝေးအတွက် ထပ်ဝယ်လာသေးတယ် ... ရော့ ... ရော့"

Scanned by CamScanner

သူက ဝေးကို မက်စ်ကာရာဘူးလေးကို လှမ်းပေးသည်။ ဝေးသည် လက်သည်းညှပ်တွေ၊ တံစဉ်တွေ ထုတ်ယူနေသော သူ့ကို ငေးကြည့်နေမိရင်းမှ မျက်ရည်ဝဲလာသည်အထိ ခံစားမှုတွေ နင့်၍လာသည်။

သူကတော့ ဝေးကို အင်မတန် ချစ်လှသည်။ ဝေးကတော့ ရက်စက်ဖို့ စိတ်ကူးနေသည်မှာ ဝေးကိုယ်ဝေးလည်း ရှက်လှသည်။ ဝေးကို လက်သည်းပြင်ပေးဖို့ရာ အာရုံစိုက်နေသော သူကတော့ ဘာမှ မသိပေ။ အင်မတန် ချစ်ခင်ဖို့ကောင်းသော ဤသူငယ်လေးကို ကြည့်ရင်းမှ ဝေးသည် ရုတ်တရက် သူ့ရဲ့ ခါးကို နောက်မှ ခပ်တင်းတင်း သွားဖက်ထားမိသည်။

သူက အံ့ဩလို့နှင့် ခေတ္တမျှ ကြောင်သွားပြီးမှ "အရူးမလေး"ဟု တိုးတိုးရေရွတ်လေ၏။ ဝေးသည် သူ့ကျောပြင်မှာ မျက်နှာအပ်ရင်း အသာငြိမ်သက်နေမိသည်။ သူ့ရဲ့ယောက်ျားပီသသော မွှေးရနံ့ဖျော့ဖျော့ဟာ ဝေးရဲ့ နှလုံးသားကို တမ်းတလွမ်းဆွတ်စေလေသည်။

"ဝေး ရင်ထဲမှာ တစ်ခုခု သိမ်းထားတာများ ရှိလားဟင်"

Scanned by CamScanner

သူက ထင်မှတ်မထားသော မေးခွန်းကို မေးလာခဲ့လသည်။ ဝေးသည် သူ့အမေးကို ပြန်မဖြေနိုင်ဘဲ ငြိမ်သက်နေခဲ့သည်။ ထို့နောက် မျက်ဝန်းအိမ်မှာ မျက်ရည်စတွေ ရစ်သိုင်း၍လာလေသည်။

"ဝေး ရင်ထဲမှာ ဘာတွေ ခံစားနေရလဲဟင်"

သူက ဝေးဘက်ကို လှည့်လာပြီးလျှင် ဝေးကို သူ့ရင်ခွင်ထဲမှာ ထွေးဖက်လျက် ယုယကြင်နာစွာ မေးလာသည်။

"ဟင့်အင်း ... ဇ။ ဇကိုလေ ဝေး ချစ်တယ်"

"ဟောဗျာ ... ဒုတိယအကြိမ် အဖြေပေးတာလား။ ကောင်းပါတယ်။ ဝေးကိုလည်း ကိုယ်က အရမ်းချစ်ပါတယ်ကွာ"

"ဇ နောက်ကျရင် ရှင် ဝေးကို မုန်းသွားမှာလား"

"ဟာ ... တစ်ခုခုတော့ လွဲနေပြီ။ ဝေး ဒီနေ့ ဘာတွေဖြစ်နေတာလဲ။ အထူးအဆန်းတွေ လာမေးနေတယ်။ ကိုယ်က ဝေးကို ဘာလို့ မုန်းရမှာလဲ ဝေးရဲ့။ ဘာတွေ လျှောက်စဉ်းစားနေတာလဲ"

"ဝေး ... မေးတာကိုသာ ဖြေပါ"

"ချည်ပြီး တုပ်ပြီး မေးနေပြန်ပြီ။ လောကမှာ ချစ်သူတွေ တစ်ယောက်နဲ့တစ်ယောက် မုန်းသွားကြတယ်ဆိုတာ အကြောင်းတော့ ရှိမှာပေါ့ ဝေးရဲ့ ...

ဥပမာ တစ်ယောက်ယောက်က သစ္စာဖောက်သွားခဲ့ရင် ကျန်တစ်ယောက်က မုန်းချင်လည်း မုန်းသွားနိုင်တာပဲလေ။ နောက် ကိုယ့်ချစ်သူက ကိုယ့်ကို လှည့်စားထားတာ၊ လိမ်ညာထား တာမျိုးတွေကလည်း မုန်းသွားစေနိုင်တဲ့ အကြောင်းတွေပဲပေါ့"

သူ့စကားကြောင့် ဝေးရဲ့မျက်နှာကား အကြီးအကျယ် ပျက်ထွက်၍ သွားလေသည်။ သူ့ရင်ခွင်ထဲမှာ မျက်နှာ အပ်ထား ကြောင့်သာ သူမက မမြင်ခြင်းဖြစ်သည်။ သေချာတယ်။ မင်း ကိုယ့်ကို မုန်းသွားမှာပါ ဇရယ်။

"ဇ သာ ဆိုရင်ရောဟောင်"

"ကိုယ်ကတော့ ဝေးကို မုန်းမိမှာ မဟုတ်ပါဘူး"

Scanned by CamScanner

သူ့စကားကြောင့် ဝေး အလန့်တကြား ဖြစ်သွားကာ သူ့မျက်နှာကို မော်ကြည့်မိသည်။ သူက ဝေးကို ငုံ့မိုးပြုံးကြည့်လျက် ...

"ကိုယ်က နာကြည်းမှာလေ"

ထိုစကားကို သူက ခပ်ပြုံးပြုံးလေး ပြောတာဖြစ်သည်။ တစ်ခါတစ်ရံမှာ သူဟာ အတည်ပေါက်နှင့် နောက်တတ်၍ ဝေးသည် သူ နောက်နေတာလား၊ တကယ်ပြောနေတာလား ဆိုတာကို ရုတ်တရက် မခွဲခြားတတ်ချေ။

"မုန်းတာနဲ့ နာကြည်းတာနဲ့ ဘာကွာခြားလို့လဲ"

သူက ဝေးရဲ့ လက်ကို ဆွဲခေါ်သွားရင်း ဆိုဖာပေါ်တွင် အတူထိုင်ကာ လက်သည်းတွေကို စတောင် တံစဉ်တိုက်ပေးရင်း အေးအေးဆေးဆေးပြောသည်။

"ဝေး နားလည်အောင်ပြောပြရင် မုန်းသွားတယ်ဆိုတာ ကောက်ရိုးမီးနဲ့တူတယ်။ အမုန်းမှာ ဥပေက္ခာ မရှိဘူး။ မုန်းနေပေမဲ့ ချစ်နေတဲ့သူတွေလည်း အများကြီးပဲ။ မုန်းတယ်ဆိုတာ အပေါ်ယံ အရေပြားနဲ့တူတယ်။ ပြောင်းလဲနိုင်တယ် ...

အကြောင်းတစ်ခုခုကြောင့် ပြန်ပြောင်းသွားနိုင်တယ်။ ပြီးတော့ အမုန်းဆိုတာ တစ်ချိတည်း ဖြစ်တာများတယ်။ နာကြည်းမှုကကျတော့ သူက အသွေးအသားထဲက တစိမ့်စိမ့် နာကြည်းတာ။ တွေးလေလေ နာကြည်းလေလေပဲ။ ဒါမျိုးက ဖြေဖို့ ခဲယဉ်းတယ် ...

နာကြည်းစရာတွေက တစ်ခုပြီးတစ်ခု စုပုံလာပြီးတော့မှ အကြီးကြီး ဖြစ်သွားတာ။ နာကြည်းမှုတွေရဲ့ အဖော်တွေက အငြိုးတွေ၊ လက်စားချေမှုတွေပေါ့"

သူက ဝေးရဲ့ မျက်နှာကို မကြည့်ဘဲ လက်ချောင်းလေးများထဲတွင်သာ အာရုံစိုက်ထား၍ တော်တော့သည်။ ဝေးသည် သူ့ စကားတွေ အတွက် အလိုလိုကို ကျောချမ်း၍ လာလေသည်။

"ဧက ဝေးကို နာကြည်းမယ်ပေါ့၊ ဟုတ်လား။ လက်စားချေမယ်ပေါ့"

သူက ဝေးရဲ့ အထိတ်ထိတ်အလန့်လန့် အသံကို သဘောတကျဖြင့် တဟားဟား အော်ရယ်ကာ ဝေးရဲ့ ဆံပင်တွေကိုလည်း ရှုပ်ပွအောင် ဖွပစ်လေသည်။ ဝေးရဲ့ စကားကိုတော့

မဖြေဘဲ လက်သည်းဆိုးရန်အတွက် အရင်ဆုံး အောက်ခံ ကြည်ရောင်ကို စ၍ ဆိုးပေးနေသည်။ ဆိုးပေးရင်း ပါးစပ်က ရှ၍လည်း ...

"လက်သည်းအရောင်မဆိုးခင် ဒီလို တစ်ထပ်ခံတာ လက်သည်းဝါခြင်းကို ကာကွယ်တယ်တဲ့"

"ဘယ်လိုလုပ် သိတာလဲ"

"အင်တာနက်မွှေတာပေါ့။ အပေါ်က ဘာရောင်ဆိုးမလဲ"

"မင်းသဘောပဲ"

သူက လာပြန်ပြီလားဟူသော သဘောဖြင့် ဝေးကို တစ်ချက်မော့ကြည့်သည်။ ပြီးလျှင် အို့ခေဟု တိုးတိုးရေရွတ်ကာ Kanebo အမျိုးအစားထဲက ဗေဒါရောင်လေးကို ရွေးချယ်ဆိုးပေးနေတော့သည်။

သူ လက်သည်းဆိုးပေးပုံမှာ တကယ့် Professional တစ်ယောက်လိုပင် တိကျသပ်ရပ်မှုရှိသည်။ ပေခြင်း၊ ဘေးသို့ ကျော်သွားခြင်း လုံးဝမရှိ။ အလှအပကို အထူးကျွမ်းကျင်သော မိန်းကလေးတစ်ယောက်လိုပင် သပ်သပ်ရပ်ရပ် လုပ်သွားနိုင်သည်။ ဝေးပင်လျှင် သူ့လောက် သပ်သပ်ရပ်ရပ် လက်သည်း

မဆိုးတတ်ပေ။ အတော်တော့ ထူးဆန်းသည့် သူငယ်လေးပဲ ဖြစ်ပါသည်။

"မင်း အရင် မိန်းကလေးသူငယ်ချင်းတွေကိုလည်း ဒီလိုပဲ ဆိုးပေးနေကြလား"

"ဝေးသာလျှင် ပထမဆုံးနဲ့ နောက်ဆုံးပဲ"

"မယုံဘူး။ မင်း လက်တွေက အင်မတန် Experience ရှိတဲ့ လက်တွေ။ ကိုယ်တောင် မင်းလောက် မကျွမ်းကျင်ဘူး"

"ကိုယ် အတွေ့အကြုံ ရှိခဲ့တာတော့ မှန်တယ်။ ဒါပေမဲ့ မိန်းကလေးတွေနဲ့တော့ မဟုတ်ဘူး"

"ဘယ်သူတွေနဲ့လဲ၊ အခြောက်တွေနဲ့လား"

"အာ ... ကြံကြီးစည်ရာ။ ဝေးရာ ... မင်းဟာလေ မဟုတ်က ဟုတ်က တွေးဖို့ဆိုရင် ရှေ့ဆုံးကဖြစ်တယ်။ ကိုယ်ဆိုးပေးခဲ့တဲ့ သူတွေက အာနီးတို့ ဖိုးပြည့်တို့ပါကွာ"

"ဟယ် ... အဟုတ်။ သူတို့က အဆိုးခံလို့လား"

"ဘယ်ခံလိမ့်မလဲ။ အပေးအယူပေါ့ကွာ။ သိတယ်မှလား။ ဒီလက်သည်းနီတွေအားလုံး သူတို့ကို ဆိုးပေးပြီးသားတွေ

ချည့်းပဲ။ ဒီကောင်တွေက ကိုယ့်ကို ရေလည်ဟားတာ။ သူတို့ လက်မှာလည်း ကာလာစုံပဲ။ ဖျက်လိုက် ဆိုးလိုက်နဲ့".

ဝေးသည် ချာတိတ်လေးတွေကို စိတ်ရှည်လက်ရှည် လက်သည်းဆိုးပေးနေသော သူ့ပုံကို မြင်ယောင်မိကာ တဟားဟား နှင့် အော်ရယ်မိတော့သည်။

"ဖြစ်မှဖြစ်ရလေ ဇရယ်"

"မရယ်နဲ့ အမိ။ ညည်း လက်လေးတွေက အရမ်းလှတာကို ဒီအတိုင်းပစ်ထားလို့ ကြားထဲက နမြောပြီး ဝင်ကူညီပေးနေတာ။ ဒီစေတနာတွေကိုတော့ ညည်းက နားမလည်ဘဲနဲ့"

"နားလည်ပါတယ်ဟယ်။ နားလည်ပါတယ်"

ခဏအကြာတွင် ဝေးရဲ့ လက်ဆယ်ချောင်းလုံးသည် ဖဒါရောင် လက်သည်းခွံလေးများဖြင့် ကော့ညွတ်လှပလျက် ရှိနေပေပြီ။ သူက သူ ဖန်ဆင်းထားသော လက်လေးများကို ကြည့်မဝနိုင်သလိုဖြင့် လက်တစ်ချောင်းချင်းကို လက်အလှဆီ လိမ်းပေးလျက်ရှိသည်။

ဝေးသည် သူနှင့် လက်ထပ်လျှင် ဘယ်လိုနေမှာပါ လိမ့်ဟု ပထမဆုံးအကြိမ် တွေးမိသွားသည်။ ဝေးကို အသေးစိတ်

Scanned by CamScanner

ဂရုစိုက် ကြင်နာတတ်သည့် သူ့ချစ်ခြင်းတွေကို တွေးမိလျှင် ရင်ထဲမှာ ချမ်းမြေ့ခြင်းတွေ စုပုံသွားပါသည်။ ဒါဆို စင်ရော်က ရော။ ဝေးရဲ့ စင်ရော်ကတော့ သူ့လောက် အနုမစိပ်တတ်။ စင်ရော်က လက်တွေ့သမားဖြစ်သည်။

ပြီးတော့ မိန်းကလေးတစ်ယောက်ကို စင်ရော် အဖို့ ဒူးထောက်ချစ်ပြစရာ မလိုဟု ခံယူထားသော ယောကျ်ားမျိုးဖြစ်သည်။

ပြောရလျှင် ဒသည် ဝေးက ကုံကော်ပန်းတစ်ပွင့် လိုချင်ပါသည်ဟု ပြောလျှင် ကိုယ်တိုင်ကိုယ်ကျ တက်ခူးပေမည့် လူစားမျိုးဖြစ်ပြီး စင်ရော်ကတော့ အဲဒီကုံကော်တစ်ပင်လုံးကို ဘယ်လောက်ပေးရ ပေးရ ဝယ်ပေးမည်ဟူသော လူစားမျိုးပဲ ဖြစ်လေသည်။

သူတို့နှစ်ယောက်သည် ဝေးအတွက် ချစ်ခြင်းဖြင့် ဖြည့်ဆည်းပေးတာခြင်း အတူတူမှာကို တစ်ယောက်သောသူရဲ့ ချစ်ခြင်းမှာတော့ ကြင်နာယုယခြင်း၊ ဂရုစိုက်ခြင်း၊ အလိုက်သိခြင်း စသော ချစ်ခြင်းပြယုဂ်တွေက ပိုသာလျက် ရှိတယ်ဆိုတာကို ဝေးရဲ့ ရင်နှင့် ရင်းနှီး၍ သိခဲ့ရပေပြီ။

သူက ဘေးတိုက် ထိုင်လျက်အနေအထားမှ ဝေးရဲ့ ခါးကို လက်နှစ်ဖက်ဖြင့် တင်းတင်းပွေ့ဖက်ထားရင်း ခပ်ချွဲချွဲ တောင်းဆိုလာသည်။

"ကိုယ့်ကို Maricure ဖိုး ပေးလေ"

ဝေးသည် သူ့အပြောကို သဘောတကျ ပြုံးရင်းမှ သူ့ပါးလေးကို အသာနမ်းမွှေးမိသည်။ သူက ကျေနပ်သောအား ဖြင့် မျက်ဝန်းများကို မှေးမှိတ်ရင်း ခံယူလေသည်။ ဝေးသည် သူ့ပါးထဲသို့ နစ်ဝင်နေသော အနမ်းတွေကို အခုထိ မသိမ်းဆည်း နိုင်သေး။ သူ့ကို ဝေး အနမ်းမတန် ချစ်ရပါသည်။

ဝေးရဲ့ အနမ်းတွေကို တိတ်တဆိတ် ခံယူနေသော သူ့လက်တွေက တဖြည်းဖြည်းနှင့် ဝေး တစ်ကိုယ်လုံးကို ရစ် ပတ်နှောင်တွယ်၍ လာခဲ့သည်။ ငြိမ်သက်နေသော ဝေးရဲ့ သက် ဝင်ပန်းပုရုပ်လေးသည် ဝေး မရောက်ဖူးသေးသော ကမ္ဘာသစ် တစ်ခုထံသို့ ဝေးကို အလည်ခေါ်သွားပေးသည်။ ထို့နောက် ...။

❦ ❋ ❦



သူက ချွေးစို့နေပြီး တဆတ်ဆတ် တုန်ယင်နေသော ဝေးရဲ့ နှုတ်ခမ်းလေးတွေကို ကြင်နာယုယစွာဖြင့် ချွေးသုတ်ပေး သည်။ ဝေးရဲ့ နဖူးဆံစပ်က ချွေးစလေးတွေကိုတော့ သူ့နှုတ် ခမ်းဖြင့် မှုတ်ပေးကာ အေးမြစေလေသည်။

"Air Con က ဂက်စ်လိုင်း ပေါက်သွားလို့ကွ။ ကိုယ် နောက်နေ့ကျရင် လဲလိုက်မယ်နော်"

Scanned by CamScanner

"ဟင့်အင်း ... လဲမနေနဲ့"

"ဘာလို့လဲ ဝေးရယ်"

သူ့အသံက တိုးလျှနေသည်။ ဝေးသည် သူ့မျက်နှာကို မကြည့်မိဘဲ သူ့နှုတ်ခမ်းနှင့် ပါးရိုးတစ်လျှောက်မှ စိမ်းမြနေသော မွေးညင်းနုလေးများကို အသာတို့ထိကာ အသည်းယားစွာဖြင့် ပြုံးမိသည်။ ပြီးတော့ ဝေး ခေါင်းထဲသို့ အကြံတစ်ခု ဝင်ရောက်လာလေသည်။

"နောက်တစ်ခါ ဝေးကို လက်သည်း အလှပြင်ပေးရင် အပြန်အလှန် အနေနဲ့ ရှင့်ကို ဝေးက Shaving ပေးမယ်လေ"

သူက ဝင်းလက်သွားသော မျက်နှာထားဖြင့် ...

"တကယ်လား။ ဝေး တကယ်လုပ်ပေးမှာလား"

"အင်းပေါ့။ မင်း ဘာအာဖတာရှိတ် သုံးသလဲ"

"Nudy တံဆိပ်"

"အိုခေ ... နောက်ဆို ကိုယ် အမြဲပဲ ဝယ်ပေးမယ်"

သူကသဘောတကျဖြင့် ဝေးကို လက်မထောင်ပြသည်။

Scanned by CamScanner

"ဒါနဲ့ ဝေးက Shaving (ရိတ်တာ) လုပ်တတ်လို့လား"

"သိပ်ခက်တဲ့ပညာမှ မို့လို့လားကွာ။ မင်းတောင် ကလေးတွေကို စမ်းသပ်ကွင်းကြီး လုပ်ခဲ့သေးတာပဲ မဟုတ်လား"

"ဟာ ... ကလေးတွေက လက်တွေလေ။ ဘာလဲ ဝေးက အာနိုးတို့ကို လုပ်ကြည့်ဦးမလို့လား။ အာ ... သူတို့မှ လူပျို ဖော်မဝင်သေးတာ"

"မင်း တော်တော်ပိန်းတာပဲ ဇရဲ့။ ကျုပ် အဖေတစ်ယောက်လုံး ရှိနေတာပဲ"

ဒီတော့မှ သူကသဘောပေါက်သွားဟန်ဖြင့် တဟားဟား အော်ရယ်တော့သည်။ ပြီးလျှင် ဝေးနှင့် ပါးချင်းကပ်လျက်...

"ကိုယ်တို့ လက်ထပ်ရအောင် ဝေးရယ် နော်။ မင်းကို ကိုယ် လုံးဝ မခွဲနိုင်တော့ဘူး။ ပြန်တောင် မလွှတ်ချင်တော့ဘူး။ ကိုယ့်ကို ဘယ်တော့ လက်ထပ်မှာလဲ ...

ဘာတွေကို စဉ်းစားနေတာလဲ။ ကိုယ့်မိဘတွေရဲ့ အနေအထားကို မကြိုက်လို့လား ဘာတွေကြောင့်လဲ ဝေး"

"မဟုတ်ပါဘူး ဇရယ်"

"ဒါဆို ဘာလဲ ဝေးရာ။ ကိုယ့်ကို မညှာဉ်းဆဲပါနဲ့တော့။ ဝေးဆီက လက်ထပ်ခွင့်ရအောင် ကိုယ် ဘာလုပ်ရမလဲ။ ဝေး အမေဆီမှာ လာတောင်းရမှာလား"

"ဟာ ... ဟင့်အင်း ... ဟင့်အင်း ... ဇနော် ... အဲဒီလို ဘယ်တော့မှ မလုပ်နဲ့။ ပြဿနာတွေ တက်ကုန်မယ်"

"ဒါဆို ဝေးက စဉ်းစားလေကွာ။ ဘာလဲ ... ဝေးမှာ အိမ်က သဘောတူထားတဲ့သူ ရှိနေလို့လား"

ဒီစကားကြောင့် ဝေးသည် အကြီးအကျယ် တုန်လှုပ်ထိတ်လန့်သွားလျက် မျက်နှာမပျက်သွားစေရန် အတော့်ကို ထိန်းထားလိုက်ရတာဖြစ်သည်။

"မရှိ ... မရှိပါဘူး။ အိမ်က တစ်ဦးတည်းသော သမီးဆိုတော့ ဝေးကို အိမ်ထောင်မပြုစေချင်ကြဘူး။ ဘာလို့ ဆန္ဒစောနေရတာလဲ ဇရယ်။ အချိန်တွေ အများကြီး ရှိပါသေးတယ်။ ဝေးတို့လည်း ငယ်ပါသေးတယ်"

သူကသက်ပြင်းတစ်ချက်ချလျက် တစ်ဖက်သို့ လှည့်သွားသည်။ သူ စိတ်ကောက်သွားပြီ။ ဝေးသည် သူ့ပခုံးကို နောက်မှ သိုင်းဖက်လျက် ...

"ဟိတ် ... စိတ်ကောက်တာလား"

"မကောက်ပါဘူး။ As you like (မင်းသဘောပဲ)"

"ဒါဆို ဘာလို့ ဟိုဘက်လှည့်သွားလဲ"

"မင်းကို မမြင်ချင်လို့"

"ဟုတ်လား။ ဒါဆိုလည်း ပြန်တော့မယ်လေ"

ဝေးက ခပ်တည်တည်ပင် ကားသော့ကို ကောက်ကိုင်ပြီး ထလိုက်လျှင် သူက ဆတ်ခနဲ ဆောင့်ဆွဲထားလိုက်သဖြင့် ဆိုဖာပေါ်သို့ ဟန်ချက်ပျက်၍ ပြိုလဲသွားရသည်။ သူက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း ဝေးအပေါ်မှ လက်ထောက်ထားပြီး စိုး၍ငုံ့မိုးကြည့်လျက် ...

"ကိုယ်က လောကကြီးကို အရှုံ့တိုက်ခဲ့တဲ့ ကောင်နော်ဝေး။ ပြန်အရှုံ့တိုက်ဖို့လည်း ဝန်မလေးဘူး။ မင်း ကိုယ့်ကို ခေါက်ပစ်လို့ကတော့ ကိုယ် ဘယ်လို တုံ့ပြန်မလဲ မင်းစောင့်ကြည့် ...

မင်းကို သိပ်အရူးအမူး ချစ်တယ်။ အဲဒါကို မင်း ဘယ်တော့မှ မမေ့နဲ့။ မင်းကလည်း ကိုယ့်ကို ချစ်တယ်။ ဒီအတွက် ကိုယ်တို့ ဝေးသွားစရာအကြောင်း မရှိဘူး။"

Scanned by CamScanner

လမ်းခွဲဖို့ကိစ္စက လွဲရင် အရာအားလုံး မင်းကို ကိုယ်လိုက်လျောနိုင်တယ်"

သူ့မျက်နှာသည် ဝေး တစ်ခါမှ မမြင်ဖူးသေးသော မျက်နှာဖြစ်ကာ တည်ငြိမ်လေးနက်နေသည်။ ဝေးကို စိုက်ကြည့်နေသော မျက်လုံးများထဲတွင် ပြတ်သားခြင်း အရိပ်အယောင်တွေက အတိုင်းသားပင်။ ဘုရားရေ ... ဒီဇာတ်လမ်းဟာ ဝေး က,ချင်တဲ့ အတိုင်း မပြီးဘူးတဲ့လား။

သူ့နှုတ်ခမ်းတွေက တဆတ်ဆတ် တုန်ယင်ကာ ဝေးရဲ့ မျက်နှာအနားသို့ နီးကပ်လာခဲ့ပြီ။ ဟင့်အင်း ... သွား။ ဒီအနမ်းတွေထဲမှာ ဝေး မကျဆုံးချင်တော့။ အနမ်းဆက်တိုင်းဟာ ဝေး အတွက် ကျရှုံးခြင်း လမ်းစတွေသာဖြစ်သည်။ ဝေးသည် သူ့ကို ရုတ်တရက် တွန်းဖယ်ပစ်၍ သူ့အခန်းထဲမှ ပြေးထွက်လာခဲ့တော့သည်။ .

တကယ်တော့ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ အချိန်ကျရောက်လို့ လာချေပြီ။

Scanned by CamScanner



အိမ်ရှေ့ရှိ ပေါ်တီကိုအောက်သို့ ကားနဲ့ ဝေါခနဲ ထိုးရပ်လိုက်တုန်းမှာပဲ ခြံထဲက ထိုင်ခုံတွေမှာ ပဒုမ္မာက မတ်ငေါက် ထရပ်ကာ လက်လှမ်းပြသည်။ သူ ဘာကိစ္စ ရောက်နေတာပါလိမ့်။

ဝေးသည် အိမ်ထဲ မဝင်သေးတော့ဘဲနှင့် ပဒုမ္မာထံသို့သာ လျှောက်လာခဲ့လိုက်သည်။

"အိမ်ထဲမှာ ဘာလို့ ဝင်မထိုင်တာလဲ"

Scanned by CamScanner

ဝေးက ပဒုမ္မာနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ရင်း
...လိုက်သည်။

"ဒီမှာက ပိုလွတ်လပ်ပါတယ်။ နင့်ကို ငါ ပြောစရာရှိလို့ ဝေးဝေး"

ဝေးသည် ဘာပြောမှာလဲဟု ပြန်မမေးမိဘဲ ပဒုမ္မာ ရဲ့ မျက်နှာကိုသာ စူးစိုက်စွာ ကြည့်မိသည်။ သူ့မျက်နှာကလည်း အလေးအနက် ပြောတော့မည့်ဟန်ဖြင့် တည်ငြိမ်၍နေသည်။

"နင်နဲ့ ဇရဲ့ အခြေအနေက ဘယ်လိုပဲရှိရှိ ဇာတ်သိမ်းဖို့ အချိန်ရောက်နေပြီလို့ ငါ ပြောချင်တယ် ဝေးဝေး"

ဇာတ်သိမ်းဖို့တဲ့။ ဝေးရဲ့ နားထဲတွင် တစ်နေ့က ဇ ပြောလိုက်သော စကားသံတွေကို ကြားလိုက်လျှင် ရင်ထဲ၌ အင်မတန် လေးလံသွားရသည်။

"နင်တို့ ရည်းစားဖြစ်တာ ရှစ်လလောက် ရှိခဲ့ပြီပဲ ဝေးဝေး။ ဒီအချိန်မှာ အရှုံးအနိုင် ပြဿနာအတွက် နင် သဲသဲကွဲကွဲ သိနေမှာပါ ..."

ဒီအချိန်မှာ နှင် သူ့ကို ဖြတ်ချသင့်နေပြီ။ ရှေ့မဆက်သင့်တော့ဘူး ဝေဝေ။ နှင် တော်ပါတယ်။ ဖဟာ နှင့်ကို တကယ်ချစ်သွားခဲ့တယ် ... .

သူ အရူးအမူးကို ချစ်သွားခဲ့တယ်"

"နှင်က ဘာကြောင့် ဒီလို ပြောနိုင်ရတာလဲ"

"ဝေဝေရယ် ... ငါက အတုံး အ,အမ တစ်ယောက်မှ မဟုတ်တာ။ ဖနဲ့ နှင့်အကြောင်းက ဒီလောက်ခက်ခဲတဲ့ကိစ္စမှ မဟုတ်တာ ...

လုံးဝလေခဲ့တဲ့ ဖတစ်ယောက် အလုပ်အကိုင်တွေနဲ့ တကယ်ပြောင်းလဲသွားခဲ့တာဟာ နှင့်ကြောင့်လည်း အများကြီးပါတာပဲ ...

ငါ ပြောခဲ့တယ် မဟုတ်လား။ ဖဟာ သူ့ကို ချစ်နှောင်တဲ့သူမျိုးဆို အင်မတန် မုန်းပါတယ်လို့။ ဒါပေမဲ့ ခုသူက နှင့်ကို ချစ်နှောင်ချင်နေပြီ မဟုတ်လား"

ပဒုမ္မာ့ စကားတွေက ဒီတစ်ခါတော့ ပြတ်သတ်သားစွာ တိကျမှန်ကန်၍နေလေသည်။ ဝေးသည် ဟုတ်တယ် မဟုတ်ဘူး

ဖွင်းဖို့ထက် မေးထောက်၍သာ တစ်နေရာသို့ ငေးမောနေမိသည်။

မျက်လုံးထဲတွင် လမ်းခွဲစကားပြောလိုက်ပါက ပေါက်ကွဲသွားမည့် သူ့ရပ်သွင်ကိုသာ မြင်ယောင်နေမိခဲ့တာဖြစ်၏။

"သူ့ကို ဖြတ်ဖို့ရာ နင် တွေဝေနေသလား ဝေးဝေး"

ပဒုမ္မာရဲ့ စကားက ဝေးရဲ့ အရှိက်ကို အင့်ခနဲ ထိသွားလေသည်။ ဝေးသည် ပါးပြင်းထောင်လာသော မြွေဟောက်တစ်ကောင်လိုပင် ဆတ်ခနဲ ခေါင်းထောင်လာလျက် ...

"အိုး ... ဘာကိစ္စ ငါက တွေဝေနေရမှာလဲ"

"သိဘူးလေ။ ဇဆိုတာ ခပ်တုံးတုံးလူမှ မဟုတ်တာ။ ငြီစဉ်တွေချည်းပဲ။ မှန်တာတစ်ခု ပြောရရင် နင်တို့ နှစ်ယောက်က အင်မတန် လိုက်ဖက်ညီတယ် ဝေးဝေး"

"ကျွတ် ... အဲဒါတွေ ပြောမနေစမ်းပါနဲ့"

"ထားပါလေ။ ဘာပဲဖြစ်ဖြစ် နင် သူ့ကို ခေါက်ဖို့ အချိန်ရောက်လာခဲ့ပြီ ဝေးဝေး။ အဲဒါကို နင် သတိထားမိရဲ့လား။ မှုမှန်အတိုင်းဆို ဒီအခြေအနေမှာ နင် သူ့ကို လုံးဝ ဖြတ်

Scanned by CamScanner

ချသင့်ပြီ။ ဓာတ်လမ်းကို စောစောစီးစီး ရှင်းပစ်သင့်ပြီ။ ဖဟာ ဘယ်လို လူစားမျိုးဆိုတာ နင်လည်း သိသင့်သလောက် သိမှာပါ"

ဝေးသည် ပဒုမ္မာ့ စကားကို ဘာမှ ပြန်မပြောမိဘဲ ငြိမ်သက်စွာဖြင့် စဉ်းစားခန်းဝင်နေမိသည်။

ဒီစကားတွေဟာ ပဒုမ္မာတစ်ယောက် တကယ့်စိတ်ရင်း အမှန်တွေနဲ့ ပြောတာလား။ ဒါမှမဟုတ် သူမမှာ ဘာအကြံတွေ ရှိလို့လဲ။

သေချာတာတော့ ပဒုမ္မာဟာ ဝေးကို စိတ်ရင်းအမှန်အတိုင်း ဆက်ဆံခဲ့သူ မဟုတ်ဘူး ဆိုတာပဲဖြစ်သည်။

"နင် ဘယ်လို စဉ်းစားထားလဲ ဝေးဝေး"

"ဒီကိစ္စဟာ နင့်အတွက် သိပ်အရေးကြီးနေလို့လား ပဒုမ္မာ"

"ငါ့အတွက်ထက် နင့်အတွက်က ပိုအရေးကြီးတာပါ ဝေးဝေးရဲ့။ နင်က ချေစပ်ထားတဲ့ မိန်းကလေးတစ်ယောက်လေ။ နင်နဲ့ဖ အကြောင်းကို နီးစပ်ရာတွေက မသိဘူးလို့ ထင်နေလား ..."

ငါတို့ ဘော်ဒါတွေလည်း အားလုံး သိနေတာပဲ။ ဒီဇာတ်လမ်းကို ရှေ့ဆက်လို့ နင့်အတွက် ဘာအကျိုးမှ ရှိမလာနိုင်တော့ဘူး ...

တစ်ခုတော့ ရှိတာပေါ့လေ။ နင်ကလည်း ဇကို တကယ် ..."

"တော်ပြီ ပဒုမ္မာ။ ဆက်မပြောနဲ့တော့"

ဝေးသည် ပဒုမ္မာ့ ပါးစပ်က ထွက်လာမည့် စကားကို ကြိုသိစွာ၊ ပြီးတော့ မကြားရဲစွာဖြင့် အလျင်အမြန် တားဆီးလိုက်ရသည်။

ချက်ချင်းပင် အရင်တုန်းက စိတ်ဓာတ်တွေက ပြန်လည်ဝင်ရောက်လို့ လာခဲ့လေသည်။ မိုးထက်ဝေးဝေး ဆိုသော မိန်းမတစ်ယောက်ဟာ ဘယ်ကိစ္စမဆို ဦးနှောက်နဲ့ပဲ ဆုံးဖြတ်ခဲ့သော မိန်းမဖြစ်သည်။ ဆုံးဖြတ်ပြီးလျှင် နောက်မဆုတ်တတ်၊ မတွေဝေတတ်ချေ။ ပြီးတော့ ဝေးက ရဲရင့်ပြတ်သားတာကို နှစ်သက်သဘောကျသော မိန်းမတစ်ယောက်လည်း ဖြစ်သေးသည်။

Scanned by CamScanner

အချစ်ကြောင့် အာရုံတစ်ခုလုံး ထိုင်းမှိုင်းမှုးဝေနေခဲ့သော ဝေးသည် ဘာလုပ်ရတော့မည် ဆိုတာကို တစ်ချက်တည်းနှင့် တိတိကျကျ သဘောပေါက်နားလည်သွားခဲ့ပြီ။ ဝေးရဲ့ ဂုဏ်သိက္ခာ၊ ဝေး မိဘတွေရဲ့ ဂုဏ်သိက္ခာ၊ နောက် တစ်သက်လုံး ဆက်လက်တည်ရှိရမည့် ဂုဏ်သိက္ခာတွေအတွက် ဝေး တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

မင်း ကိုယ့်ကို ရေကုန်ရေခန်း မုန်းတီးပါ။ နာကြည်းပါ ဇ။

"သိပ်မကြာတော့ပါဘူး ပဒုမ္မာ။ ဒီတစ်ပတ်အတွင်းပဲ သူ့ကို ငါ ဖြတ်တော့မှာပါ။ နင် မယုံကြည်ရင် နင်ပါ ဝင်ဆင်နွှဲ့လို့ရတယ်"

"ငါ ယုံပါတယ် ဝေးဝေး။ နင်က ကတိတည်တဲ့ မိန်းမ တစ်ယောက်ပဲ။ ရော့ ... ဝေးဝေး"

ဝေးသည် ပဒုမ္မာက ရှေ့သို့ တွန်းပေးလာသော ဘူးလေးကို ငုံ့ကြည့်မိသည်။ အင်မတန် တန်ဖိုးကြီးသော အိုမီဂါနာရီပဲ ဖြစ်လေသည်။

Scanned by CamScanner

"နှင့်ကို ချီးကျူးပါတယ် ဝေးဝေး"

"မလိုပါဘူး"

ဝေးက ခပ်ပေါ့ပေါ့ပင် ပြောကာ နာရီဘူးကို အထဲမှ တဖျပ်ဖျပ် လက်တောက်ပနေသော နာရီလေးကို ထုတ်ယူကာ ဘယ်ဘက်လက်တွင် အေးအေးဆေးဆေး ပတ်လိုက်သည်။ သွယ်ရှင်းပျော့ပျောင်းသော ဝေး၏ လက်ဖျံလေးတွင် အိုမီဂါနာရီလေးက ဝံ့ကြွားစွာဖြင့် နေရာယူနေလေသည်။

လက်ဖျံမှနေ၍ လက်ချောင်းလေးများထံသို့ အကြည့်ရောက်သွားလျှင် ဝေး ရင်ထဲ၌ ဆစ်ခနဲ နာကျင်၍သွားရသည်။ သို့သော် အဲဒီ ဝေဒနာကို ဥပေက္ခာပြုထားပစ်လိုက်လေသည်။

"ငါ သွားတော့မယ် ဝေးဝေး။ လမ်းခွဲတဲ့နေ့ကျရင်သာ နှင် ငါ့ကို ဖုန်းဆက်ပေးပါ"

"အိုခေ ... နှင် ကြည့်သင့်တာပေါ့နော်"

ပဒုမ္မာက အဓိပ္ပာယ်ပါသော အပြုံးတစ်မျိုးဖြင့် ဝေးကို စိုက်ကြည့်ကာ ပြန်ဖို့ရာအတွက် မတ်တတ်ထရပ်သည်။ ပြီးတော့ ... သူမ ကြည့်ရတာ ဝေးကို တစ်ခုခု မေးချင်နေတဲ့ပုံပင်။

"နင် ဘာပြောစရာ ရှိသေးလဲ ပဒုမ္မာ"

"ဩော် … ဇနဲ့ ပတ်သက်ပြီး နင် ဘာမှ မခံစားရဘူးလားလို့ပါ"

"ဘာကို ခံစားရမှာလဲ။ အရေးမပါတာတွေ"

သူမက ဝေးရဲ့ စကားကို ပခုံးတစ်ချက်တွန့်ကာ ဘာမှ မပြောတော့ဘဲ လှည့်ထွက်သွားသည်။ ဝေးသည် ထွက်ခွာသွားသော ပဒုမ္မာရဲ့ ကျောပြင်ကို စိုက်ကြည့်ရင်း ဇကို ရင်ဆိုင်ဖို့ရာအတွက် အားတွေ မွေးနေခဲ့သည်။

ဘယ်လို စကားလုံးတွေနဲ့ ဇကို လမ်းခွဲမလဲ။ ရက်စက်တဲ့ စကားလုံးလား၊ ငြင်သာတဲ့ စကားလုံးလား။ ဘယ်လိုပဲဖြစ်ဖြစ် အဓိပ္ပာယ်ကတော့ ခွဲခွာခြင်းမှတ်တိုင်မှာပဲ အဆုံးသတ်မှာဖြစ်၏။ အဲဒီအတွက် ဝေး ရင်ခုန်၍ မနေခဲ့။ အဘယ်ကြောင့်ဆိုသော် ခွဲရမယ်ဆိုတာ ကြိုတွေးထားခဲ့၍ဖြစ်သည်။ ကြိုတင်တွက်ဆမထားခဲ့သော် ချစ်ခြင်းတစ်ခု ပါဝင်လာခဲ့သော်လည်း ဝေးရဲ့ စိတ်သဘောထားမှာ စိတ်ညွှန်းအတိုင်း ပြောင်းလဲမှာမဟုတ်တော့။

ဝေးသည် လက်မှာ ပတ်ထားသော နာရီလေးကို တစ်ချက်ငုံ့ကြည့်မိရင်း နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိသွားသည်။ မှတ်မှတ်ရရ နာရီလက်တံတွေက ညနေ 5 : 10ကို ညွှန်ပြနေခဲ့လေသည်။

အချစ်ကို အသေသတ်ဖို့ ဆုံးဖြတ်ချက် ချခဲ့တဲ့ အချိန်ပေါ့။

❦ ✻ ❦

Scanned by CamScanner



မနေ့ညက တစ်ညလုံး ဝေး အိပ်မပျော်ခဲ့ချေ။ မနက်ဖြန်ဆိုလျှင် သူ့ကို ဝေး အပြီးတိုင် လမ်းခွဲတော့မှာ ဖြစ်သည့်အတွက် ထိုညတစ်ညလုံး သီချင်း တိုးတိုးဖွင့်ကာ တိတ်တဆိတ် ခံစားနေခဲ့တာဖြစ်သည်။ အိပ်ချင်စိတ်လည်း မရှိဘဲ ကော်ဖီတွေ တစ်ခွက်ပြီးတစ်ခွက် သောက်နေသော ဝေး၏ ကော်ဖီညသည် အလွမ်းရနံ့တွေ ခပ်ပျပျ သင်းလျက် ကြိုတင် အဆွေးအရသာတွေ ဖော်ပြနေသည်။

Scanned by CamScanner

သို့သော် ထိုအရသာကိုပင် ဝေး နှစ်ခြိုက်ပါသည်။

တစ်ပါတည်းမှာပင် ဝေးဟာ အချစ်ဆိုသော အရသာကို သိသလိုလို ရှိသွားခဲ့သည်။ ဝေးရဲ့ အချစ်ဖလော်ကား ချစ်သင့်သည့် အချိန်မှာ ချစ်လျက် ပြတ်သားသင့်သည့် အချိန်မှာ ပြတ်သားစွာ ဖြတ်တောက်နိုင်ဖို့ပဲဖြစ်သည်။

အဲဒီအချိန်မှာပင် သူ့ထံက ဖုန်းဝင်လာခဲ့ခြင်း ဖြစ်ပါသည်။ ဖုန်းလာသော အချိန်ဟာ မနက်နှစ်နာရီ ထိုးခါနီးနေချေပြီ။

"ဟယ်လို ... ဘာဖြစ်သလဲ ဓ"

အိပ်ချင်မူးတူးသံ မဟုတ်။ ပြီးတော့ ဝင်လာသော Callကို ချက်ချင်း ဖွင့်က နားထောင်သော အသံဟာ ကြည်လင်လတ်ဆတ်လို့နေသဖြင့် တစ်ဖက်မှ သူပင်လျှင် ခေတ္တတိတ်သွားခဲ့သည်။

သူ့ရဲ့ အသက်ရှူသံ မှုန်းမှုန်းကို ဝေးက အရသာခံလျက် နားထောင်ကာ အမှတ်တရ သိမ်းဆည်းထားလိုက်ပါသည်။

"ဝေး မအိပ်သေးဘူးလား"

"ဆိုပါတော့။ ဘာပြောစရာ ရှိလို့လဲ ဇ"

"ကိုယ် အမေ့ကို အိပ်မက်မက်တာ ဝေး။ အိပ်မက်ထဲမှာ အမေက ကိုယ့်ဆီကို လာတာ။ အမေက နေမကောင်းဘူး လို့လည်း ပြောတယ်။ အမေ့ကို အရမ်းသတိရတာပဲကွာ။ ပြင်းပြင်းပြပြကို သတိရမိတယ် ...

အမေ ကိုယ့်ကို ခွဲသွားတာ ခုနစ်နှစ် ရှိပြီ။ တစ်ခါမှ ပြန်မတွေ့ခဲ့ဘူး။ ဘယ်ရောက်နေမှန်းလဲ မသိဘူး။ သေသလား ရှင်သလားတောင် မသိရတဲ့ဘဝ။ ကိုယ် တော်တော် အထီးကျန် သွေးပျက်နေရတယ် ဝေးရယ်။ အခုနကဆို ကိုယ် မျက်ရည်တောင် ကျမိတယ် ...

ဒီလို ညမျိုးတွေ ကိုယ် ဘယ်နနှစ်တောင် ရင်ဆိုင်ရဦးမှာလဲ မသိဘူး"

သူ့အသံက အားပျော့စွာနှင့် ဖျော့တော့လို့နေသည်။ ဝေးရဲ့ သံမဏိနှလုံးသားသည် သူ့အတွက် ကြေကွဲခြင်းများစွာဖြင့် ဘာပြန်လည်နှစ်သိမ့်ပေးရမှန်းတောင် မသိပေ။

Scanned by CamScanner

"ဘယ်လိုမှ မခံစားနိုင်တော့လို့ မင်းဆီကို ရင်လှမ်းဖွင့်တာပါ။ မင်း အိပ်နေလို့ ဖုန်းမဖွင့်ရင်လည်း ကိုယ် ဆက်မခေါ်ဘဲ နေမလို့ပါပဲ ...

ဒါပေမဲ့ မင်းက ဖုန်းကို ချက်ချင်း ဖွင့်နားထောင်လိုက်တော့ ကိုယ် အရမ်းဝမ်းသာသွားတယ်။ မင်းက ကိုယ့်အတွက် အရမ်းကို လိုအပ်လှပါတယ် ဝေး"

"သိပ်လည်း စိတ်ညစ်မနေပါနဲ့လေ။ မင်း အမေ နေကောင်းမှာပါ။ သူလည်း မင်းကို ပြင်းပြင်းပြပြ သတိရနေလို့ နေမှာပါ။ သံယောဇဉ် သိပ်ကြီးတဲ့သူတချို့က ဒီလိုပဲ စိတ်ချင်းဆက်နေတတ်ကြတယ်လို့ ကိုယ် ကြားဖူးတယ်"

"ဟုတ်တယ်။ အမေက ကိုယ့်ကိုတော့ သိပ်ချစ်တယ်။ ကိုယ်ကလည်း အမေ့ကို အရမ်းချစ်တယ်။ အမေ ဘာပဲ ဖြစ်နေဖြစ်နေ ကိုယ်ကတော့ အမေ့ကို မျှော်လင့်တုန်း၊ ချစ်နေတုန်းပဲ"

"ကောင်းပါတယ်။ ဘာပဲပြောပြော သူက မင်းကို လောကထဲ ခေါ်လာတဲ့ ကျေးဇူးရှင်လေ။ ကိုယ်သိပ်တော့ ပြောမပြ

တတ်ပါဘူး။ ဒါပေမဲ့ မင်းအမေကို စိတ်မနာဘဲ မင်းချစ်နိုင်တာ ကိုယ်ဝမ်းသာမိတယ် ...

"အဲဒီအတွက် တစ်နေ့နေ့မှာ မင်းတို့ သားအမိ ပျော်ရွှင်စွာ ပြန်ဆုံစည်းရဦးမှာပါ"

"ကျေးဇူးတင်တယ်။ အဲဒီစကားတစ်ခွန်းနဲ့တင် ကိုယ်အားတွေအများကြီးရှိသွားပြီ။ ကိုယ့်ကိုရော အမေ့ကိုရော နားလည်ပေးတတ်တဲ့ မင်းဟာ ကိုယ့်အတွက်တော့ ဘုရားပေးတဲ့ ဆုပါပဲ"

"သိပ်ညဉ့်နက်နေပြီ၊ မင်း အိပ်တော့လေ။ အိပ်မပျော်ဘူးဆိုရင် အရည်တစ်ခုခုပေါ့။ ပူပူချိုချိုလေး သောက်အိပ်လိုက်။ ကော်ဖီတော့ မဟုတ်ဘူးနော်။ ဟောလစ်ဖြစ်ဖြစ်ကွေကာဖြစ်ဖြစ် အဲဒါဆို အိပ်ပျော်သွားမယ်။ ပြီးတော့ဘာအကြောင်းမှ ထပ်မစဉ်းစားနဲ့။ ဟုတ်ပြီလား"

"Thank a lot ဝေ: ...။ မင်း ပြောတဲ့အတိုင်း ကိုယ်လုပ်လိုက်ပါ့မယ်။ မင်းရော ဒီအချိန်ထိ မအိပ်သေးဘဲ ဘာလုပ်နေတာလဲ။ ကိုယ့်အကြောင်း တွေးနေတာလား"

Scanned by CamScanner

"မှန်တာပေါ့ကွယ်"

"ဘာအကြောင်းတွေလဲဟင်။ ကိုယ် သိခွင့်ရှိမလား"

"ဒီနေ့ညကိုသာ မင်း နှစ်နှစ်ခြိုက်ခြိုက် ပျော်အောင်အိပ်လိုက်ပါ ဇ ...။ မနက်ဖြန်ညနေ ရောက်ရင် မင်း သိရမှာပါ"

"အိုကေ .... ကိုယ် ကျေနပ်သွားပြီ။ ဘိုင့် ဘိုင် ဘော့ဘီ။ Good Night ! "

"Have a nice dream ! "

ဝေးသည် သူ့ကို ခပ်တိုးတိုး နှုတ်ဆက်ပြီးနောက် ဖုန်းလေးကို ညင်သာစွာ ပိတ်ပစ်လိုက်လေသည်။ အိပ်မက်လှလှ မက်ပါစေ အချစ်ရယ်။

အဲဒါကတော့ မင်းအတွက် ကိုယ့်ရဲ့ အစစ်အမှန် ဆန္ဒတစ်ခုပါ။

* * *



ကန်တော်ကြီး ကန်ရေပြင်ကို ဖြတ်တိုက်လာသော လေပြည်သည် သူ့ရင်ကိုရော၊ ဝေး ရင်ကိုရောပါ မအေးချမ်းစေပါ။ အထူးသဖြင့် သူ ...။

ဝေး ပြောလိုက်သော စကားတစ်ခွန်းကြောင့် သူ့ မျက်နှာသည် ဖြတ်ရိုက်ခံလိုက်ရသူတစ်ယောက်လို နီရဲနာကျင်လျက် စိတ်ပြတ်သတ်၍သွားသည်။

Scanned by CamScanner

ဝေးကို ကြည့်သော သူ့အကြည့်များသည် ဝေးသာ လှည့်မထားဘူးဆိုလျှင် တစ်ကိုယ်လုံး ပြာပင်ကျသွားစေနိုင်လေ သည်။

"ဘာအကြောင်းကြောင့်လဲ ဝေး။ မင်း ကိုယ့်ကို လမ်းခွဲ ဖို့အတွက် ပြောတာ ဘာအကြောင်းကြောင့်များလဲ"

မေးကြောတွေ ထောင်လာလျက် အံကြိတ်မေးသော အသံသည် တုန်ခါမှုတွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားဟန် ရှိသော်လည်း မပီပြင်ပါချေ။

"မင်း သိချင်ရင် ကိုယ် အားလုံးကို အမှန်အတိုင်း ပြောပြ မယ် ဧ။ ဒါပေမဲ့ တစ်ခုတော့ တောင်းဆိုချင်တယ်။ ကိုယ်နဲ့ မင်း အေးအေးဆေးဆေးပဲ လမ်းခွဲကြရအောင်"

သူက သွေးပျက်ချောက်ချားသူလို တဟားဟား အော်ရယ်လျက် ...

"ဟား ... ဘာတွေလဲ ဒေါ်မိုးထက်ဝေးဝေးရဲ့။ ဟင် ... ဘာဒိုင်တွေလဲ။ ယိုက်လို့ကို မမီတော့ပါလား။ ဝေး ... မင်း ဘာမှ ဆက်မပြောနဲ့တော့။ မင်း စကားတွေက

မဖြစ်နိုင်ဘူး။ ကိုယ် မင်းနဲ့ လမ်းခွဲဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဆက်မပြောနဲ့တော့ ဝေး။ ဆက်မပြောနဲ့"

သူက လက်တကာကာဖြင့် ဝေးရဲ့ စကားတွေကို ဥပေက္ခာပြုပစ်လျက်ရှိ၏။ ဝေးသည် အံကို တင်းတင်းကြိတ်လျက် မျက်နှာအနေအထားကို အမာကျောဆုံးဘက်သို့ ပြောင်းယူပစ်လိုက်သည်။

ဝေး နောက်မဆုတ်ပါရစေနဲ့တော့။ ဒီနေ့ပဲ ကိုယ်တို့ ဇာတ်လမ်းကို ပြီးဆုံးကြပါစို့ ဇရယ်။

"မပြောနဲ့ဆိုလည်း မပြောရုံပဲ ဇ။ ဒါပေမဲ့ အခြေအနေက ဘယ်လိုမှ ပြောင်းလဲသွားမှာ မဟုတ်ဘူး။ မင်းနဲ့ကိုယ် ဘာမှ မပတ်သက်တော့ဘူး"

"ဟ ... လွယ်လိုက်တာကွာ။ အဲဒီလောက် လွယ်လား ဝေး။ ပြီးပါပြီလို့ ပြောလိုက်ရုံနဲ့ ပြီးသွားရောတဲ့လား ... ကျွတ်"

သူက ကျွတ်ခနဲ စုတ်သပ်ကာ ခဲတစ်လုံးကို ကန် ရေပြင်ထဲသို့ ပစ်ကန်လိုက်သည်။ လက်နှစ်ဖက် ခါးထောက်လျက်

Scanned by CamScanner

[illegible]ကို စိုက်ကြည့်နေသော သူ့ရဲ့ နိမ့်ချိုမြင့်ချိ ကျော့ပြင်
[illegible] ဝေး ရင်ထဲ၌ လှိုင်းထန်၍လာသည်။

ဒီနေရာမှာ ကြာကြာနေ၍ မဖြစ်တော့ချေ။

"မင်းရဲ့မိန်းကလေးသူငယ်ချင်း ပဒုမ္မာကိုမှတ်မိသေးလား ဇ"

သူက ခါးယောက်လျက်မှနေ၍ ဝေးကို နားမလည်
[illegible] ငုံကြည့်သည်။

"မင်းကြောင့် အသည်းကွဲဖူးခဲ့တဲ့ ပဒုမ္မာဆိုတဲ့ တစ်ယောက်
[illegible] ကိုယ်နဲ့ နှစ်လပဲခြားမွေးလာခဲ့တဲ့ ခြံချင်းကပ်ရပ်
သူငယ်ချင်းတွေပဲ ဇ"

သူ့မျက်နှာ၌ အံ့သြခြင်း အရိပ်ယောင်တို့ ဖြတ်ပြေး
[illegible]သည်။ အံ့သြစိတ်နှင့်အတူ သူ့တစ်ကိုယ်လုံး ဝေးဘက်သို့
[illegible]လာခဲ့လေသည်။

"[illegible] ... [illegible] ကိုယ်တို့နှစ်ယောက် လမ်းခွဲတာနဲ့
[illegible]နေလို့လဲ"

"[illegible]။ ပဒုမ္မာကြောင့်သာ မင်းနဲ့ အခုလို
[illegible]ခွင့်ရခဲ့တာလေ။ ရှင်းရှင်းပြောရရင် ပဒုမ္မာ့ကို

ရက်စက်ခဲ့တဲ့သူတစ်ယောက်ကို ပညာပြန်ပေးခဲ့တာပဲ ဖေ။

အဲဒါပဲ ... အဲဒါပါပဲ ...

ကိုယ် မင်းကို လက်ထပ်ဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး ဖေ။ ကိုယ့်မှာ လက်ထပ်ရမဲ့သူ ရှိပြီးသားပါ။ ကိုယ် လက်ထပ်ဖို့အတွက် စေ့စပ်ထားပြီးသား။ ဒါတွေဟာ အားလုံးအမှန်အကန်တွေပဲ ...

ဒီအတွက် ကိုယ့်မှာ မင်းနဲ့ ဆက်ရန် မရှိဘူး"

"ဘာ ... မင်းက ကိုယ့်ကို ပညာပြန်ပေးတာ ဟုတ်လားဝေး"

သူ့မျက်နှာသည် ရေနွေးပူနှင့် အပက်ခံထားရသူလို နီရဲနာကျင်ကာ ကြေကွဲလျက် ရှိနေသည်။ သူ့မျက်လုံးတွေထဲ၌ မယုံနိုင်သော ကြေကွဲခြင်းတွေ အပြည့်အသိပ်ပင်။

ဟင့်အင်း ... မင်း မကြေကွဲပါနဲ့ ဖေ။ မုန်းတီးပါ။ နာကြည်းပါ။

"ဟုတ်တယ် ဖေ။ အကုန်လုံး ပြောပြရရင် ကိုယ်နဲ့ ပဒုမ္မာဟာ မင်းကို အလောင်းအစား လုပ်ခဲ့ကြတာပါ။ သူနဲ့

ကိုယ်ဟာ သိပ်ချစ်လွန်းလို့ ကိုယ်က သူ့အတွက် Lesson ပြန်ပေးတာ မဟုတ်ဘူးနော် ...

မင်းလို လူတစ်ယောက်ကို ဖြိုနိုင်၊ မဖြိုနိုင် ကိုယ်တို့ စိန်ခေါ်ခဲ့ကြတာ။ အခု ကိုယ်တို့ ဇာတ်လမ်း အဆုံးသတ်ဖို့အချိန် ရောက်လာပြီ ဇ ...

ကဲ ... မင်း ကိုယ့်ကို မုန်းနိုင်ပါပြီ။ နာကြည်းနိုင်ပါပြီ"

သူက ခေါင်းငိုက်စိုက် ကျသွားချိန်ဝယ် ဝေးက ဖျတ်ခနဲ လှည့်ထွက်လာခဲ့သည်။ ဒီနေရာမှာ ဝေး ကြာကြာမနေချင်တော့။ မနေနိုင်တော့တာ ဖြစ်ပါသည်။ သို့သော် သူက ဝေးရဲ့ လက်တစ်ဖက်ကို လှမ်းဆွဲထားခဲ့သည်။

"ဟင့်အင်း ... ဒါတွေရှိတော့ ဝေး။ ဒါပေမဲ့ မင်းကို ကိုယ် တစ်ခုမေးမယ်။ မင်း ကိုယ့်ကို မချစ်ဘူးလား ဝေး ပြောစမ်း"

"ဆောရီးပဲ ဇ။ ကိုယ် မင်းကို မချစ်ခဲ့ပါဘူး။ ပြီးတော့ ကိုယ်က အချစ်ဆိုတာကိုလည်း အယုံအကြည် မရှိဘူး"

Scanned by CamScanner

"ကိုယ် မယုံဘူး ဝေး။ မဖြစ်နိုင်ဘူး။ မင်း ကိုယ့်ကို မညာစမ်းပါနဲ့။ အမှန်အတိုင်းပြောစမ်းပါ။ မင်း ကိုယ့်ကို ချစ်တယ် မဟုတ်လား ...

ဒါဆို အားလုံးကို ကိုယ် ကျေနပ်တယ် ဝေး ...

ကိုယ်တို့ အတူ လက်တွဲကြရအောင်"

ဝေးသည် မဖြစ်နိုင်ဘူး ဟူသော သဘောဖြင့် ခေါင်းကိုသာ တွင်တွင်ခါယမ်းနေမိသည်။ သူက ဝေးရဲ့ ပခုံးနှစ်ဖက်ကို အုပ်မိုး လှုပ်ကိုင်ယမ်းလျက် ...

"မင်း မညာပါနဲ့ ဝေး။ ကိုယ်တို့နှစ်ယောက် ဘယ်လောက်ချစ်ခဲ့ကြလဲ မင်း ပြန်တွေးကြည့်လိုက်စမ်းပါ။ ဘာကြောင့် ကိုယ်တို့ အဝေးခံမလဲ ...

ကိုယ့်ရင်ခွင်ထဲက ထွက်မသွားပါနဲ့ကွာ။ ကိုယ် မင်းကို မမုန်းချင်ဘူး။ မနာကြည်းချင်ဘူး ... နော် ဝေး"

သူက ဝေးရဲ့ မျက်နှာ အနားသို့ ငုံ့မိုးကြည့်လျက် တိုးသက်စွာ ပြောလာခဲ့သည်။ သူ့အသံက ချော့မြူနေသလိုပင်။ သူ ဝေးကို မနာကြည်းဘူးလား။ သူ့ရဲ့ အချစ်ကိုတော့ ပထမဆုံး အကြိမ်အဖြစ် အံ့ဩစပြုလေသည်။

Scanned by CamScanner

သို့သော် ဝေး ပြတ်သားချင်သည်။ မတွေ့ဝေသင့်တော့ချေ။ ဝေးသည် ခေါင်းကို သွက်သွက်ခါယမ်းရင်းမှနေ၍ ဆင္ခြမအာရုံဖြင့် တစ်နေရာသို့ အကြည့်ရောက်သွားလျှင် ပြုံလဲ ကျမှတတ် မိုက်ခနဲ ဖြစ်သွားရသည်။ ဘယ်လိုမှ လူ မှားနိုင်စရာ အကြောင်း မရှိချေ။

မီးပွင့်ထွက်မတတ် မျက်ဝန်းတွေနှင့် စူးစိုက် ကြည့်နေသော လူတစ်ယောက်ကို အမြင်မှာ တစ္ဆေတစ်ကောင်ကို မြင်လိုက်ရသလိုကို ထိတ်လန့်တုန်လှုပ်သွားတာဖြစ်၏။

စင်ရော် ...။ စင်ရော်မှ စင်ရော် အစစ်ပါ။ သူ ဆစ်ဒနီကနေ၍ ဘယ်လိုလုပ် ပြန်ရောက်လာကာ ဒီနေရာသို့ ဘယ်လို ရောက်ရှိလာပါသနည်း။ ဒါဟာ သွေးရိုးသားရိုး တိုက်ဆိုင်မှုတော့ မဟုတ်ချေ။

သို့သော် ဝေးဟာ ဒီနေရာမှာ အဖြေကို ရှည်ကြာစွာ မစဉ်းစားအားတော့။ ဝေးရဲ့ နှလုံးသားတွေရော၊ ဦးနှောက်တွေရော ပါ ထုမှု၍ ပွင့်ထွက်တော့မည်။

"ဝေး ... မင်းကို သိပ်ချစ်တယ်"

သူက ဝေးရဲ့ နားအနားသို့ ကပ်ကာ တစ်ကိုယ်လုံးကို သိုင်းဖက်တော့မည်ဟန်ဖြင့် နူးညံ့စွာ ဖြားယောင်းလာသည်။ ဝေးသည် သူ့ကို ရုတ်တရက် ဆောင့်တွန်းပစ်လိုက်ကာ ကားပေါ်တက်လျက် မောင်းထွက်လာခဲ့တော့သည်။

"တီ တီ တီ … တီ တီ တီ"

ဝေး ထင်တာ မမှားချေ။ ဝေးရဲ့ မိုဘိုင်းလ်ဖုန်းက အသံမြည်လာလျက် တစ်ဖက်မှ ခေါ်ဆိုသူက စင်ရော်ဖြစ်၏။

"စင်ရော်"

"အေး … ငါ စင်ရော်ပဲ ဝေး။ ငါ အခု နင်နဲ့ စကားပြောချင်တယ်"

"နင် ဘယ်လိုလုပ် ရောက်နေတာလဲ စင်ရော်"

"ဒါက အရေးမကြီးပါဘူး ဝေး။ နင်နဲ့ငါ စကားပြောဖြစ်ဖို့သာ အရေးကြီးတာပါ။ အင်းလျားကန်ပေါင်ကို မောင်းလိုက်"

စင်ရော်က အမိန့်ပေးပြီးလျှင် ဖုန်းကို ချက်ချင်းပိတ်သွားခဲ့သည်။ တစ်ခဏအတွင်းမှာပင် စိတ်တွေ ရှုပ်ထွေးလျက် အင်မတန် နောက်ကျိရှုပ်လာလေသည်။

Scanned by CamScanner

ဝေး တစ်သက်၌ ဒီလို စိတ်ရှုပ်မှုမျိုး ဘယ်တုန်းက မှ ကြုံခဲ့ဖူးခြင်း မရှိပေ။ လက်ရှိအဖြစ်အပျက်သည် အာခေါင်ခြစ်၍ အော်ပစ်ချင်လောက်အောင်ကို ဝေးအတွက် စိတ်ရှုပ်မှုတွေ ပေးလေသည်။

ကဲ ... ရှိစေ။ ဝေးဟာ ဘာကိုမှ ကြောက်ရွံ့တုန်လှုပ်တတ်တဲ့ မိန်းမမျိုးမဟုတ်။ ဘာမဆို ရင်ဆိုင်မည်ဟူသော စိတ်ထားဖြင့် အင်းလျားကန်နား၌ ကားကို တိုးရပ်လိုက်လေသည်။

❦ ❋ ❦



"နှင်နဲ့ အဲဒီကောင်က ဘယ်လို ပတ်သက်နေလဲ ဝေး"

တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလာသူက စင်ရော်ပဲ ဖြစ်ပါသည်။ စင်ရော်ရဲ့ မျက်နှာဟာ ကျောက်သားပြင်တစ်ချပ်လို မာကျောကာ အေးစက်နေ၏။ ပြီးတော့ သူ့တစ်သက်မှာ ဝေးကို တစ်ခါမှ မကြည့်ဖူးသော မျက်လုံးမျိုးတွေနှင့် ကြည့်နေဟာဖြစ်သည်။

Scanned by CamScanner

ထိုမျက်လုံး အကြည့်တွေ၏ အဓိပ္ပာယ်ကို သိရလျှင် ဝေးရဲ့ မာနက မခံချင်တော့ချေ။

"ဘယ်လိုမှ မပတ်သက်တော့ဘူး စင်ရော်။ တို့တွေရဲ့ ဇာတ်လမ်း ဒီမှာပဲ ပြီးဆုံးသွားခဲ့ပြီ"

"ဘယ်လို !... ပြီးဆုံးသွားခဲ့ပြီ ဟုတ်လား။ အေး ... နင့်အတွက် ပြီးဆုံးသွားခဲ့ပေမဲ့ ငါ့အတွက်တော့ အခုမှ စမှာ ဝေးဝေး ...

ပြောပါ ...

နင်တို့နှစ်ယောက် ပတ်သက်တဲ့ ပတ်သက်မှုတွေကို ပြောပါ".

လေပွေတစ်ချက် ဝေးရဲ့ ရှေ့မှ ဖြတ်အတိုက်တွင် သူက ဝေးရဲ့ ခါးကို သိမ်းဖက်ကာ မျက်နှာချင်းအပ်လိုက်ပုံ၊ လက်ချောင်းလေးများရဲ့ အလှဖန်တီးရှင်အဖြစ် အမြတ်တနိုးယုယပေးခဲ့ပုံ၊ ထိုပုံစံတွေက ရုပ်ရှင်ပြကွက်တွေ နောက်ကြောင်းပြန်သလို ဘျပ်ဖျပ် ပုံရိပ်တွေ ပေါ်လာသည်။

နောက် မျက်စိနှင့် မမြင်နိုင်သော သူနဲ့ ဝေးရဲ့ ချစ်ခြင်းတွေ။ ဒါတွေဟာ သူနဲ့ ဝေးရဲ့ ပတ်သက်မှုတွေပဲ။ ချစ်သူဟူသော ခေါင်းစည်းတစ်ခုအောက်မှာ သူနှင့်ဝေး ပတ်သက်ခဲ့ဖူးကြသည်။

"သူနဲ့ ငါ ရည်းစား ဖြစ်ဖူးခဲ့ကြတယ် စင်ရော်"

ဝေး အသံက လည်ချောင်းထဲမှ ခြောက်သွေ့စွာ ထွက်သွား၏။ စင်ရော်ရဲ့ မျက်နှာတွင် မျှော်လင့်ထားသော်လည်း အံ့ဩသွားခြင်း၊ နောက် ဒေါသထွက်သွားခြင်း အရိပ်ယောင်တွေ ဖြတ်ပြေးသွားသည်။ ကြေကွဲမှုတွေတော့ မပါဝင်တာကို မှတ်မှတ် ရရပင် သတိထားမိလိုက်လေသည်။

"ဝေး ... နင်နဲ့ ငါဟာ ဘာတွေလဲ။ ဘာတွေလဲ ဝေး။ ပြောစမ်းပါ"

စင်ရော် ဖြစ်နေသော ပုံစံသည် ဝေးက တခြားတစ်ယောက်နှင့် ရည်းစားဖြစ်သွား၍ သဝန်တိုပူလောင် ကြေကွဲခြင်းထက် သူ့မာနနှင့် သိက္ခာကို အစော်ကားခံလိုက်ရသူလို တဆတ်ဆတ် တုန်ယင်နေတာ ဖြစ်လေသည်။

Scanned by CamScanner

ဟုတ်တယ်။ စင်ရော်ဟာ သိပ်မာနကြီးခဲ့တဲ့ ယောကျ်ားတစ်ယောက်ပဲ။

"နင်နဲ့ ငါဟာ စေ့စပ်ထားတဲ့ သူတွေလေ"

"အေး ... နင် ဒါကို သိရက်နဲ့ ရည်းစားထားတာ နင် ငါ့အပေါ်မှာ သစ္စာဖောက်တာပဲ ဝေး။ နင် သစ္စာမရှိတာ"

စင်ရော်က ဝေးကို လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောလေသည်။ ဝေးသည် သူ့ကို ရှုးခနဲ ကြည့်ရင်း မခံချင်စိတ်တွေ ကြွတက်၍လာသည်။

"နင် ငါ့ကို ဘာမှ ဒေါသကြီး အော်ဟစ်နေစရာ မလိုဘူး စင်ရော်၊ အေး ... ငါ မှားတယ်။ ငါ မှားခဲ့တာကို ငါ ဝန်ခံတယ် ...

နင့်ဆီမှာ ငါ့အမှားတွေကို ဝန်ခံတယ်။ သူနဲ့ငါ ရည်းစားဖြစ်တယ်ဆိုတာလည်း အခြေအနေတစ်ခုကြောင့်ပဲ စင်ရော်။ အဲဒီ အခြေအနေ ပြီးသွားတဲ့အချိန်မှာ ငါ သူ့ကို လမ်းခွဲလိုက်ပြီ ,...

အခု ငါတို့ လမ်းခွဲလာတာပဲ။ သူနဲ့ ငါနဲ့ ဘာမှ မဆိုင်တော့ဘူး"

Scanned by CamScanner

"ဟား ... ပြောတာတော့ အရမ်းလွယ်တာပဲ ဝေးဝေးရဲ့။ နှင့်အပြစ်တွေကို ကြက်မွေးလေနဲ့ သပ်ချသွားတာလား။ ဒီလောက် လွယ်လား ...

နှင့်ပုံစံက ဘာအပြစ်မှ ကြီးကြီးမားမား လုပ်မထား တဲ့သူလို ပုံစံမျိုးနဲ့"

စင်ရော့် စကားကြောင့် ဝေးသည် ထောင်းခနဲ ဒေါသဖြစ်သွားရတာဖြစ်၏။ စိတ်တွေရှုပ် ခေါင်းတွေပူလာသော ဝေးဟာ ဘာဖြစ်ဖြစ် ဖြစ်ချင်ရာသာဖြစ်တော့ဟူသော စိတ်ထား မျိုးတွေပင် ဝင်လာပြီဖြစ်သည်။

"ဒီမှာ စင်ရော်၊ အပြစ်ဆိုတာ လုပ်တဲ့သူအပေါ်မှာထက် ခွင့်လွှတ်နိုင်စွမ်းရှိတဲ့သူ အပေါ်မှာပဲ မူတည်တာပါ။ ဘယ်လို မှ ခွင့်မလွှတ်နိုင်တဲ့ ကိစ္စတွေ ကျူးလွန်ခဲ့ရင်တောင် ခွင့် လွှတ်နိုင်သူက ခွင့်လွှတ်ပေးရင် အပြစ်က ထိုက်သင့် သလောက် လျော့ပါးသေးတာပဲ ...

ခွင့်လွှတ်နိုင်စွမ်းရှိတဲ့သူ အပေါ်မှာသာ မူတည်တာ ပါ။ အေး ... နင်နဲ့ ငါ စေ့စပ်ထားတယ်ဆိုတာ ဟုတ်

တယ်။ ဒါဟာ လက်ထပ်ထားတာ မဟုတ်ဘူး စင်ရော်။ နှင့်ကို သစ္စာမဲ့တယ်ဆိုတဲ့ အပြောမှာ ငါ့အဖြစ်က အောက်တန်းကျနေတဲ့ မိန်းမတစ်ယောက် ဖြစ်နေတာ မဟုတ်ဘူး”

“ဒါပေမဲ့ နှင် ငါ့ကွယ်ရာမှာ တခြား ယောက်ျားတစ်ယောက်နဲ့ ရည်းစားဖြစ်တယ်လေ။ နှင့်ကို ငါ ဘယ်လောက်ယုံကြည်ထားခဲ့လဲ ဝေးဝေး ...

နှင်က ငါ့ယုံကြည်ချက်တွေကို တစ်စစီ ချိုးဖဲ့ပစ်တယ်။ ရှေ့ဆက် နှင့်ကို ငါ ဘယ်လို ယုံကြည်ရမလဲ”

ဝေးသည် စင်ရော်ကို စကားပြန်ပြောချင်စိတ်ပင် ကုန်ခန်းလျက် စိတ်ပျက်စွာ ငေးစိုက်ကြည့်နေမိသည်။ သူကလည်း ဝေးကို တန်ပြန်စိုက်ကြည့်နေပုံမှာ မယုံတော့ဘူးဆိုသော စကားတွေကို အထပ်ထပ်ပြောနေပုံပင်။

သူ ပြောနေပုံက ဝေးဟာ နောက်ထပ်လည်း ဒါမျိုး အလားအလာတွေ ရှိသေးသည်။ မယုံရတော့။ ခြံခုန်ဖူးတဲ့နွား စသဖြင့် ဒီစကားမျိုးတွေ ပြောနေတာကို ဝေး မကြားရပေမဲ့လည်း သိနေရ၏။

"အဲဒါတော့ နင့် အကန့်ပဲ စင်ရော်"

"ငါလို ယောကျ်ားတစ်ယောက်နဲ့ စေ့စပ်ထားတာတောင် နင်က ဒီကောင့်ကို ဘာကြိုက်ပြီး ငြိသွားရတာလဲ ဝေးဝေး"

"စင်ရော် ... နင့် စကားတွေက ဘောင်လွတ်လာပြီ။ မဆိုင်တာတွေ မမေးနဲ့တော့ စင်ရော်။ ငါ နင့်ကို အရှင်း ဆုံး ပြောပြီးသား ...

သူနဲ့ ငါ ရည်းစားဖြစ်ခဲ့တာ မှန်တယ်။ ငါ ဝန်ခံ တယ် မညာဘူး။ အေး ... ဒါပေမဲ့ အခု ဘာမှ မဆိုင်တော့ ဘူး။ သူဟာ ငါ့ဦးနှောက်ထဲမှာ လုံးဝ မရှိတော့ဘူး"

ဒီစကားကို ပြောစဉ်မှာတော့ ဝေး နှလုံးသားထဲ၌ လှုပ်ခတ်သွားတာကို ဝေးဘာသာပဲ သိလေသည်။ ဝေးဟာ ဦးနှောက် အင်မတန်သုံးတဲ့ မိန်းမ။ ဦးနှောက်ထဲမှာ ထုတ်ပစ် သင့်လို့ ထုတ်ပစ်လိုက်ရပေမဲ့ ဘယ်နေရာမှာ ထားသေးသည် ဆိုတာကိုတော့ ဝေး မတွေးနိုင်တော့ချေ။

ဝေး မတွေးသော်လည်း စင်ရော်ကတော့ တွေးမိ သည်။

"နင် အဲဒီကောင်ကို နည်းနည်းမှ မချစ်ခဲ့ဖူးဘူးလား ဝေးဝေး"

ခပ်မှဲ့မှဲ့ပြုံး၍ မေးသော အပြုံးသည် ဝေး ရင်ထဲမှ တစ်စုံတစ်ခုကို မွှေနှောက်ရှာဖွေကြည့်ချင်သည့် မျက်လုံးများပင်။

"နင် ငါ့ကို ဘာတွေ လာရစ်နေတာလဲ စင်ရော်။ နေစမ်း ပါဦး။ ဒီနေရာကို ဒီအချိန်မှာ ကွက်တိ ရောက်လာတာ တော့ ငါ့အတွက် အရမ်းထူးဆန်းနေတယ် ...

ဒါဟာ သွေးရိုးသားရိုးကိစ္စ လုံးဝ မဖြစ်နိုင်ဘူး။ ပြောစမ်းပါ။ ဒီနေရာကို နင့်ကို ဘယ်သူ ညွှန်လိုက်တာလဲ"

တကယ်တော့ ဒီမေးခွန်းကို မေးစရာမလိုပါ။ ဇကို လမ်းခွဲစကားဆိုမည့်နေရာနှင့် အချိန်ကို သိသူသည် ဒီကမ္ဘာပေါ် တွင် တစ်ယောက်တည်းသာရှိသည်။ မျက်လုံးထဲတွင် အဓိပ္ပာယ် ပါပါ ပြုံး၍ ကြည့်တတ်ဝသော ပဒုမ္မာရဲ့ မျက်နှာကို ပြေးမြင် ယောင်လာမိသည်။

ဝေးရဲ့ ကွန်ပျူတာဦးနှောက် အစုတ်ပလုတ်သည် အခုမှ အချက်ပြပြီးတွေ လင်းလာလျက် နောက်ကျောမှ စူးခနဲ

အောင့်သည့် အရသာမျိုး ခံစားလိုက်ရသည်။ နောက်ကျောကို ခါးနဲ့ ထိုးခံရသည်ဟုသော ဝေါဟာရရဲ့ အဓိပ္ပာယ်ကို ဧေ နားလည်သွားခဲ့ချေပြီ။

သို့သော် နောက်ကျသွားပြီ။ နောက်ကျသွားခဲ့ပြီ ဟု သိလိုက်လေသည်။

"ဘယ်သူ ညွှန်တယ်ဆိုတာက အရေးမကြီးပါဘူး ဝေးဝေး။ ငါတို့နှစ်ယောက် ရှေ့ကို ဘယ်လို ဆက်ကြမယ်ဆိုတာကို သာ အရေးကြီးတာပါ"

ဒီစကားကြောင့် ဝေးရဲ့ ခေါင်းထဲတွင် အချက်ပေး ခေါင်းလောင်းသံတွေ ဆူညံ၍သွားသည်။ ဒီစကားရဲ့ ဦးတည် ချက်က ဘာပါလဲ။ ဒီစကားဟာ ဘာကိုဆိုလိုပါသလဲ။ မိနစ်ပိုင်း အတွင်းမှာပင် တိကျသော အဖြေတစ်ခုကို ဝေး စဉ်းစားတွက် ချက်ရ၏။

"နင်က ဘာဖြစ်စေချင်တာလဲ စင်ရော်"

ဒီစကားကို ဝေးသည် အေးအေးဆေးဆေးပင် မေးနိုင် တာတော့ ကိုယ့်ကိုယ်ကိုယ် အံ့အားသင့်ရလေသည်။ ထူးဆန်းတာ

Scanned by CamScanner

တစ်ခုမှာ ဝေး ရင်ထဲ၌ ပူပင်စိုးရွံ့သော စိတ်ထားမျိုး ရှိမနေတော့ပြင်းပင်။ ဒီကာလအတွင်းမှာ အင်မတန် စိတ်ရှုပ်ခဲ့၊ တွေဝေခဲ့ရသဖြင့် ဒီလို ခံစားမှုတွေကို ဆက်၍ မလိုချင်တော့တာလည်းဖြစ်နိုင်၏။

"တို့တွေ စေ့စပ်ထားတာကို ဖျက်သိမ်းကြရအောင်လား ဝေးဝေး"

ဘာ ဟူသော စကားတစ်ခွန်းပင် မထွက်နိုင်ဘဲ ဝေးသည် စင်ရော့်ကို စူးခနဲ ကြည့်မိ၏။ ထိုအကြည့်တစ်ခုနှင့်မှာ သူကလည်း ဝေးရဲ့ စိတ်ကို သဘောပေါက်နိုင်ပါမည်။

ပြီးတော့ သူ့စကားထဲ၌ ဝေးသည် ဘာမှ အယူခံဝင်မှ၊ တောင်းပန်ဖို့အကြောင်း မရှိချေ။

"ငါက ငါ့ကိုယ်ငါ သိပ်တန်ဖိုးထားတယ် ဝေးဝေး။ ငါ့ဘဝအတွက် ငါ့တစ်ယောက်တည်းကိုပဲ စိတ်တွေ ပုံပေးထားတဲ့ မိန်းမမျိုးကိုပဲ လိုချင်တာ။ တခြားတစ်ယောက်ကို မျှဝေခံစားထားတဲ့ မိန်းမမျိုးကို မလိုချင်ဘူး ... ဒါ ငါ့ရင်ထဲက ဆန္ဒအစစ်ပဲ ..."

ပြီးတော့ နင့်ရဲ့ စိတ်ကိုလည်း ငါမယုံတော့ဘူး ဝေးဝေး။ ဒီစကားဟာ နင့်ကို စော်ကားသလို ဖြစ်သွားရင် တောင်းပါတယ်"

ဝေးသည် စိတ်ဆိုးဖို့၊ ဒေါသဖြစ်ဖို့ မေ့လျော့စွာပင် ခေါင်းကိုမော့ကာ တဟားဟား ရယ်မိလေသည်။ တကယ်ကို ရယ်ချင်စရာကောင်းသော ဟာသဖြစ်ရပ်ပဲဖြစ်သည်။ ဝေးကို ချစ်ပါတယ်၊ လက်ထပ်ကြရအောင်ပါ၊ စေ့စပ်ထားချင်တယ်ဟု ပြောခဲ့သော ယောကျ်ားတစ်ယောက်၏ အချစ်ကို လက်ငင်းကျကျ တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

တကယ်တော့ ယောကျ်ားတစ်ယောက်၏ အချစ်ဆိုတာ အတ္တကို ပုံစံပြောင်းထားသော ပိုင်ဆိုင်လိုမှု တစ်ခုပဲဟု အသေအချာပင် သိမြင်လိုက်ချေပြီ။

ဒီအတွက် ဝေးမှာ ဝမ်းနည်းမှု ဆိုတာ မရှိတော့ချေ။

"ကောင်းပြီလေ။ As you like (မင်းသဘောပဲ)"

ဒီစကားကို ပြောစဉ်၌ ဝေးဟာ တစ်စုံတစ်ယောက်ကို ပြင်းပြင်းပြပြပင် လွမ်းဆွတ်သွားခဲ့သည် ဆိုတာကိုတော့ ဝန်ခံမိပါသည်။

အင်း ... ဝင့်ဆိုတာ လည်တတ်တဲ့သဘော ရှိပါလားလို့ ကိုယ် အမှန်ကို ယုံကြည်သွားပြီ ဧရေ ...။

မင်းကို လမ်းခွဲပြီး နာရီပိုင်းတောင် မကြာတဲ့အချိန်မှာ ယောကျ်ားတစ်ယောက်က ကိုယ့်ကို စေ့စပ်ကြောင်းလမ်းဖျက်သိမ်းဖို့ တောင်းဆိုနေပြီ။ ဒါကို သိရင် မင်း ကိုယ့်ကို ကောင်းကောင်းကြီး ဟားဦးမှာလား ကောင်ချောလေးရယ်။

"နင့်ရဲ့ ဂုဏ်သိက္ခာကို ထည့်တွက်တဲ့အနေနဲ့ နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းလို့ ကြော်ငြာပါ့မယ် ဝေးဝေး။ နင် လက်ခံလား"

"နင် ကြိုက်သလိုလုပ်ပါ စင်ရော်။ ငါ ဘာကိုမှ ကန့်ကွက်ဖို့ ဆန္ဒမရှိဘူး"

စင်ရော်က သူမ မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်လျက် တစ်စုံတစ်ခုကို ပြောသင့် မပြောသင့် ချိန်ဆနေသေးသည်။

Scanned by CamScanner

ဝေးကတော့ ဘာကိုမှ ဂရုမစိုက်သည့်အလား ကားတံခါးကို မှီလျက် လက်ပိုက်ရပ်ကာ အဝေးက ရွက်လှေတွေကို ငေးနေမိ လေသည်။

"ငါ ဒီလို ဆုံးဖြတ်တာကို နင် ဘယ်လို မြင်လဲ ဝေးဝေး"

"ဘယ်လိုမှ မမြင်ဘူး စင်ရော်။ နင့်စိတ်နဲ့ နင့်ကိုယ်၊ နင့်ဘဝအတွက် နင် ကြိုက်သလို ဆုံးဖြတ်နိုင်တယ်။ ရွေးချယ်နိုင်တယ်"

"ငါကတော့ ငါ့ဆုံးဖြတ်ချက် မှန်တယ်လို့ ယူဆတယ်။ ဘာလို့လဲဆိုတော့ နင့်စိတ်ထဲမှာ ငါ့အတွက် ခံစားချက် ဆိုတာ တစ်စက်လေးမှ ရှိမနေဘူး ဆိုတာကို အခု အသေ အချာ သိလိုက်ရလို့ပဲ ...

နင့် ဘဝထဲမှာ ငါ မရှိပါဘူး။ နင့် နှလုံးသားထဲမှာ ဆိုတာကတော့ အဝေးကြီး။ ဘာပဲဖြစ်ဖြစ် နင်ဟာ ငါ့ရဲ့ သူငယ်ချင်းပါ။ ငါ့ဘဝရဲ့ လက်တွဲဖော် ဖြစ်မလာနိုင်တော့ ပေမဲ့ သူငယ်ချင်း အဖြစ်တော့ တို့တွေ ခင်မင်လို့ရမယ် မဟုတ်လား"

ဝေးသည် ဟာက်ခနဲ တစ်ချက်ရယ်လိုက်ကာ ကားတံခါးကို ဆွဲဖွင့်လိုက်ရင်းမှ ...

"ရရမှာပေါ့။ ကဲ ... အားလုံး အဆင်ပြေသွားပြီလို့ သတ်မှတ်ပြီးရင် ငါ ပြန်ကော့မယ် စင်ရော်။ Good luck my friend"

"ငါ နင့်နဲ့ ပတ်သက်ပြီး တစ်ခုကိုတော့ အမြဲ စောင့်ကြည့်နေမယ် ဝေးဝေး၊ နင်လည်း ကံကောင်းပါစေ"

ဝေးသည် မခိုးမခန့်ဖြင့် ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်လိုက်ပြီးနောက် စင်ရော်ကို ထားရစ်ခဲ့ကာ ကားမောင်းထွက်လာခဲ့လေသည်။ ထင်မှတ်မထားစွာဖြင့် အဲရာအားလုံးဟာ ပြီးဆုံးမဲ့ ပြီးဆုံးတော့လည်း တစ်ပြိုင်နက်လိုလိုပင်။ ဘာကိုမှ ဆက်ရန် မရှိတော့။ ဘယ်သူနှင့်မှလဲ လက်ထပ်စရာမလိုတော့။

ဒါတွေကို အရင်းစစ်ကြည့်လျှင် ဘယ်သူ့ကြောင့်ဟူ၍ အပြစ်တင်ကာ နာကြည်းဒေါသဖြစ်မှုတွေလည်း မရှိတော့။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာမြေကြီးပေါ်တွင် ဝေးရဲ့ ချစ်ခြင်းတရားတို့ စုပုံရာဖြစ်သော ဧကို ရှာဖွေပေးခဲ့သူမှာ ပဒုမ္မာပဲ ဖြစ်

လေသည်။ ပြီးတော့ ပဒုမ္မာကြောင့်ပဲ စင်ရော်ရဲ့ ကြီးမားသော အတ္တနှင့် ဆတ်ဆတ်ထိ မခံတတ်သော စိတ်ဓာတ်၊ နားလည်ခွင့်လွှတ်မှု မပေးတတ်တဲ့ စိတ်ဓာတ်တို့ကို ရှင်းရှင်းလင်းလင်းကြီး သိခွင့်ရလိုက်ခြင်းလည်းဖြစ်သည်။

ထူးဆန်းစွာပင် ဝေးရဲ့ စိတ်တို့ လွှတ်လပ်ပေါ့ပါးကာ ကြည်လင်နေခဲ့ပါသည်။ မင်းကို ကိုယ် အပြည့်အဝ လွမ်းခွင့်၊ သတိရခွင့် ရှိခဲ့ပြီပေါ့ ဇေရယ်။



သိပ်မကြာသော အချိန်မှာပင် ဝေး ဘဝအတွက် အပြောင်းအလဲတစ်ခုအဖြစ် နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်း ချက်သိမ်းခြင်း ကြော်ငြာက နေ့စဉ်ထုတ် သတင်းစာများတွင် ပါလာခဲ့လေသည်။ နှစ်ဖက်မိဘတွေကို အရင် အသိပေးပြီးမှ ထည့်တာ ဖြစ်တာမို့ ဘယ်လိုမှ ပြန်လည်စေ့စပ်၍ မရတော့သော အခြေအနေတစ်ခု ဖြစ်ခဲ့သည်။ ဝေးရဲ့ ပေပေနဲ့ မေမေကို စပြော တုန်းကဆိုလျှင် မေမေက ရင်ဘတ်ဖိလျက် ...

Scanned by CamScanner

"အမလေး ... ဘယ်လို ဖြစ်ရတာလဲ သမီးရယ်။ ဘာကိစ္စ ကြောင့် စေ့စပ်ကြောင်းလမ်းကို ဖျက်သိမ်းရမှာလဲ ...

ဘာဖြစ်ကြတာလဲ ...

စင်ရော်နဲ့ အဆင်မပြေ ဖြစ်ကြတာလား၊ ရန်ဖြစ် တာလား"

"ရန်မဖြစ်ပါဘူး မေမေ။ သူနဲ့ ဝေး စိတ်သဘောချင်း မတိုက်ဆိုင်လို့ပါ"

ခပ်အေးအေးရှိကာ ဝေးကိုလည်း စိတ်ချယုံကြည် တတ်သော ဖေဖေကတော့ တစ်ခွန်းသာ ဝင်ပြော၏။

"စိတ်သဘောချင်း မတိုက်ဆိုင်တာ ညှိယူဖို့ မကြိုးစားဘူး လား သမီးရဲ့"

"ဘယ်လိုမှ ညှိလို့ မရနိုင်တော့ပါဘူး ဖေဖေ။ သူနဲ့ ဝေး ကြားမှာ အကြီးမားဆုံး လိုအပ်ချက်က ချစ်ခြင်းမေတ္တာ မရှိတာပါပဲ"

"ဟေ ... ဘယ်လို"

Scanned by CamScanner

"ဟုတ်တယ် ဖေဖေ၊ သမီးက အချစ်ကို ကိုးကွယ်တတ်တဲ့သူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် လိုက်လျောပေးဆပ်မှု၊ ချစ်ခင်မှု၊ အထူးသဖြင့် ခွင့်လွှတ်တတ်တဲ့ စိတ်ထားမျိုးတွေရှိမှ ရှေ့ဆက်မဲ့ ဘဝခရီးတစ်လျှောက်မှာ အဆင်ပြေမယ် ...

စင်ရော်နဲ့ သမီးကြားမှာ အဲဒါမျိုးတွေ မရှိဘူး ဖေဖေ။ ဒါကြောင့် သမီးတို့နှစ်ယောက် အေးအေးဆေးဆေးပဲ၊ သူငယ်ချင်းအဖြစ် ပြန်နေဖို့ စဉ်းစားဆုံးဖြတ်လိုက်ကြတာပါ ...

အေးအေးဆေးဆေးပါပဲ။ ဘာပြဿနာမှ မရှိကြပါဘူး ဖေဖေ"

"ဒါ နှစ်ယောက်စလုံးရဲ့ သဘောတူ ဆန္ဒပေါ့။ ဟုတ်လား"

"ဟုတ်ပါတယ် မေမေ။ ဝေး စင်ရော်ကို မချစ်ခဲ့ပါဘူး။ ဦးနော်ဘက်နဲ့ စဉ်းစားဆုံးဖြတ်ခဲ့တာပါ။ ဒါပေမဲ့ ဦးနော်ဘက်နဲ့ စဉ်းစားတိုင်းလည်း Perfect မဖြစ်နိုင်ဘူး ဆိုတာ ဝေး သိလိုက်ရပါပြီ"

Scanned by CamScanner

"အေးလေ ... သမီးတို့က အစက ပေါင်းရမဲ့သူတွေပဲ။ ဒီနှစ်ယောက်ကမှ တစ်ယောက်ကို တစ်ယောက် လက်မထပ် လိုတော့ဘူး ဆိုမှတော့ ဘာဆက်ညှိနေရဦးမလဲကွယ်"

ဝေးရဲ့ မိဘတွေကတော့ ဝေးကို ဘာမှ အတင်း အကျပ် မပြောတော့ချေ။ အခြေအနေတစ်ခုကို ခွင့်လွှတ်စိတ်ဖြင့် နားလည်လက်ခံပေးလိုက်ကြတာ ဖြစ်ပါသည်။

MBA စာမေးပွဲ ရှိသဖြင့် ဝေးဟာ ကြာကြာလည်း ဘာကိုမှ အာရုံဝင်စားချိန် မရတော့ချေ။ စာမေးပွဲနှင့် လုံးပမ်းလျက် တစ်ခါတစ်ရံမှသာ ဇကို သတိရဖြစ်၏။ သူ့ကို သတိရမိလျှင် ဝေးရဲ့ နှလုံးသားမှ သွေးစိမ်းရှင်ရှင် ပန်းထွက်သလိုကို အပြင်း အထန် နာကျင်ရပါသည်။

သို့သော် ဝေးဟာ နောင်တရတတ်သော မိန်းမတစ်ယောက် မဟုတ်သဖြင့် ဒီပိုးစိုးပက်စက် ဝေဒနာကိုပဲ မက်မက်မောမော ခံစားကာ ဖက်တွယ်ထားသည်။ သူကတော့ ဝေးရဲ့ရှေ့သို့ ထုးဆန်းစွာပင် ရောက်မလာခဲ့တော့။

မင်း ကိုယ့်ကို မုန်းသင့်ပါတယ် ဇ ...။

—

MBA စာမေးပွဲ ပြီးသွားလျှင်တော့ ဝေးဟာ ကားတစ်စီးနဲ့ ပြန်ကဲနိုင်ပြီ ဖြစ်သဖြင့် တစ်ယောက်တည်းပင် ကန်တော်ကြီးထဲသို့ ထွက်လာခဲ့သည်။ ကန်တော်ကြီးထဲရှိ White rice စားသောက်ဆိုင်မှာ နေ့ခင်းစာ ဝင်စားဖို့ စိတ်ကူးရတာနှင့် တစ်ယောက်တည်း ဝင်အလာမှာပင် ထင်မှတ်မထားသူ နှစ်ယောက်ကို ဆိုက်ဆိုက်မြိုက်မြိုက် ဆုံတွေ့ခဲ့ရခြင်း ဖြစ်ပါသည်။

"ဩော် ... ဝေးဝေး ပါလား။ တစ်ယောက်တည်းလား"

ဘာမှ မဖြစ်ထားသလို ရယ်ရယ်မောမော နှုတ်ဆက်နိုင်သူက စင်ရော်ပဲ ဖြစ်သည်။ တစ်ချိန်က ဝေးရဲ့ပခုံးကို ဖက်ခဲ့ဖူးသော လက်များသည် အခုတော့ ပဒုမ္မာရဲ့ ပခုံးထက်မှာ။

"နင် ဘယ်နှယောက် မြင်လို့လဲ"

ဝေးကလည်း ခပ်ပြုံးပြုံးနှင့် ပြန်နောက်တာ ဖြစ်သော်လည်း ပဒုမ္မာ မျက်နှာကတော့ ထားစရာမရှိအောင် ပျက်ထွက်၍ နေလေသည်။ ပြတ်နေသော ကွင်းဆက်လေးတွေဟာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မိသွားလျှင် ပဒုမ္မာရဲ့ လက်ရည်ကို ဝေး အံ့ဩသွား၊ သို့သော်လည်း မအံ့ဩတော့ဘူးနှင့် အသိအမှတ် ပြုရသည်။

Scanned by CamScanner

သူမ မျက်နှာပျက်သော်လည်း ဝေးက ဘယ့်နှယ်မှ မနေပါ။ အိုမီဂါနာရီကို ဝတ်ဆင်ထားသောလက်နှင့်ပင် စင်ရော်ထံ လက်ကမ်းပေးလိုက်ရင်း ...

"ကွန်ဂရက်ကျူလေးရှင်းပါ ... စင်ရော်။ ဒီတစ်ခါတော့ အကောင်းဆုံး ရွေးချယ်လိုက်တာနဲ့ တူပါရဲ့နော်"

ဒီတော့မှ စင်ရော်က ပျာပျာသလဲနှင့်ပင် ဝေးရဲ့လက်ကို ဆွဲယူနှုတ်ဆက်တာ ဖြစ်၏။

"ဟား ... ဟုတ်သားပဲ။ မေ့နေတာ ဝေးဝေး။ နင်ပြောတဲ့ အကောင်းဆုံး ရွေးချယ်လိုက်တာပဲပေါ့ဟာ။ ငါ့ဘဝရဲ့ တကယ့်အဖော်စစ် ဖြစ်လာတဲ့သူပေါ့ ...

ငါ မပြန်ခင် ပဒုမ္မာနဲ့ စေ့စပ်သွားမယ် ဝေးဝေး။ နင် လာမှာလား"

"လာစေချင်ရင် လာမှာပေါ့"

ဝေးက ပဒုမ္မာ့ကို အသေအချာ ပြုံးကြည့်လျက် ပြောသော်လည်း ပဒုမ္မာကား ဝေးရဲ့ မျက်နှာကို ကြည့်မနေချေ။ ဝေးသည် မုန်းခြင်းကင်းသော် လက်များဖြင့် ပဒုမ္မာရဲ့ လက်တွေကို ဆွဲယူဖျစ်ညှစ်ပစ်လိုက်လေသည်။

Scanned by CamScanner

အလန့်တကြား မော့ကြည့်လာသော မျက်လုံးများ ထဲသို့ အကြည်လင်းဆုံး ပြုံးပြပြီးမှ ...

"ကျေးဇူးတင်ပါတယ် ပဒုမ္မာ"

"ဘာ ... ဘာအတွက်ကြောင့်လဲ"

ပဒုမ္မာရဲ့ မျက်လုံးတွေက တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေသော မျက်လုံးများ ဖြစ်သလို ဝေးကိုလည်း အသနားခံနေသည့် မျက်လုံးများဟု ထင်ပါသည်။

မင်း ဘာကိုမှ စိတ်မပူနဲ့ ပဒုမ္မာ။

"အရာအားလုံးအတွက်ပါ။ နင် သဘောပေါက်မယ် ထင်ပါတယ်။ နင့်ကို အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ်"

"ဝေးဝေး ... နင်က ဘာတွေ ပဟေဠိ ဖွက်နေတာလဲ"

ဝေးသည် အသာပြုံးရင်းမှ စင်ရော်ကို ခေါင်းခါပြလိုက်လေသည်။

"တချို့ကိစ္စတွေက ပါးစပ်နဲ့ ဖွင့်ပြောလို့ မရအောင် ပညာသားပါပြီး လျှို့ဝှက်ပါတယ် စင်ရော်။ နင်တို့ နှစ်ယောက် အဆင်ပြေစွာ ပေါင်းဖက်နိုင်ပါစေလို့ ဆုတောင်း

Scanned by CamScanner

ပေးပါတယ်။ အဆင်ပြေမယ်လို့လည်း မျှော်လင့်မိပါတယ်၊ နင်တို့ အဆင်ပြေမှာပါ"

ဝေးက အပြုံးတစ်ချက်နှင့် ခေါင်းဆတ် နှုတ်ဆက်ကာ ဆိုင်အတွင်းထဲသို့ လှမ်းဝင်လာတုန်းမှာပဲ စင်ရော်ရဲ့ မေးခွန်းသံက နောက်ပါးမှ ကပ်ငြိ၍ ပါလာခဲ့သည်။

"နင်က ဘာလို့ပြောနိုင်ရတာလဲ ဝေးဝေး"

"နင့်ကို ပဒုမ္မာက အင်မတန် ချစ်မြတ်နိုးနေလို့ပေါ့ စင်ရော်ရယ်"

ဝေးသည် ဒီစကားကို ပြောပြီးနောက် ပဒုမ္မာ့ကို မျက်စိတစ်ဖက် မှိတ်ပြကာ လက်မထောင်ပြလျက် ထွက်လာခဲ့လိုက်သည်။ ပဒုမ္မာ့ကို ဝေး အပြစ်မတင်ချင်တော့၊ မတင်ရက်တော့ချေ။ စင်ရော်ကို ငယ်စဉ်ကတည်းကမှ တိတ်တခိုး ကျိတ်စွဲလမ်းခဲ့ကာ ဆုံးရှုံးသွားဖူးသော နှလုံးသားများဖြင့် ဆက်ချစ်နေရှာမည့် ပဒုမ္မာရဲ့ အပြစ်ကို ဝေး တနာနားလည်ပေးနိုင်ချေပြီ။

ပြီးတော့ ချစ်သူကို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ အရပြန်ယူနိုင်သော စိတ်ဓာတ်ကိုလည်း ဝေးသည်

Scanned by CamScanner

လက်ဖျားတခါခါနှင့်ပင် ချီးကျူးရလေသည်။ အပြစ်များစွာတို့၏ တရားခံအဖြစ် ဝေးကို အသုံးချသွားခဲ့သော်လည်း ဒီအချိန်မှာ ဝေး သူမကို စိတ်မဆိုးရက်တော့။ စင်ရော်အနေနဲ့လည်း သူ့အပေါ်ကို အမှန်တကယ် ချစ်မြတ်နိုးသည့် မိန်းကလေးတစ်ယောက်နှင့် လက်တွဲသွားရမည်မှာ ကျေနပ်စရာပဲ ဖြစ်၏။

အားလုံးဟာ လူမှန် နေရာမှန် ဖြစ်သွားလျက် ကျေနပ်စရာ အကောင်းဆုံး အနေအထားသို့ ရောက်ခဲ့ကြပြီဖြစ်သည်။ ပဒုမ္မာက သူချစ်တဲ့သူကို အရပြန်ယူနိုင်သလို ဝေးကရော ချစ်ခဲ့ဖူးသူ ကောင်လေးကို ပြန်ရယူနိုင်စွမ်း မရှိဘူးလား။

ဝေးသည် အရသာရှိသည့် ဟင်းများကို တစ်ယောက်တည်း စားသုံးရင်းမှ ကန်တော်ကြီး ရေပြင်ကို လှမ်းမျှော်ကြည့်ရင်း သူ့အကြောင်းကို စတင် စဉ်းစားမိလျှင် ချက်ချင်းပင် ခံတွင်းပျက်သလိုကို ခံစားလာရသည်။

ဧ ...။

မင်း၊ ဘယ်ဆီမှာလဲ။

ကိုယ့်ကို ခွင့်လွှတ်နိုင်မလား။

Scanned by CamScanner

(ကိုယ်က မမုန်းတတ်ပါဘူး။ ကိုယ်က နာကြည်းမှာလေ)

(နာကြည်းတာက မုန်းတာထက် ပိုတာပေါ့။ မုန်းတာက အပေါ်ယံပဲ။ နာကြည်းတယ် ဆိုတာက ဟိုးအသွေးသားထဲက တစိမ့်စိမ့် နာကြည်းတာ။ နာကြည်းတာရဲ့ အဖော်တွေက အငြိုးတို့၊ လက်စားချေတာတို့ပေါ့)

ဝေးရဲ့ နားထဲတွင် သူ ပြောခဲ့သော စကားတွေက ပဲ့တင်ထပ်လျက် ပြန်လည်ကြားယောင်၍ လာခဲ့သည်။

(ကိုယ် မင်းကို မမုန်းချင်ဘူး ဝေး)

ဖရယ် ...။ ဝေးသည် စားလက်စ ဖွန်းခက်ရင်းကို ပင် ချထားပစ်တော့လျက် ကန်ရေပြင်ကို စိုက်ကြည့်ကာ မျက်ရည်တွေ ရစ်ဝဲ၍ လာရတော့သည်။ သူ့အပေါ်မှာ ဝေး အစွမ်းကုန် ရက်စက်ခဲ့သည်။ လုပ်ရက်ခဲ့သည်။

ချစ်သူကို ဥပေက္ခာပြုလျက် ဂုဏ်သိက္ခာအတွက် စွန့်လွှတ်ခဲ့သည်။ သို့သော် ဒီစွန့်လွှတ်မှုတွေကို စင်ရော်က အသိအမှတ် မပြုခဲ့။ ဒါဟာ ဝေးအတွက် ရသင့်သော ရလဒ်တစ်ခုပဲဖြစ်ပေမဲ့ ဝေးဟာ ချစ်သူထံမှာတော့ အယူခံ ဝင်ချင်သေးသည်။

Scanned by CamScanner

သူ လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ သူ့ကိုတော့ တောင်းပန်သင့်သည်ဟု ထင်သည်။ ကိုယ့်ကိုယ်ကိုယ်လည်လှပြီထင်တဲ့ မိန်းမတစ်ယောက်ရဲ့ ရယ်စရာ အဖြစ်အပျက်တွေကို မင်း ဝမ်းသာအားရနဲ့ လှောင်ပြောင်နေမယ် ဆိုရင်ကိုကိုယ် ကျေနပ်ပါပြီ ဇ ...။

ကျိန်စာသင့်တဲ့ အနမ်းတွေကို ဖယ်ရှားခဲ့ပြီး နှလုံးသားအစစ်နဲ့ အသစ်နဲ့ ပြန်လည်ချစ်ခွင့်ကို ပေးပါ။

အချစ်မှာ မြစ်ဖျားခံတဲ့ အနမ်းမြစ်ကြီးရဲ့ တမံကို မင်းနှလုံးသားမှာ ဆောက်ခွင့်ပေးပါ။

အနမ်းဆက်တိုင်း အချစ်တွေနဲ့သာ ခမ်းနားစေရပါ့မယ် ချစ်သူရယ်။

❦ ❋ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။

Scanned by CamScanner



ဝေးသည် သင်းပျံ့ထုံမွှေးနေသော ရင်ခွင်ထဲမှ နှင်းဆီပန်းစည်းကြီးကို တစ်ချက် ငုံ့မွှေးကာ တစ်ကိုယ်တည်း ကျေကျေနပ်နပ် ပြုံးမိလေသည်။ သူ့အခန်းရှေ့မှာ ရောက်နေတာ ဖြစ်ပေမဲ့ ဘဲလ်ကိုတော့ တော်တော်နှင့် မနှိပ်မိသေးချေ။ အခုမှ ရည်းစားထားတတ်ခါစ အပျိုဖြန်းလေး တစ်ယောက်လို ရင်တခုန်ခုန် စိတ်လှုပ်လှုပ်ရှားရှားဖြင့် နှလုံးသားတွေ ယိမ်းထိုးလှုပ်ရှားနေသည်။

Scanned by CamScanner

"Hi ! မမဝေး"

နောက်ပါးမှ ခေါ်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်မိလျှင် သူ့ရဲ့အစန်းဖော် ဘော်ဒါလေး အာနိုးကို တွေ့လိုက်ရသည်။

"အာနိုးပါလား"

"How goes the world with you ?"

ILBC ကျောင်းသားလေး အာနိုးသည် ဝေးကို မင်းနဲ့အတူ ကမ္ဘာကြီးမှာ ဘာတွေ ဖြစ်ကုန်ပြီလဲဟု ခပ်နောက်နောက် နှုတ်ဆက်သဖြင့် ဝေးမှာ ပြုံးသွားရသေးသည်။ အင်း ... ဒီလိုကလေးတွေနဲ့ အပေါင်းအသင်းလုပ်လို့ သူလည်း နပျိုတက်ကြွနေတာနဲ့ တူပါရဲ့။

"ကမ္ဘာကြီးလည်း လည်ပတ်လျက်ပါ။ ကိုယ်လည်း ပျော်ရွှင်လျက်ပါ။ အာနိုး ကျောင်းက ပြန်လာပြီပေါ့"

"ဟုတ်ကဲ့ ... မမဝေး ကိုလေးဆီ လာတာလား"

"အင်းပေါ့"

အာနိုးက ဝေးကို အံ့သြသလို မော်ကြည့်လျက် ...

Scanned by CamScanner

"ဟင် ... ကိုလေးဇကော ဒီမှာ မရှိတော့ဘူးလေ၊ မမဝေး မသိဘူးလား"

ဝေးရဲ့ လက်ထဲမှ ပန်းစည်းသည် လွတ်ကျမလို ဖြစ်လျက် အလျင်အမြန်ပင် ထိန်းသိမ်းထားလိုက်ရသည်။

"ဘယ် ... ဘယ်ကို ရောက်သွားတာလဲ"

"လွန်ခဲ့တဲ့ နှစ်ပတ် ဖရိုက်ဒေးကပဲ ထွက်သွားတာ မမဝေး ရဲ့။ သားကိုတော့ နှုတ်ဆက်သွားသေးတယ်။ သူ တောင်ကြီး ကို ပြန်မယ်တဲ့"

"အပြီးပြန်မယ်တဲ့လား"

"သား မေးတော့လည်း မဖြေဘူး။ မသိပါဘူး။ ဒါပေမဲ့ ကိုလေးဇကို ကြည့်ရတာ တော်တော် ဝမ်းနည်းနေပုံရ တယ် ...

မမဝေးနဲ့ ကွန်တက် မရှိဘူးလား။ သားကတော့ မမဝေးကို နှုတ်ဆက်ပြီးပြီလားလို့ မေးတော့ နှုတ်ဆက် ပြီးတာ ကြာလှပြီတဲ့ ...

သားက မမဝေး သိနေတာယ်ပဲ ထင်တာ"

Scanned by CamScanner

ဝေးသည် ကလေးတစ်ယောက်ရှေ့မှာ မျက်ရည်မကျမိအောင် အတန်တန်ထိန်းလျက် ခံစားချက်တွေကို ကြိတ်မှိတ်မျိုသိပ်ထားရ၏။ ဒီလိုနည်းနဲ့တော့ မင်း ကိုယ့်ကို မနာကြည်းသင့်ပါဘူး ဇရယ် ...။

"Thanks you အာနီး။ မမ ပြန်တော့မယ်နော်"

"ကိုလေးနဲ့ ဖုန်းပြောဖြစ်ရင် ပြောပေးဦး။ ရန်ကုန် ပြန်လာခဲ့တဲ့လို့"

ဝေးသည် စကားပြန်ပြောဖို့ပင် အင်အားမဲ့စွာဖြင့် သူ နေခဲ့သော၊ သူနဲ့ ဝေးတို့ရဲ့ သမုဒယအနမ်းတွေ အယုအယတွေ ရှင်သန်ပေါက်ဖွားခဲ့သော အခန်းလေးကို သံယောဇဉ်မကုန်စွာဖြင့် တစ်ချက် လှမ်းကြည့်မိသည်။

ပြီးလျှင် ကားထဲ ပြန်ရောက်ခိုက်မှာကိုပဲ ရှိုက်ကြီးတငင် ငိုယိုမိလေသည်။ ဝေး မျှော်လင့်ထားခဲ့တာက သူ့ရဲ့အမုန်းပဲ ဖြစ်ဖြစ်၊ ဒေါသထွက်နေတဲ့ စကားလုံးတွေပဲဖြစ်ဖြစ် ဝေးကို အငြိုးတကြီး တုံ့ပြန်သော လက်စားချေမှုတွေကိုပဲဖြစ်ဖြစ် ကျေနပ်စွာ ခံယူဖို့သာပဲ ဖြစ်၏။

Scanned by CamScanner

သို့သော် သူ ပေးခဲ့တာက အဲဒီထက်ပို၍ ပြင်းထန်သော၊ ဝေးအတွက် ခံနိုင်ရည် လုံးဝမရှိသော ဥပေက္ခာတရားသာလျှင် ဖြစ်လေသည်။ ဘယ်သူတွေပဲဖြစ်ဖြစ် ချစ်သူရဲ့ ဥပေက္ခာတရားကို ခံနိုင်ရည်မရှိဘူးဟု ဝေးကတော့ သိမြင်သွားချေပြီ။

သူ့ဆီက အမုန်းကိုသာ ဝေး ခံယူလိုသည်။ ဥပေက္ခာကိုတော့ ဝေး မလိုချင်တော့ပေ။ သို့သော် ဘယ်လိုမှ ဖြေရှင်းတောင်းပန်ဖို့ အခွင့်မရအောင်ပင် နှုတ်မဆက်တမ်း ချန်ရစ်သွားခဲ့သူကို ဝေး ဘယ်လို လိုက်ရှာရတော့ပါ့မလဲ။

ဇ ... ဟုသော ခေါ်သံသည် ဝေး ရင်တွင်းမှာသာ အကြိမ်ကြိမ် ပေါက်ကွဲထွက်သွားလျက် ပြင်ပကမ္ဘာသို့တော့ ရောက်မလာခဲ့တော့ပေ။ နှင်းဆီပွင့်တွေပေါ်သို့ မျက်ရည်တွေကြွေကျရင်း ချစ်သူရဲ့ဥပေက္ခာဒဏ်ကို ဝေး ဆိုသော အမိုက်မတစ်ယောက်မှာ ရင်ကွဲပက်လက်နှင့် ခံစားနေခဲ့ရပါသည်။

Scanned by CamScanner



အဝေးကြီး ဝေးသွားခဲ့ပြီးမှ

အဆွေးကြီး ဆွေးသွားခဲ့ရတဲ့

ချစ်သူတစ်ယောက်အကြောင်း

မင်း စဉ်းစားနေမိလား ...။

လှမ်းကြည့်လို့ မတွေ့မမြင်နိုင်

တွေးကြည့်တော့မှ သိနိုင်တဲ့

Scanned by CamScanner

ရေမြေခြားတဲ့ တစ်နေရာစီမှာ

တို့နှစ်ယောက် ခြေစုံရပ်နေမိကြတယ် ...။

ခေတ်သစ်ဘဒ္ဒါလို နှလုံးသားမျိုးနဲ့

အမုန်းတွေကို မီးတိုက်

ရင်ခွင်ကို ပြာကျစေခဲ့ပေမဲ့လည်း

တစ်ဖန်ရှင်သန်ထမြောက်ဦးတော့မဲ့ အချစ်တွေနဲ့

ဘဝဆက်တိုင်း ...

အနမ်းဆက်တိုင်း ...

အချစ်တို့နှင့်သာ ပျော်ရစ်စေ ...။

Scanned by CamScanner



အချိန်ကာလတစ်ခုထိတိုင်အောင် သူရဲ့သတင်းကို ဖေး မကြားသိခဲ့ရတော့ချေ။ သူနေခဲ့သော အခန်းလေးဟာ အမြဲတမ်း တံခါးပိတ်လျက်သား။ ထို့အတူ သူ့ရဲ့အလုပ်ဟု သိရသော Snacks စက်ရုံဟာလည်း အပြီးတိုင် လွှဲထားပြီးဖြစ်သော ရှယ်ယာဝင်တစ်ယောက်နှင့်သာတဲ့။ ပိုင်ရှင်အမည်မှာလည်း ဒေါ်ခမ်းလင်းမွန်ဟုသော သူ့ရဲ့အစ်မကြီး အမည်သာ ဖြစ်သည်။

Scanned by CamScanner

သူ့ကို ဘယ်လိုမှ ရှာမရတော့။ မိခင်ရဲ့ စိမ်းကားဥပေက္ခာပြုမှုကို ငယ်ရွယ်စဉ်တည်းက ခံစားလာရသော ချစ်သူဟာ ဒီအချိန်မှာ ဘယ်လိုနှလုံးသားမျိုးနဲ့ ဆက်လက်ရှင်သန်နေမှာပါလိမ့်။ ဝေးသည် အချိန်ရှိတိုင်း သူ့ကိုသာ သတိရ တမ်းတလို့နေ၏။ ဖြစ်သလို ညှပ်ထားသော ပုံပန်းမကျသည့် လက်သည်းများကို ကြည့်တိုင်း နှလုံးသားဆီမှ စူးနင့်အောင့်မျက်မှုနှင့် အတူ မျက်ရည်လည်လာရလေ့ ရှိတာလည်း အကြိမ်ကြိမ်။ ချစ်သူအတွက် ဝေးရဲ့ နှလုံးသားဟာ ပျော့ညံ့နေခဲ့ပြီ ဖြစ်သော်လည်း တခြားသူတွေအတွက်တော့ မာကျောဆဲပင်။

ဝေးသည် ထရိတ်ဒါးစ်မှာ ကျင်းပသော စင်ရော်နှင့် ပဒုမ္မာတို့၏ စေ့စပ်ပွဲသို့ အထူးဧည့်သည်တော် အဖြစ်နှင့်တောင် တက်ရောက်လိုက်သေးသည်။

ဝေးနှင့် စင်ရော် စေ့စပ်တုန်းက ဝေးရဲ့အိမ်မှာသာ အကျဉ်းရုံး စေ့စပ်ပြီး ကြော်ငြာခဲ့တာမို့ နှံ့နှံ့စပ်စပ် သိသူ မရှိလှ။ ဒီစေ့စပ်ပွဲကတော့ ဂုဏ်သရေရှိ လူကြီးမင်း တော်တော်များများနှင့် မင်္ဂလာဆောင် အကျဉ်းရုံးလောက်နီးနီး စည်ကားသိုက်မြိုက်ပါလေသည်။

Scanned by CamScanner

စင်ရော်ရဲ့အမေနှင့် တစ်ဝိုင်းတည်းထိုင်လျက် ရယ်ရယ်မောမော စကားတွေ ဆိုနေသော ဝေးကို လှမ်းလှမ်းကြည့်နေသော ပဒုမ္မာရဲ့ မျက်လုံးထဲမှ စိုးရိမ်မကင်းသည့် အရိပ်တွေကို တွေ့ရလျှင် ဝေး သက်ပြင်းတစ်ချက် ချမိသည်။

ဒီအခြေအနေ ရောက်မှတော့ ငါ့ရဲ့စိတ်ထားကို နင် သဘောပေါက်သင့်ပါပြီ ပဒုမ္မာ။

"ဟိုမှာ အန်တီ့မိတ်ဆွေတွေ ပြန်တော့မယ်နဲ့ တူတယ်"

"အေးကွယ် ... အန်တီ သွားနှုတ်ဆက်လိုက်ဦးမယ်နော်"

"သွား ... သွား အန်တီ။ ဟိုမှာ ပဒုမ္မာ လာနေပြီ"

နာမည်ကြီး ဒီဇိုင်နာ၏ ဆေးစပ်ဝတ်စုံဖြင့် လှပနေသော ပဒုမ္မာသည် ဝေးရဲ့ စားပွဲသို့ ချက်ချင်းလိုလိုပင် ရောက်လာခဲ့သည်။ ညနေခင်းပွဲ ဖြစ်သဖြင့် ဝေးကတော့ အနက်ရောင် ညနေခင်းဝတ်စုံဖြင့် ခြေထောက်ချိတ်ထိုင်ကာ အသာစောင့်ကြိုနေခဲ့လေသည်။

"ဝေးဝေး"

"ထိုင်လေ ပဒုမ္မာ။ အေးအေးဆေးဆေးပေါ့"

ဝေးက သွေးအေးငြိမ်သက်နေသလောက် ပဒုမ္မာက တော့ အခုထိ ဘဝင်မကျ၊ ကြောင့်ကြမှုတွေ စွန်းထင်းနေသော မျက်နှာထားနှင့် ဖြစ်သည်။ ငါ့ရဲ့ ခွင့်လွှတ်နိုင်စွမ်းကပဲ နင့်ကို ပိုခြောက်လှန့်နေခဲ့တယ် မဟုတ်လား ပဒုမ္မာရယ်။

"နင့်မှာ ဘာအကြံအစည်တွေ ရှိနေလဲ ဝေးဝေး။ ရှိရင် လည်း ပွင့်ပွင့်လင်းလင်း ပြောပါ။ ငါတတ်နိုင်တာ ဖြည့် စွမ်းပေးပါရစေ။ ဒါပေမဲ့ တည်ငြိမ်တော့မဲ့ ငါ့ဘဝကိုတော့ မနှောင့် ယှက်စေချင်ဘူး"

ဝေးသည် သူမစကားကို သဘောတကျနှင့် ရီးသား စွာ ရယ်မိတာ ဖြစ်ပါသည်။ သို့သော် ဝေးရဲ့ ရယ်သံကြောင့် ပဒုမ္မာရဲ့ မျက်နှာက ပို၍သွေးဆုတ်သွား၏။

"နင့်ကို ငါ ဘာနှောင့်ယှက်နေလို့လဲ။ ဒီပွဲကို စင်ရော် ဖိတ်လို့ ငါလာခဲ့တာ"

"အဲဒီလို လာတာကိုက နင် ... နင် ... ငါ့ကို တိုက်ခိုက် နေတာ"

"ဗုဒ္ဓေါ ...၊ အံ့ဩစရာကြီးပါလားဟယ်။ ဘာလဲ နင်က ဂျယ်လက်ဆီ ဖြစ်နေတာလား ပဒုမ္မာ"

Scanned by CamScanner

"ဟင့်အင်း ... အဲဒါကြောင့် မဟုတ်ဘူး၊ ငါ ... ငါ ..."

ကိုယ့်အပြစ်တွေနှင့်ကိုယ် Guilty ဖြစ်လျက် နောက်ကျောမလုံသော ဒဏ်ကို ခံစားနေရသော ပဒုမ္မာကို ဝေးက နားလည်မှုဖြင့် တစ်ချက် ပြုံးပြလိုက်သည်။ အဲဒီနောက် အနုမှ ပူပူနွေးနွေး ဝတ်ထားခါစဖြစ်သော စေ့စပ်လက်စွပ်လေးကို အသာလှမ်းတို့ထိလိုက်ကာ ...

"ဒီလက်စွပ်လေးကို စတင်ဝတ်ခွင့်ရတဲ့ အချိန်မှာ ငါ ထူးထူးခြားခြား မပျော်ခဲ့ပေမဲ့ ချွတ်ခွင့်ရတဲ့ အချိန်မှာတော့ ငါ အင်မတန် ပျော်ရွှင်ခဲ့ရတယ် ပဒုမ္မာ ...

နင် ငါ့အပေါ် ညစ်ခဲ့တာတွေ ရှိပေမဲ့ ငါ နင့်ကို ဘယ်လိုမှ သဘောမထားပါဘူး၊ ဒီစကားကိုတော့ နင် အသေအချာ ယုံပေးပါ ...

ဘာလို့လဲ ဆိုတော့ ဒီကမ္ဘာပေါ်မှာ အင်မတန် မြတ်နိုးစရာကောင်းတဲ့ အမျိုးသားလေးတစ်ဦးကို နင့်ကြောင့် ငါ ဆုံတွေ့ခွင့် ရခဲ့လို့ပဲ။ ငါ့ရဲ့ အချစ်တွေ ဘယ်သူ့ဆီမှာ ရှိမလဲ ဆိုတာကို လက်ညှိုးညွှန်ပြခဲ့တာ နင်ပါ ...

ငါ ဇကို အရမ်းချစ်တယ် ပဒုမ္မာ။ အဲဒီအတွက်ကြောင့် နင်နဲ့ စင်ရော်တို့ရဲ့ ဘဝတစ်လျှောက် ဘာပြဿနာမှ ဝင်မလာစေရဘူးလို့ အာမခံတယ်။ ကိုယ့်အတွက်လည်း အကျိုးမရှိ၊ သူများအတွက်လည်း အကျိုးမရှိတဲ့ကိစ္စမျိုး နောက်ထပ် ဘယ်တော့မှ မလုပ်တော့ဘူးလို့ ဒီနေရာမှာ အခိုင်အမာ ငါ ပြောခဲ့မယ်"

ဝေးသည် ရင်ထဲက စကားတချို့ကို ဖွင့်ဟပြောပြီး လျှင် ကျေနပ်စွာနှင့် ထိုင်ခုံမှထကာ ပဒုမ္မာ့ကို ကျောခိုင်းထွက်ခွာလိုက်သည်။ ဝေး ကျေနပ်သွားခဲ့ပြီ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဇကို ဘယ်လောက် ချစ်ခဲ့သည်ဆိုတာ တခြားသူတစ်ယောက် ယောက်ကို ရင်ဖွင့်ပြခွင့် ရခဲ့တာကိုပဲ ဝေး ကျေနပ်သွားချေပြီ။

ဇအပေါ်၌ ဝေးရဲ့ အချစ်စိတ်တွေ မည်မျှကြီးမားသလဲဆိုရင် ထိုအချစ်စိတ်ကြောင့်ပင် တခြားသူ တစ်ယောက်ကို ခွင့်လွှတ်ပေးနိုင်ခြင်း ဖြစ်လေသည်။

"ခဏလေး ဝေးဝေး။ ဇနဲ့ ငါဟာ ဘယ်တုန်းကမှ ရည်းစားမဖြစ်ခဲ့ပါဘူး။ သူငယ်ချင်း တစ်ယောက် မိတ်ဆက်

ပေးလို့ ခဏာတွဲခဲ့ကြတာပါ၊ သူက ငါ့ကို ဘယ်တုန်းကမှ အသည်းမခွဲခဲ့ပါဘူး"

ဝေးသည် ပဒုမ္မာ့ထံက နောက်ဆုံးလက်ကျန် အမှန်တရားကို အပြုံးတစ်ခုနှင့် ပွေ့ပိုက်ယူကာ သူမကိုလည်း အားပါးတရ ပြုံးပြလျက် နှုတ်ဆက်ထွက်လာခဲ့သည်။

ထရိုက်ဒါးစ်၏ အပြင်ဘက်မှ သဘာဝလေနုအေးသည် ဝေးကို အရိုင်းဆန်စွာပင် ဆီးကြိုပွေ့ဖက် နှုတ်ဆက်လေသည်။ မိုးရနံ့ ခပ်သဲ့သဲ့ ပါလာသော လေထုကို ရှူရှိုက်ရင်း သိပ်လှပသော တောင်ကြီးမြို့အကြောင်းကို ပြောပြတတ်သော အမျိုးသားတစ်ဦးကို အင်မတန် လွမ်းဆွတ်၍ လာခဲ့သည်။

ဟိုမှာ ဒီထက် လတ်ဆတ်သန့်ရှင်းတဲ့ လေတွေကို ရှူရှိုက်ရင်း လတ်ဆတ်သစ်လွင်တဲ့ နှလုံးသားတစ်ခု မွေးဖွားနေပြီလား ဓရေ။

မင်း ကိုယ့်ရင်ခွင်ကို ပြန်လာမဲ့တစ်နေ့ကို ကိုယ်ဆက်ဆက် စောင့်နေပါ့မယ်။

Scanned by CamScanner



တကယ်တမ်းမှာတော့ ဝေးဟာ သူ့ကို ဆက်ဆက် စောင့်နေဖို့ထက် ဆက်ဆက်လိုက်သွားဖို့သာ အကြောင်းဖန်လာ ခဲ့တာ ဖြစ်ပါသည်။ သတင်းစာထဲမှ နာရေးကြော်ငြာတစ်စုသည် ဝေးရဲ့ နှလုံးသားကို အကြီးအကျယ် အံ့ဩထိတ်လန့်စေခဲ့၏။

သူ့ရဲ့မိခင် ဆုံးပါးသွားခဲ့ပြီတဲ့။ ဘယ်လိုမှ မှားနိုင် စရာ အကြောင်းမရှိချေ။ သူ့အမေနာမည်၊ သူ့အစ်မနာမည်၊ သူ့

Scanned by CamScanner

နာမည် စတာတွေ အားလုံး ပါဝင်နေသော ဝေး မသိသည့် ကောင်ကြီးလိပ်စာ တစ်ခုသည် ဝေးရဲ့ နှလုံးသားတွေကို ယိမ်းထိုးလာအောင် ဆွဲဆောင်ယူနေသည်။

(အမေ ဘာတွေပဲ ဖြစ်နေ ဖြစ်နေ၊ အမေက ကိုယ့်အမေပဲလေ၊ ကိုယ်က အမေ့ကို သိပ်ချစ်တာ။ အင်း ... အမေကလည်း ကိုယ့်ကို ချစ်ပါတယ်။ ဒါနဲ့များ အမေ ဘာလို့ ရက်စက်သွားလဲ မသိဘူးနော် ...

ဒီကမ္ဘာကြီးမှာ ကိုယ်ဖြစ်ဖြစ် အမေဖြစ်ဖြစ် မသေခင်လေး တော့ အတူနေသွားဖူးချင်တယ်ကွာ)

ဝေးရဲ့ ပခုံးတွင် ခေါင်းမှီလျက် သူ ရင်ဖွင့်ခဲ့သော စကားများကို ချက်ချင်း ကြားယောင်မိလာသည်။ ဒီအချိန်မှာ သူ ဘယ်လောက်များ ကြေကွဲနေမလဲ ...။

ဇရယ် ...။ မှင်းရှိရာကို ကိုယ် လာခဲ့ပါ့မယ်။

ဝေးရဲ့ မိဘနှစ်ပါးကို ခွင့်ပန်လျှင် ဖေဖေက ဒီလောက်ဝေးသော ခရီးလမ်းကို ကားနှင့် တစ်ယောက်တည်း မလွှတ်ချေ။ နောက်ဆုံး အထပ်ထပ် ညှိနှိုင်းပြီးမှ ဝေးကို ဖလိုက်နှင့်ပဲ သွားဖို့ ခွင့်ပြုလိုက်လေသည်။ ရန်ကုန်မှ ဟဲဟိုးသို့ လေ

Scanned by CamScanner

ယာဉ်စီးမည်ဖြစ်ပြီး တောင်ကြီးရှိ ဝေး တည်းမည့် ဟိုတယ်မှ ကားက ဟဲဟိုးသို့ ဝေးကို လာကြိုမှာ ဖြစ်သည်။ ဖေဖေက ဖုန်းလေးနှင့် အားလုံး စီစဉ်ပေးပြီးလျှင် နေ့ခင်းထွက်တော့မည့် လေယာဉ်ပေါ်သို့ လိုက်ပါခွင့် ရသွားချေပြီ။

ဝေးသည် လေယာဉ်ပေါ်တွင် သူ့အကြောင်းတွေတွေးလျက် ရင်တွေလည်း တဖျပ်ဖျပ် ခုန်လာရသည်။ တစ်လက်စတည်းမှာပင် သူ ဝေးကိုမြင်လျှင် ဘယ်လိုဖြစ်သွားမလဲ ဆိုတာကိုလည်း အလွန်အမင်း သိချင်လှသည်။ သူ့ထံမှ ခွင့်လွှတ်ခြင်းကိုတော့ ဝေး မမျှော်လင့်တော့ပါ။ ဒီအချိန်မှာ ဝမ်းနည်းနာကျင်နေမည့် သူ့နှလုံးသားကို နှစ်သိမ့်ခွင့်ရလျှင်ပဲ ဝေး ကျေနပ်ပါမည်။

လေယာဉ်မယ်လေးက လေယာဉ်ဆင်းသက်တော့မည်ဟု ကြော်ငြာမှပင် ဟဲဟိုးသို့ ရောက်နေပါပြီလားဟု သတိပြုမိလိုက်သည်။ လေယာဉ်ပေါ်မှဆင်းလျှင် ဟဲဟိုးလေဆိပ်သည် သစ်လွင်အေးမြသော ရာသီဥတုဖြင့် ဝေးကိုနွေးထွေးစွာ ကြိုဆိုနေခဲ့သည်။

ဝေး စီးရမည့် ကားနံပါတ်ကို တွေ့လျှင် ဝေးအတွက် အားလုံး အဆင်ပြေသွားခဲ့ပြီ။ ဝေးအတွက် နာရီပိုင်းအတွင်း

ပြောင်းလဲသွားသော ရာသီဥတုနှင့် မြင်ကွင်းများသည် အံ့ဩစရာ ဖမ်းစားလျက်ရှိ၏။

ဒီလို ကဗျာဆန်လှတဲ့နေရာမှာ ချစ်တဲ့သူတစ်ယောက်နှင့် ပြန်တွေ့ရမှာတော့ ရင်တော့အခုန်သားပင်။

"ဒီမှာရှင့် ...၊ တောင်ကြီး အေးသာယာက (......)ရပ်ကွက်ကို သိပါသလားရှင်"

"ဪ ... ဟုတ်ကဲ့၊ သိပါတယ်ခင်ဗျ"

"ကျေးဇူးပြုပြီး ကျွန်မကို အဲဒီနေရာကို ပို့ပေးပါလား။ ပြီးမှ ကျွန်မ ဟိုတယ်ကို သွားပါ့မယ်၊ ဒါနဲ့ တောင်ကြီးက ဒေါ်ခမ်းလင်းမွန် ဆိုတာကို ကြားဖူးပါလားရှင်"

"ခမ်းလင်းမွန် ' ... အာ ... သိတာပေါ့။ ဦးကြာထွန်းရဲ့ သမီးပဲ။ သူတို့ဆီ သွားမှာလား"

ဝေးသည် ဖျတ်ခနဲ ဝမ်းသာသွားသော စိတ်ဖြင့် ခေါင်းတွေပင် ဘယ်နခါ ညိတ်မိမှန်း မသိချေ။

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန်မ အဲဒီအိမ်က နာရေးကို လာတာပါ"

Scanned by CamScanner

"ဟုတ်တယ်၊ ဒေါ်နုန်းသီတာ ဆုံးသွားပြီလေ။ အသုဘ တော့ ချပြီးပြီ၊ မနေ့ကပဲ သင်္ဂြိုဟ်တယ်"

"ဟုတ်ကဲ့၊ ကျွန်မ သိပါတယ်။ ဟို ... ကျွန်မ သိရသလောက် ဒေါ်နုန်းသီတာက တောင်ကြီးမှာ မနေတာ ကြာပြီနော်"

ထိုသူက ကားဘက်မှန်ထဲမှ ဝေးကို ပြုံးကြည့်လာရင်း ...

"တော်တော် သိတာပဲ၊ ဟုတ်တယ် ... ဒေါ်နုန်းသီတာက တောင်ကြီးမှာ မရှိတာ ကြာပြီ၊ နေမကောင်းဖြစ်ပြီး ပြန်ရောက်လာတာ။ သားအိမ်ကင်ဆာလို့ ပြောသံကြားတာပဲ။ သူ့သား အငယ်ကောင်လေးနဲ့အတူ နေသွားသေးတယ်လေ"

ဝေးရဲ့ ခြေဖျားလက်ဖျားတွေ ချက်ချင်း အေးစက်လာသည်မှာ ရာသီဥတုကြောင့်တော့ ဟုတ်ဟန်မတူပါ။

"စပ်ခွန်ဇ ! ... သူ့ကို ပြောတာလားဟင်"

"ဒါပေါ့၊ ဇကို ပြောတာပေါ့။ ကောင်လေးက အမေကို တော့ တော်တော်ချစ်ရှာတယ်။ ရန်ကုန်ကနေ ပြန်ရောက် လာပြီး ပြုစုရှာတယ်"

Scanned by CamScanner

ဝေးသည် သူ့အကြောင်းကို ကြားလျှင် ကြည်ကြည်နူးနူး ပြုံးမိလေသည်။ အဖိုးတန် လိမ္မာသော သားတစ်ယောက် အဖြစ် မင်းအမေလည်း ကျေနပ်သွားမှာပါ ဖရယ်။

"သူတို့အိမ်ကိုပဲ ကျွန်တော် မောင်းလိုက်မယ်နော်"

"ဟုတ်ကဲ့ပါရှင်၊ ကျေးဇူးပဲ"

ဝေးသည် တထိတ်ထိတ် ခုန်လာသောရင်ဖြင့် လတ်ဆတ်ချွဲ အသေးစားလေး၏ လက်ကိုင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီးတော့ တိတ်တခိုး ဆုတောင်းနေမိသည်မှာ သူနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံတွေ့ရဖို့ ဖြစ်၏။

"ဒါ သူတို့ခြံပဲ။ ဟွန်းတီးလိုက်ရမလား"

"နေပါစေ၊ ကျွန်မ ဝင်သွားပါ့မယ်။ အပြင်ကပဲ စောင့်ပေးပါနော်"

သူတို့ခြံသည် ဘာအသံမှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်လို့ နေသည်။ အခိုင်အမာ ကာရံထားသော အုတ်တံတိုင်းကြီးဟာ ခြံထဲကို လှမ်း၍ မမြင်ရပါ။ ဝေးဟာ လူဝင်တံခါးပေါက်လေးကို အသာတွန်းဖွင့်လျက် ခြံထဲသို့ အသာလျှောက်လှမ်းဝင်လာခဲ့လိုက်သည်။

ဒီတော့မှ ကွန်ကရစ်လမ်းအတိုင်း အပေါ်ကို ကွေ့ဝိုက်တက်သွားကာ ဟိုးထိပ်နားမှာ ပော်နန်းသဏ္ဍာန် ဆောက်လုပ်ထားသော ရှေးကျကျနှင့်ကို ခေတ်မီလှပသည့် အဆောက်အအုံအဖြူကြီးကို လှမ်းတွေ့ မြင်ရတာ ဖြစ်လေသည်။ ညနေစောင်းစောင်းလေးမှာ သစ်ပင်ပန်းမန် အစုံအလင်ဖြင့် ဤမျှ အေးချမ်းသာယာသော နေရာမျိုး ဝေး တစ်ခါမှ မရောက်ဘူးခဲ့ချေ။

ထိုစဉ်မှာပဲ ...

ကုန်းမို့မို့လေးမှ ခပ်ဖြည်းဖြည်းခြင်း ဆင်းလာသော လူတစ်ယောက်။ ဆွယ်တာအပြာနှင့်အဖြူ အရောအစပ်ကို Blue Sky ရောင်ဂျင်းဘောင်းဘီနှင့် လည်ပင်းမှာမာဖလာပတ်၍ ဆင်းလာသူသည် ဝေးရဲ့ ချစ်စွာသော နှလုံးသားလေး ဇပဲ ဖြစ်လေသည်။

ကုန်းပေါ်မှ ခပ်ဖြည်းဖြည်း ဆင်းလာသူနှင့် ကုန်းပေါ်ကို ခပ်ဖြည်းဖြည်း တက်လာသူတို့သည် လမ်းခုလတ် တစ်နေရာတွင် ဆုံသည်။ ဝေးကို ကြည့်သော သူ့အကြည့်များထဲတွင် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ မယုံကြည်နိုင်ခြင်း စသော အရိပ်တွေအပြင် ဝေး နားမလည်သော အရိပ်အယောင်တချို့ပါ ကပ်ငြိပါလျက် ရှိနေ၏။

မတွေ့ရတာ ကြာပြီဖြစ်သော ဝေး ချစ်သူသည် မြင်နေကျပုံစံမျိုးထက် ရင့်ကျက်တည်ငြိမ်သွားသော ယောက်ျား တစ်ယောက် အသွင်သို့ လုံးဝပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။ ကကယ်တမ်း သွေးအေး တည်ငြိမ်ပါသည် ဆိုသော ဝေးဟာ သူ့ကို မြင်ရလျှင် ဘာစကားမှ မပြောနိုင်တော့။ စကားလုံးတွေ ပျောက်ဆုံးလျက် သူ့မျက်နှာကိုသာ လွမ်းဆွတ်တမ်းတစွာ ငေးမော နေမိတာ ဖြစ်လေသည်။

"မင်း ဘာအတွက် ရောက်လာတာလဲ ဝေးဝေး"

ဘုရားရေ ...။ မျှော်လင့်ထားပေမဲ့လည်း ဤမျှ လောက်ကြီးတော့ စိမ်းကား ပြတ်တောက်လိမ့်မည်တော့ မထင် ပါ။

ကိုယ် မင်းကို မေးမချင်လွန်းလို့၊ နှစ်သိမ့်ချင်လွန်း လို့ အဝေးကြီးကနေ တစ်ယောက်တည်း လာခဲ့ရတာပါ ဇရယ်။ သူ့အမေးကို ရင်အောင့်သွားသော ဝေးဟာ တော်တော်နှင့် ပြန် မပြေနိုင်ဘဲ အတန်တန် အားတင်းပြီးမှသာလျှင် ...

"ကိုယ် မင်းအမေအတွက် စိတ်မကောင်းပါဘူး ဇ၊ အဲ ... အဲဒီအတွက် ကိုယ် လာနှစ်သိမ့်တာပါ"

Scanned by CamScanner

"ဟုတ်လား၊ အဲဒါအတွက် လာတာဆိုရင်တော့ မင်းကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ နှစ်သိမ့်ပေးဖို့ မလိုအပ်တော့ပါဘူး ဝေးဝေး ...

မင်းရဲ့ အတုအယောင် အကြင်နာတွေကိုလည်း ကိုယ် လန့်ပါတယ်"

"မခနဲ့ပါနဲ့ ဇရယ်။ မင်းအတွက်ရော မင်းအမေအတွက်ရောပါ၊ ကိုယ် တကယ်ဝမ်းနည်းရပါတယ်၊ မင်းနဲ့ထပ်တူပဲ ကြေကွဲရပါတယ် ...

ပြီးတော့ မင်းကို ကိုယ် တောင်းပန်ချင်တာတွေကြောင့်လည်း ဒီနေရာအထိ အရောက်လာခဲ့တာပါ"

သူ့ရဲ့ လှောင်ပြောင် ရယ်မောသံသည် ဝေး ရင်ကို ဓားတုံးတုံးဖြင့် ကြိတ်လှီးနေသလို ခံရခက်ကာ နာကျင်စေပါသည်။ သို့သော် ဝေးက အပြစ်ရှိထားတဲ့သူ ဖြစ်၏။ ပြီးတော့ သူဟာ ဝေး အင်မတန်ချစ်ရသောသူ ဖြစ်၏။ ဒီအတွက် သူ ဘာပြောပြော ဝေး လက်ခံရမှာပဲ ဖြစ်လေသည်။

"မင်းရဲ့ လုပ်ရပ်တွေက ခွင့်လွှတ်စရာ ကောင်းလို့လား ဝေးဝေးရဲ့"

Scanned by CamScanner

"ကိုယ် မင်းကို ခွင့်လွှတ်ပါလို့ မတောင်းဆိုပါဘူး ဇ။ မင်းအနေနဲ့ ကိုယ့်ကို ခွင့်လည်း မလွှတ်သင့်ပါဘူး။ ဒါပေမဲ့ ကိုယ့်မှာ တောင်းပန်ရမဲ့ တာဝန်ရှိတယ် ...

လူဆိုတာ ကိုယ့်အမှားကိုယ် တာဝန်ယူသင့်တယ်။ မှားတာကို မှားကြောင်း ဝန်ခံသင့်တယ်လို့ မြင်တယ်။ ဒါကြောင့် ကိုယ့်အမှားတွေကို မင်းဆီမှာ ဝန်ချတောင်းပန်နေတာပါ"

"မင်း စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းတာကို ကိုယ်တွေ့ရတယ်၊ အဲဒါဟာ ကိုယ်နဲ့ဆိုင်လား"

ဝေးသည် အင်မတန် ရက်စက်ပြတ်တောင်းသော သူ့ရဲ့စကားတွေကို မျက်ရည်ဝဲလာသော်လည်း အံကို တင်းတင်းကြိတ်ပြီးနောက် ခေါင်းကို ခါယမ်းလိုက်သည်။

"မဆိုင်ပါဘူး ဇ။ မင်းနဲ့ ဘာမှ မသက်ဆိုင်ပါဘူး"

"မင်းအတွက် စိတ်မကောင်းပါဘူး ဝေးဝေး။ မိုးစင်ကျော်လို ယောက်ျားမျိုးနဲ့ လွဲသွားရတဲ့ အတွက်ပေါ့"

သူသည် အငြိုးတကြီးဖြင့် ဝေးကို တစ်ချက်ပြီးတစ်ချ

Scanned by CamScanner

ထိုးနှက်လျက် ရှိသော်လည်း ဝေးဟာ အပြုံးမပျက်ဘဲ ခံယူပါသည်။ ဒီလောက်ဆိုလျှင် သူ ဝေး အပေါ်၌ ဘယ်လိုသဘောထားသည် ဆိုတာကို သဘောပေါက်ချေပြီ။

သူ့နှလုံးသား ထွက်ပေါက်ရဖို့အတွက် ဝေးရဲ့နှလုံးသားတို့ဖြင့် လမ်းခင်းပေးဖို့ရာ အဆင်သင့်ပဲ ဖြစ်၏။

"မင်း ပြောချင်တာတွေ ပြောဖို့၊ ကိုယ့်ကို အငြိုးတကြီးတုံ့ပြန်မှုတွေကို လက်ခံဖို့ ဒီနေရာကို ရောက်လာခဲ့တာပါ ဗေ ...။ မင်း ကြိုက်သလို ပြောနိုင်ပါတယ် ...

ကိုယ့်ကိုမြင်လို့ စိတ်အနှောင့်အယှက် ဖြစ်ရတယ်ဆိုရင်လည်း အထူးတောင်းပန်ပါတယ်။ ကိုယ် မနက်ဖြန်ပဲ ပြန်တော့မှာပါ"

သူ့မျက်နှာက မာကျောစွာနှင့် နှုတ်ဆိတ်သွားချိန်ဝယ် ဝေးသည် ကျလုလု မျက်ရည်တွေကို ပုတ်ခတ်လျက် ချာခနဲပင် ကျောခိုင်းကာ လှည့်ထွက်လာခဲ့တော့လေသည်။ သူ့ထံက ဘယ်လိုပဲ အေးစက်ဥပေက္ခာပြုမှုတွေကိုပဲရရ ဒီနေ့ တစ်နေ့အတွက် ဝေးသည် နှောင်နှစ်များစွာအတိ ကျေနပ်သွားမည် ဖြစ်သည်။

Scanned by CamScanner

သူ့မျက်နှာလေးကို နောက်ဆုံး မြင်တွေ့ခွင့်ရမဲ့သော ညနေခင်းလေးကို ဝေး ဘဝတွင် ဘယ်တော့မှ မေ့ရမည် မဟုတ်တော့။

မင်း ပျော်ရွှင်ပါစေ ဇရယ် ...။

တစ်လှမ်း ...

နှစ်လှမ်း ... ...

သုံး ... လေး ... ငါး လှမ်း ...။

ခပ်ဖြည်းဖြည်း ပြန်ဆင်းလာသော ဝေးဟာ တဖြည်းဖြည်းနှင့် ခြံတံခါးနားသို့ ရောက်လာခဲ့ပြီ။ ဝေးရဲ့ မျက်ဝန်းမှ မျက်ရည်တွေသည်လည်း အတားဆီးမဲ့စွာ စီးကျလာနေပြီ ဖြစ်လေသည်။ ဒီအချိန်မှာ ဝေးရဲ့ ဆန္ဒတစ်ခုကတော့ ဟိုတယ်ရှိ အိပ်ခန်းထဲမှာ တစ်ယောက်တည်း သည်းသည်းထန်ထန် ငိုကြွေးချင်တာပဲ ဖြစ်လေသည်။ ခြံတံခါးကို တွန်းဖွင့်ရန် လက်လှမ်းစဉ်မှာပဲ ...

"ဝေး"

ဝေး လှည့်ကြည့်လိုက်လျှင် မျက်ရည်စတွေ ဝဲခနဲ လွင့်ဖြာသွားရသည်။ သူက မာဖလာလွင့်သွားအောင်ပင် ဝေးထံသို့ ပြေးလာခဲ့တာ ဖြစ်သည်။ အို ... သူ ဘာပြောဦးမလို့ပါလိမ့်။

"ဝေး"

ဝေးကို ကြည့်နေသော သူ့အကြည့်များထဲတွင် ဝေး တစ်ခါမှ မမြင်ဘူးသော အကြင်နာရိပ်တွေ ပါဝင်သည်။ တလက်လက် တောက်ပနေသော ထိုမျက်ဝန်းများသည် အေးစက်နေသော ဝေးရဲ့ နှလုံးသားကို ခပ်မြန်မြန်ပင် ပူနွေးလာစေခဲ့ပါသည်။

"မင်း ဘယ်သွားမလို့လဲ"

"ကိုယ် ပြန်တော့မယ် ဇ ...။ မင်းကို ကိုယ် နှုတ်ဆက်ခဲ့ပါတယ်"

"ဒီနေရာအထိ ရောက်လာပြီးတော့မှ မင်းကို ကိုယ်ပြန်လွှတ်လိမ့်မယ်လို့ ထင်လို့လား"

"ဇ"

ဝေးက သူ့နာမည်ကို ရေရွတ်မိလျှင် သူက ဝေးရဲ့ လည်တိုင်၌ သူ့မာဖလာလေးကို အသာရစ်ပတ်ပေးလိုက်လေသည်။ စပို့ရှပ်လက်ရှည် အနက်ရောင် တစ်ထည်သာ ဝတ်ထားသော ဝေး အတွက် ထိုမာဖလာလေးသည် သူ့ အကြင်နာများဖြင့် ချက်ချင်းကို နွေးထွေးသွားစေ၏။

Scanned by CamScanner

"မင်းကို ကိုယ် အရမ်းမုန်းပစ်တယ်။ အရမ်း နာကြည်းပစ်တယ်။ ဒါပေမဲ့ ဒါတွေဟာ အခု မင်းမျက်နှာကို တွေ့ရတဲ့အခိုက်မှာ အားလုံး ပျောက်ကွယ်ကုန်တယ် ...

အဲဒီတော့ ကိုယ် ဘယ်လိုလုပ်ရမလဲ။ မင်းကို နာကြည်းအောင် ကိုယ် ဘယ်လိုလုပ်ရမလဲ။ ဖြေပါ ဝေး"

ဝေးသည် သူ့အမေးကို ဖြေဖို့ထက် သူ့လည်ပင်းကို သိုင်းဖက်ကာ သူ့နားထင်နောက်နားမှာ မျက်နှာအပ်လျက် ဝမ်းနည်းစွာပင် မျက်ရည်ကျမိလေသည်။

"မင်းကို ကိုယ် အရမ်းချစ်ပါတယ် ဇရယ်။ ကိုယ့်မှာ ဒီစကားကလွဲရင် တခြားပြောစရာ မရှိတော့ပါဘူး"

သူက ဝေး မျက်နှာကို သေချာစွာကြည့်ကာ ...

"သေချာလား ဝေး၊ ဒီစကားဟာ သေချာလို့လား"

"ကိုယ် ဘယ်လို သက်သေပြရမလဲ"

"ကိုယ့်ကို လက်ထပ်လိုက်လေ"

ဝေးသည် ရုတ်တရက် နှုတ်ဆိတ်နေသဖြင့် သူက လှစ်ခနဲပြုံးကာ ...

Scanned by CamScanner

"လက်ထပ်ပြီးရင် မင်းကို ကိုယ် ပိုင်ပိုင်နိုင်နိုင်ကြီး လက်စားချေလို့ ရသွားပြီပေါ့။ မဟုတ်ဘူးလား"

"ရပါတယ် ဇ ...။ As you like "

ဒီစကားကြောင့် သူက ဝေးရဲ့ပါးကို ခပ်ကြမ်းကြမ်းပင် ရုတ်တရက် နမ်းပစ်လိုက်လေသည်။ ဝေးသည် ကိုယ့်ပါးကိုယ် ကိုင်လျက် အံ့အားသင့်နေစဉ်မှာပဲ သူက ဝေးကို သူ့ရင်ခွင်ထဲသို့ သိမ်းထည့်ထားလိုက်တာ ဖြစ်သည်။

"အချစ်နဲ့အတူ ဒွန်တွဲပါလာတတ်တဲ့ အရာတစ်ခုက ခွင့်လွှတ်ခြင်းပဲ မိန်းကလေးရဲ့။ ကိုယ် မင်းကို ဘယ်လောက်ချစ်တယ် ဆိုတာ ခွင့်လွှတ်ခြင်းနဲ့ သက်သေပြပါ့မယ် ...

မင်းကို ကိုယ် ဘယ်တုန်းကမှ မမုန်းခဲ့ဘူး။ မနာကြည်းခဲ့ဘူး ဝေးရယ်။ မင်း ပြန်လာမဲ့ တစ်နေ့ကိုပဲ မျှော်နေခဲ့တာပါ"

ဝေးသည် ဒီစကားလေးကို ကြွေလွန်းလှစွာနှင့် သူ့ မေးဖျားလေးကို အသာနမ်းရှိုက်မိလေသည်။ သူက ပြုံးနေရင်းမှ ...

Scanned by CamScanner

"မင်းဘောက်ဒါ ပဒုမ္မဆိုတာ ကိုယ့်ရည်းစား မဟုတ်ဘူး ဝေးရဲ့။ မင်းတို့ ကြားမှာ ကိုယ်မသိတဲ့ အကန့်တစ်ခုခု တော့ ရှိရမယ်"

သူ့စကားကိုဝေးက ခေါင်းညိတ်ပြမိသည်။

"သူက ကိုယ် လုံးဝှင့်မလွှတ်သင့်တဲ့ မိန်းကလေး တစ်ယောက်ပါ။ ဒါပေမဲ့ ကိုယ် သူ့ကို ကျေကျေနပ်နပ်ကြီး ခွင့်လွှတ်ခဲ့တယ်။ ဒါ ဘာလို့လဲ သိလား"

သူက ချစ်စရာကောင်းအောင်ကိုပင် နှုတ်ခမ်းစေ့လျက် ခေါင်းခါယမ်းပြသည်။

"ဒီကမ္ဘာပေါ်မှာ ကိုယ် သိပ်ချစ်ရမဲ့ အမျိုးသားလေးတစ်ယောက်ကို သူ့ကြောင့် တွေ့ရှိခဲ့ရသလိုပေါ့ကွယ် ...

မင်းဟာ ကိုယ့်အတွက် အဖိုးမဖြတ်နိုင်တဲ့ အချစ်တစ်ခုပါ"

ဝေးသည် ဒီစကားကို ပြောပြီးလျှင် ပြီးပြည့်စုံခြင်းတစ်မျိုးဖြင့် ရင်ထဲ၌ ကျေနပ်သွားလျက် သူ့ရင်ခွင်ထဲမှာ စိတ်ချလက်ချပင် မျက်ဝန်းများကို မှေးမှိတ်ထားလိုက်တော့လေသည်။

သိပ်မကြာခင်မှာပဲ အားစက်နေသော ဝေးရဲ့ နှုတ်ခမ်းလေးများထံ နွေးထွေးမှုတစ်ရာ ကျရောက်လို့ လာခဲ့သည်။ အပြင်မှာ ဘယ်လောက်ပဲ အေးချမ်းနေပါစေ ဝေးတို့ နှစ်ယောက်ရဲ့ နှုတ်ခမ်းလေးတွေကတော့ နွေးထွေးဆဲ ...။

အနမ်းဆက်တိုင်းဟာ ကြင်နာနွေးထွေးဆဲပင် ဖြစ်လေသည်။

[illegible]

[illegible]

August. 5th 2006.

Saturday. 9:00 (P:M)

sm

Scanned by CamScanner